# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၇)


# ယခုအချိန်မျိုးတွင် ကယားပြည်နယ်အတွက် နံပါတ်တစ်ဦးစားပေးသည် ငြိမ်းချမ်းရေးပင်ဖြစ်နေ

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာမှာ တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရေးသည် အရေးကြီး

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က(၆၆) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ကျရောက်တဲ့ (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက် မိပါတယ်။ ယနေ့ချိန်ခါဟာ ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ ကျက်သရေမင်္ဂလာ အပေါင်းနဲ့ပြည့်စုံတဲ့ **ကယားပြည်နယ်နေ့** ဖြစ်ပါတယ်။ သည်နေ့ထူးနေ့မြတ်မှာ ကယားပြည်နယ်အတွင်းနဲ့ နိုင်ငံတစ်ဝန်းလုံးမှာ ပျံ့နှံ့နေထိုင်လျက်ရှိတဲ့ ကယားတိုင်းရင်းသားများနဲ့တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ပြည်နယ်နှင့်တိုင်းများ ဖွဲ့စည်းတည်ထောင်ရာ မှာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (၁) အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ(၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂) ပုဒ်မ ၈ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ **‘ကရင်နီပြည်နယ်’** ဆိုသည့် စကားရပ်ပါရှိသည့်နေရာတိုင်း ထိုစကားရပ်အစား **‘ကယားပြည်နယ်’** ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်လို့ ပြဋ္ဌာန်းခဲ့ရာ ကရင်နီပြည်နယ်မှ ကယားပြည်နယ်သို့ ပြောင်းလဲခေါ်တွင်ခဲ့ပါတယ်။ ပထမဦးဆုံးသော **‘ကယားပြည်နယ်နေ့’** အခမ်းအနားကို ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး မုခ်ဦးဖွင့်ပွဲ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်



ဒုတိယသမ္မတဦးမြင့်ဆွေ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ချီးမြှင့်စဉ်။ သတင်းစဉ်

**နန်းယွန်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပရေး မုခ်ဦးဖွင့်ပွဲအခမ်းအနားနှင့် တိုင်းခမ်းချောင်း အသေးစားရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ကိုယ်ရေးအကျဉ်း

မစ္စတာ ထောင်လွန်းဆီဆုလစ်ကို ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၆၂ ခုနှစ်တွင် ဟုန်ဖန်းပြည်နယ် ပီဒါဂိုဂီကောလိပ်တွင် တက်ရောက်သင်ကြားခဲ့ပါသည်။ ထို့နောက် စိန့်ပီတာစဘတ်မြို့ ဂါဇန် ပီဒါဂိုဂီတက္ကသိုလ်မှ ဘာသာစကားနှင့် စာပေဆိုင်ရာမဟာဘွဲ့ကို လည်းကောင်း၊ မော်စကိုမြို့ လူမှုရေးသိပ္ပံအကယ်ဒမီမှ နိုင်ငံတကာဆက်ဆံရေး သမိုင်းဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို လည်းကောင်း ရရှိခဲ့ ပါသည်။

မစ္စတာ ထောင်လွန်းဆီဆုလစ်သည် ၁၉၆၇ ခုနှစ်တွင် ဟုန်ဖန်းပြည်နယ်၊

*စာမျက်နှာ ၄ ကော်လံ ၄* ✻




# မြို့ပြများ သာယာစည်ပင် တိုးတက်ရေး...

မြို့ပြများ ကြီးထွားလာသည်နှင့်အမျှ မြို့ပြပြဿနာများက ယှဉ်တွဲပါလာမြဲဖြစ်သည်။ ထို့ကြောင့် မြို့သူမြို့သားများ၏ အခက်အခဲ အကျပ်အတည်းများကို ပြေလည်စေရေးအလို့ငှာ နယ်ပယ်စုံမှ ပညာရှင်များက မြို့ပြစီမံကိန်းများကို ကြိုတင်စဉ်းစား ပြင်ဆင်ရေးဆွဲကြရသည်။

အမှန်တော့ မြို့များကြီးထွားတိုးတက်လာသည်ဆိုခြင်းက ဖြစ်ရိုးဖြစ်စဉ်သဘာဝပဲ ဖြစ်ပါသည်။ မြို့ပြဆိုသည်က အလုပ်အကိုင် အခွင့်အလမ်းတို့က ပိုသာသည်။ ခေတ်မီအဆင့်မြင့်သော ပညာရပ်များကို ပိုမိုလွယ်ကူစွာ ရယူနိုင်သည့် ပတ်ဝန်းကျင်ရှိသည်။ ကျန်းမာရေး အစောင့်အရှောက်ဆိုလျှင်လည်း မြင့်မားသည့် အထောက်အပံ့ အထောက်အကူများ ပိုရှိသည်။

ပျော်ရွှင်စရာ အပန်းဖြေစရာများကလည်း အမြောက်အမြား။ ပြီးတော့ လူတစ်ဦးချင်း၏ ဘဝများတိုးတက်မြင့်မားလာဖို့အတွက် လမ်းကြောင်းများက ပို၍ပွင့်လန်းနေသည်ဟု ထင်ရသည်။

သည်တော့ မြို့နေလူဦးရေ၏ မွေးဖွားမှုတိုးနှုန်းထက် အဆများစွာ ပိုနိုင်သော ပြောင်းရွှေ့လာသူတို့က ဝင်လာမစဲတသဲသဲ။ ထိုအခါ ယင်းတိုးပွားများပြားလာသော လူဦးရေနှင့်အပြိုင် ပြဿနာတို့ကလည်း နင်လားငါလား တိုးနေမည်သာ။

သည်လို မြို့လူဦးရေတိုးပွားများပြားသည်နှင့်အမျှ ကြီးထွားလာမည်ဖြစ်သော မြို့က စနစ်တကျဖွံ့ဖြိုးတိုးတက်ဖို့လိုလာသည်။ ဇရိုဇရဲနှင့် ဖြစ်ချင်သလို ကြီးထွားလာသည်နှင့် တစ်ပြိုင်နက် မြို့ပြပြဿနာတို့က အရှိန်အဟုန်နှင့် တိုးတော့မည်။

ကားလမ်းပိတ်ဆို့မှုများက အပြိုင်အဆိုင်ဖြစ်လာမည်။ တစ်နေရာနှင့် တစ်နေရာ ကူးလူးသွားလာနေရသည့်အချိန်က အလုပ်လုပ်ရသော အချိန်၊ အနားယူရသောအချိန်ထက် ပိုများလာတော့မည်။

မြို့ပြများရှိ လူမှုရေးမညီမျှမှုများ ဆင်းရဲချမ်းသာကွာဟမှုများက အလွန်အမင်း ကွာခြားလာမည်။ ရန်ကုန်မြို့မှာပင် သည်လိုဆင်းရဲချမ်းသာ ကွာဟမှုကလာသည့် ပူလောင်မှုတို့က အရှိန်ညီးညီးဖြစ်နေသည်ကို စတင်တွေ့မြင်လာရပြီ။

သည်လိုနှင့် မြို့ပြလူမှုပြဿနာများက ဆင့်ကဲဆင့်ကဲ ပေါ်များလာ၏။ အဆင်မပြေသူတို့က ငွေရလွယ်သည့်လမ်းကိုလိုက်ဖို့ အဆင်သင့် ဖြစ်လာသည်။ ငွေရလွယ်သည့်လမ်းကို ခင်းပေးနေသည့် ပတ်ဝန်းကျင်ကလည်း ရှိနေတတ်၏။ အထူးသဖြင့် တက်လမ်းရှာဖွေရင်း ချမ်းသာမှုကို ငံ့လင့်ရင်း လူငယ်အမျိုးသား အမျိုးသမီးလေးများက သည်လမ်းကြောင်းပေါ်သို့ မသိမသာရော၊ သိသိသာသာရော ရောက်လာကြသည်။

တတ်နိုင်သူတို့က အပျော်အပါးနောက်ကို နည်းမျိုးစုံနှင့်လိုက်ကြရင်း၊ ချို့တဲ့သူတို့က ထွက်ပေါက်ရှာကြရင်း၊ အရက်သေစာ မူးယစ်ဆေးဝါးတို့ဖြင့် ငယ်ရွယ်စဉ်မှာပဲ ယဉ်ပါးလာကြ၏။

သည်လိုနှင့် ဥပဒေနှင့် မလွတ်ကင်းသည်များ လုပ်မိလာသည်။ ဒါကို ဥပဒေဘက်တော်သားများက ထိထိရောက်ရောက် မှန်မှန်ကန်ကန် မကိုင်တွယ်နိုင်သည့်အခါ ဥပဒေမစိုးမိုးသည့် မြို့ကြီးများ နိုင်ငံကြီးများအဖြစ်သို့ ရောက်လာ၏။ ချမ်းသာသူတို့က အခွန်ရှောင်တိမ်းရင်း၊ ပြိုင်ဘက်ကို အနိုင်တိုက်ရင်း ဥပဒေမလွတ်ကင်းမှု ကြီးကြီးမားမားများကို စနစ်တကျ ကျူးလွန်လာသူများရှိလာသလို၊ ချို့ငဲ့သူများထဲကလည်း အချောင်ရပေါက်ရလမ်းကို ဥပဒေပြင်ပမှာရှာဖွေသူများ ပေါ်လာကြ၏။ သည်လိုဖြင့် ရာဇဝတ်မှုများ ထူပြောလာသည်။ ဒုစရိုက်မှုဆိုသည်များက အလွယ်တကူကိစ္စ ဖြစ်လာ၏။

မြို့ကြီးပြကြီးများနေသူများမှာ ဥပဒေစိုးမိုးမှုမရှိသည်နှင့်အမျှ အိမ်တွင်းမှာနေရင်းလည်း မလုံခြုံ၊ လမ်းလျှောက်နေရင်းလည်းမလုံခြုံ၊ အိပ်နေရင်းလည်း စိတ်မဖြောင့်၊ စားနေရင်လည်း ပူပန်စရာများနှင့် ဖြစ်လာတော့သည်။ လူမလုံခြုံ စိတ်မလုံခြုံဘဝ။

မြို့က စနစ်တကျမကြီးထွား၊ တာဝန်ရှိသူတို့က မြို့သူမြို့သားတို့၏ ပြဿနာနှင့် မပြေလည်သည့်ဘဝများကို စနစ်တကျ ချဉ်းကပ်မဖြေရှင်းနိုင်သည့်အခါ အသက်ရှူရတာမဝ။ သူခိုးလည်းကြောက်ရ၊ လူဆိုးလည်းကြောက်ရ ဖြစ်လာသည်။ အထူးသဖြင့်တော့ သာမန်လူများ၏ ဘဝများက မွန်းကျပ်မှု၊ ဖိစီးလေးလံမှု အပြည့်နှင့် မှောင်မှောင်မိုက်မိုက် တွင်းနက်ကြီးထဲမှာ ခေတ်ဆီမီးခိုးနံ့ရှူနေရသူများ ဖြစ်နေသည်။

မြို့ပြစီမံအုပ်ချုပ်နေသူများ၏ အဓိကတာဝန်မှာ မြို့သူမြို့သားများ ကျန်းမာပျော်ရွှင်စွာ ဘဝနေထိုင်မှုနှင့် အသက်ရှင်သန် အလုပ်လုပ်နိုင်ကြရေးကို ဦးစားပေးရမှာဖြစ်၏။ စီမံကိန်းတိုင်းသည် အများစုသော သာမန်မြို့သူမြို့သားများ၏ ဘဝများကို ရှေ့တန်းကထား စဉ်းစားပြင်ဆင်ထားရန် လိုပါမည်။ မြို့ပြစီမံအုပ်ချုပ်ရေး တာဝန်ရှိသူများသည် မြို့သူမြို့သားများ၏ ဘဝများကို အစစတာဝန်ယူရ၏။ မြို့တစ်မြို့ သန့်ရှင်းကာ ကျန်းမာရေးနှင့် ညီညွတ်သည့် ဝန်းကျင်နှင့် အာဝါသကို ဖန်တီးတည်ဆောက်ပေးရသည်။ မြို့ပြလှပတင့်တယ်မှုဆိုသည်ကိုလည်း နားလည်ရန်လိုအပ်၏။ ကျက်သရေရှိပြီး မြို့သားတို့ ဂုဏ်ယူရလောက်သည့် မြို့ကြီးအဖြစ် စီမံဖန်တီးရ၏။

ထို့ကြောင့်ပင် ဒီမိုကရေစီနိုင်ငံကြီးများတွင် မြို့တော်စည်ပင်သာယာရေး လူကြီးများနှင့် မြို့တော်ဝန်ဆိုသူများသည် မြို့လူထုက ရွေးချယ်တင်မြှောက်သူများသာ ဖြစ်ရသည်။ ပြည်သူ့ကိုယ်စားလှယ်များကသာ သည်လိုတာဝန်မျိုး ယူနိုင်ပြီး တာဝန်ယူမှုမလုံလောက်ဟု မြို့လူထုက ထင်မြင်လာသည်နှင့် တာဝန်က နုတ်ထွက်ပေးရသည်သာဖြစ်၏။ ဒါက မြို့ပြများအတွက် အခြေခံစည်းမျဉ်းပါပင်။

မြို့ပြစီမံကိန်းရေးဆွဲသူ ပညာရှင်များကလည်း မြို့သူမြို့သားများ၏ စိတ်ပိုင်းရုပ်ပိုင်းသာယာမှု၊ မြို့လူထု၏ မိသားစုဘဝများနှင့် ၎င်းတို့၏ တန်ဖိုးထားမှုများကို အဓိကထား အာရုံစိုက်ရေးဆွဲရခြင်းဖြစ်၏။ ကျန်းမာသန့်ရှင်းသော မြို့တစ်မြို့၊ နေချင့်စဖွယ်မြို့တစ်မြို့၊ လှပတင့်တယ်သော မြို့တစ်မြို့အဖြစ် ရည်စူးရေးဆွဲရခြင်း ဖြစ်ပါသည်။

ထို့ပြင်တစ်ဝ မြို့စီမံကိန်းတိုင်းသည် မြို့လူထု၏ဘဝကို မည်သို့ အကျိုးသက်ရောက်မှုရှိမည်ဆိုတာကိုလည်း မြို့လူထုကို အသိပေးနေရန် လိုအပ်ပါမည်။ မြို့စီမံကိန်းတိုင်းသည် မြို့လူထုသိရှိနားလည်ကာ ပါဝင်ပတ်သက်မှုရှိပြီး မြို့လူထု၏ ပူးပေါင်းမှုအင်အားဖြင့်သာ နေချင့်စဖွယ် မြို့ကြီးများ တည်ဆောက်နိုင်ကြမည် ဖြစ်ပါကြောင်း။ ။

## ရှေးဟောင်းသမိုင်းဝင် ဘားဘူတောင်စေတီတော်၏ အရန်စေတီတော်နှင့်မြေထိန်းနံရံ တည်ဆောက်လျက်ရှိ



**မြောက်ဦး ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို UNESCO ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ရောက်နိုင်စေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ မြောက်ဦးမြို့တောင်ရပ် ရပ်ကွက်အတွင်းရှိ စည်ကားတောင်နှင့် မင်းထွက်ဆည်ရေတံခါးအနီး၌ ရှေးရခိုင်ဘုရင်မင်းဆက် ဘုရင်တစ်ပါးဖြစ်သော မင်းဘာဘုရင် တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ဘားဘူတောင်စေတီတော်မြတ်ကြီး၏ ပြိုကျနေသော အရံစေတီတော်ကို ပြန်လည်မွမ်းမံ တည်ဆောက်ခြင်းနှင့် ဘားဘူတောင် မြေထိန်းနံရံကာရံခြင်းလုပ်ငန်းကို ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ပြိုကျနေသောစေတီတော်ကို ရခိုင်အနုပညာဗိသုကာ လက်ရာများအတိုင်း ပြန်လည်တည်ဆောက်ရန်အတွက် စေတီတော်ပေါ်တွင် ပေါက်ရောက်နေသော ညောင်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်၏ ဘေးတွင်ရှိသော မူလအုတ်ချပ်များကို ပြန်လည်အစားထိုး ဖြည့်တင်းခြင်းတို့ဖြင့် ဘားဘူတောင်စေတီတော်၏ အရံစေတီတော်ကို ရှေးခေတ်လက်ရာအတိုင်း တည်ဆောက်ပြုပြင်လျက်ရှိသည်။

ထို့အပြင် ဘားဘူတောင် စေတီတော်မြတ်ကြီးတည်ရှိရာ တောင်မြေများ ပြိုကျပျက်စီးမှု မရှိစေရေးအတွက် ဘားဘူတောင်စေတီတော်၏ တောင်ခြေပတ်လည်တွင် ကျောက်စီမြေထိန်းနံရံကိုလည်း ကာရံတည်ဆောက်လျက်ရှိသည်။ အဆိုပါ ဘားဘူတောင်စေတီတော်မြတ်ကြီး၏ အရံစေတီတော်နှင့် မြေထိန်းနံရံကာရံခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ် ရခိုင်ပြည်နယ်အစိုးရ၏ ဒေသန္တရခွင့်ပြုရန်ပုံငွေဖြင့် မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးကြပ်လမ်းညွှန်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဟားခါးတွင် မြို့ကွက်သစ်ဖော်ဆောင်ရေး ဧက ၁၀၀ စီမံကိန်းဆောင်ရွက်လျက်ရှိ



**ဟားခါး ဇန်နဝါရီ ၁၄**

ချင်းပြည်နယ် ဟားခါးမြို့၌ မြို့ကွက်သစ်ဖော်ဆောင်ရေး ဧက ၁၀၀ စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဇန်နဝါရီ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

စီမံကိန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၂ | ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ | ・၁ |
| ထိုင်း | တစ်ဘတ် | ၄၁ | ・၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ・၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၆ | ・၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

■ *ရှေ့ဖုံးမှ*

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၉ နာရီတွင် နန်းယွန်းမြို့ ရော့ကော့ရပ်ကွက်ရှိ ၂၀၁၈ ခုနှစ် နာဂ ရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပမည့် ရိုးရာ ကွင်းသို့ ရောက်ရှိပြီး ၂၀၁၈ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပ ရေးမုခ်ဦးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ဖဲကြိုးဖြတ်၍ ဖွင့်လှစ်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဖုန်းမြတ်၊ နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း နှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို) နာယက ဦးရှုစံကြူးတို့က ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ တိုင်းခမ်းချောင်းအသေးစား ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။ သတင်းစဉ်

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ သည် ဒေသခံများနှင့်အတူ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် တံခွန်တိုင်ကို စိုက်ထူ ကြပြီး ရိုးရာပန်အဆောက်အအုံရှေ့တွင် ဆုတောင်းတိုင်များ စိုက်ထူကြကာ ရိုးရာ ပန်တုံးကိုတီးခတ်ကြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် နာဂ ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပမည့် ကွင်းအတွင်း ဖွင့်လှစ်ပြသထားသည့် နာဂရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည် ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် တိုင်းခမ်းချောင်း အသေးစားရေအား လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ Myanmar Hydo Power Development Co., Ltd မှ Managing Director ဦးနေမျိုးဝင်းက စီမံကိန်းဆိုင်ရာအချက် အလက်များနှင့် စီမံကိန်းဆောင်ရွက်ပြီး စီးမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ် ဒေါက်တာမြင့်နိုင်က တိုင်းခမ်းချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်ဓာတ်အားအသုံးပြု**

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူ ဦးကျော်မောင်က နန်းယွန်းမြို့နေ ပြည်သူများ လျှပ်စစ်ဓာတ်အား လုံ လောက်စွာ အသုံးပြုနေရသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တိုင်းခမ်းချောင်း အသေးစား ရေအားလျှပ်စစ်စက်ရုံ၏ ရေလွှဲဆည်၊ ရေယူအဆောက်အအုံ၊ သဲနုန်းစစ်ကန်၊ ရေသွယ်မြောင်း၊ ရေထိန်း ကန်၊ ရေပိုလွှဲနှင့် ဖိအားမြှင့်သံမဏိ ပိုက်လိုင်းတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် တိုင်းခမ်းချောင်း အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းနှင့် တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်းယွန်းမြို့ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုင်းခမ်း ချောင်း အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာ ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒုတိယ သမ္မတ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန် ရှိသူများက အမွှေးနံ့သာရည်များပက် ဖျန်းပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား ပေးစက်ရုံကို စတင်လည်ပတ်မောင်းနှင် ပေးပြီး စက်ရုံအတွင်းရှိ စက်များ တပ်ဆင်မောင်းနှင်နေမှု အခြေအနေများ ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တိုင်းခမ်းချောင်းအသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက် ရုံကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရန်ပုံငွေဖြင့် နန်းယွန်းမြို့၏ တောင် ဘက် သုံးမိုင်အကွာရှိ တိုင်းခမ်းချောင်း တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ စက် တပ်ဆင်ထားရှိမှုမှာ Francis Turbine အမျိုးအစား ၅၀၀ ကီလိုဝပ် နှစ်လုံးဖြစ်ပြီး စုစုပေါင်း ၁၀၀၀ ကီလိုဝပ် ထုတ်လွှတ်နိုင် မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ် ယာဉ်များဖြင့် ပန်ဆောင်မြို့သို့ ရောက် ရှိပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာသည်။

**အားပေးစကားပြော**

ထို့နောက် ပန်ဆောင်မြို့ ပြည်သူ့ ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူ လျက်ရှိသည့် လူနာများကို အားပေး စကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ် ယာဉ်များဖြင့် နန်းယွန်းမြို့သို့ ပြန်လည် ရောက်ရှိပြီး နန်းယွန်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စုပေါင်းရုံး

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ စက်များတပ်ဆင်မောင်းနှင်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပန်ဆောင်မြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် လူနာတစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်းယွန်းမြို့ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ မြို့နယ်များမှ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

# “ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံး၊ လက်နက်ကိုင်အဖွဲ့များအားလုံးက နိုင်ငံတော်အစိုးရ ဦးဆောင်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင် ဆောင်ရွက်လာတာနဲ့အမျှ အခွင့်အလမ်းသစ်တွေလည်း တိုးတက်ရရှိလာကာ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို အလျင်အမြန် ရရှိခံစားကြရမှာဖြစ်”

◆ ရှေ့ဖုံးမှ
စတင်ကျင်းပခဲ့ပြီး ယခုနှစ်ဆိုလျှင် (၆၆) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကယားပြည်နယ်မှာ ကယားလူမျိုးစုဝင် (၉) မျိုးနဲ့အတူ အခြားသောတိုင်းရင်းသားများလည်း ရှေးပဝေသဏီကပင် ချစ်ခင်ရင်းနှီးစွာနေထိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယတွေကြောင့် ပဋိပက္ခများ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ပြီး ရလဒ်အဖြစ် မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်အားဖြင့် အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်မျှော်လင့်တောင့်တခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

**အလျင်အမြန်ရရှိခံစားကြရမှာဖြစ်**

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံး၊ လက်နက်ကိုင်အဖွဲ့များအားလုံးက နိုင်ငံတော်အစိုးရ ဦးဆောင်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင် ဆောင်ရွက်လာတာနဲ့အမျှ အခွင့်အလမ်းသစ်တွေလည်း တိုးတက်ရရှိလာကာ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို အလျင်အမြန် ရရှိခံစားကြရမှာ ဖြစ်ပါတယ်။

**ခရီးသွားလုပ်ငန်းမြှင့်တင်**

ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဟာ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာမှာ အဓိကကျတဲ့ စက်ရုံများအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့ပါတယ်။ အလားတူ ကယားပြည်နယ်ဟာ သဘာဝတောတောင်၊ လျှိုမြောင်၊ ဘီလူးချောင်းအပါအဝင် ချောင်းမြောင်း ရေတံခွန်စိမ့်စမ်းများ၊ ဆည်တမံများနဲ့ သာယာလှပပြီး နှပျိုလတ်ဆတ်တဲ့ သဘာဝပတ်ဝန်းကျင်တွေရှိနေတာကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမြှင့်တင်ပေးနိုင်ရန် အလားအလာ အလွန်ကောင်းတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။

**နံပါတ်တစ် ဦးစားပေး**

ဒါ့အပြင် သံလွင်မြစ်ကူးတံတား (ဖားဆောင်း)ကို တည်ဆောက်ပေးခဲ့ပြီး အစိုးရသစ်ကာလမှာ မယ်စဲ့မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နဲ့လည်း ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ကာ ပြည်တွင်း / ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်အားပေးခြင်း၊ လက်ခံတွေ့ဆုံခြင်းတွေ ဆောင်ရွက်လျက်ရှိတဲ့အတွက် ပြည်နယ်သူ၊ ပြည်နယ်သားများအတွက် အလုပ်အကိုင်အခွင့် အလမ်းတွေတိုးတက်လာရုံသာမက အခြားသောကဏ္ဍများအတွက်လည်း အခွင့်အလမ်းကောင်းများစွာ ရှိနေတာကြောင့် ပြည်နယ်တစ်ခုလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ တာစူနေသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီလို အချိန်အခါမျိုးမှာ ကယားပြည်နယ်အတွက် နံပါတ်တစ် ဦးစားပေးဟာ ငြိမ်းချမ်းရေးပင်ဖြစ်နေကြောင်း တွေ့ရှိနိုင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ငြိမ်းချမ်းသာယာပြီး သွေးစည်းညီညွတ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာမှာ တိုင်းရင်းသားအားလုံး စိတ်တူကိုယ်တူနဲ့ တန်းတူရည်တူ ပါဝင်လှုပ်ရှားလှုပ်နိုင်ရေးဟာ အထူးပင်အရေးကြီးလှပါတယ်။

**ဝိုင်းဝန်းပူးပေါင်း**

မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင် ပြည့်ပြည့်ဝဝနဲ့ အတူတကွ လက်တွဲလျှောက်လှမ်းနေတဲ့ အရှိန်အဟုန်ကို ပိုမိုမြှင့်တင်နိုင်စေရေးအတွက် ကယားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးရေးတို့မှာ စုစည်းညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့၊ သာယာလှပတဲ့ အနာဂတ်ကယားပြည်နယ်ကြီး ဖြစ်တည်လာစေရေး ကြိုးပမ်းတည်ဆောက်သွားကြဖို့နဲ့ ရရှိဖြစ်ထွန်းနေတဲ့ စည်းလုံးညီညွတ်မှု အခြေခံကောင်းများနဲ့ အတူ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးနဲ့အတူ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*
အစည်းအဝေးခန်းမ၌ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာ ဗဟိုယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များမှ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**အလေးထားဆောင်ရွက်**

တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုနှင့် ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသငါးခုရှိပါကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသည် သဘာဝအရင်းအမြစ်များစွာရှိသဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိစွာ အသုံးပြုစေလိုပါကြောင်း၊ နာဂလူမျိုးများ၏ သမိုင်းကြောင်းကို လေ့လာရာတွင် မျိုးနွယ်စုကြီး လေးစုနှင့် မျိုးနွယ်စုငယ် ၁၀၀ ကျော်ရှိသည်ကို သိရှိရပါကြောင်း၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်စေရန် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နာဂဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြစေလိုပါကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရန်လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နာဂဒေသဖွံ့ဖြိုးတိုးတက်လာခြင်းသည် နာဂဒေသ၏ တည်ငြိမ်အေးချမ်းမှုကို ပြသနေခြင်းဖြစ်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖွံ့ဖြိုးမှုကွာခြားချက် နည်းနိုင်သမျှနည်းစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယသမ္မတ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယသမ္မတဦးမြင့်ဆွေသည် နန်းယွန်းမြို့ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇိန္ဒ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

✻ ရှေ့ဖုံးမှ
လာအိုအမျိုးသား မျိုးချစ်တပ်ဦး (Lao National Patriotic Front) ၏ ပညာရေးဌာနတွင် အဆင့်မြင့်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ရှိ လာအိုအမျိုးသား မျိုးချစ်တပ်ဦး ကိုယ်စားလှယ်ရုံး၏ အဆင့်မြင့်အရာရှိအဖြစ် လည်းကောင်း၊ ဗီယင်ကျန်း တက္ကသိုလ်၌ ပါမောက္ခအဖြစ် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ပဆက်ဆံရေးဌာနခွဲ၏ ညွှန်ကြားရေးမှူးနှင့် ပညာရေးဝန်ကြီး၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဝန်ကြီးချုပ်ရုံး၊ ပြည်သူ့သုတေသနဌာန ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**ခန့်အပ်ခြင်းခံခဲ့**

မစ္စတာ ထောင်လွန်းဆီဆုလစ်သည် ၁၉၈၇ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ လာအိုနိုင်ငံအမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးရာကော်မတီ၏ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးချုပ်၊ ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ လာအို အမျိုးသားစွမ်းအင်ကော်မတီဥက္ကဋ္ဌ၊ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်၏ အဖွဲ့ဝင်အဖြစ် လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် မစ္စတာ ထောင်လွန်းဆီဆုလစ် သည် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။

**ဝန်ကြီးချုပ်ဖြစ်လာ**

မစ္စတာ ထောင်လွန်းဆီဆုလစ်သည် ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာခဲ့ပါသည်။

မစ္စတာ ထောင်လွန်းဆီဆုလစ် သည် မစ္စ နယ်လီ ဆီဆုလစ်နှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့ပါသည်။



## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မစ္စစ် နယ်လီဆီဆုလစ်၏ ကိုယ်ရေးအကျဉ်း

**ဝိဇ္ဇာဘွဲ့ရရှိ**

မစ္စစ် နယ်လီ ဆီဆုလစ် ကို ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် လာအိုနိုင်ငံ၊ ရှန်းခုန်ဒေသ၌ မွေးဖွားခဲ့ပါသည်။ မစ္စစ် နယ်လီ ဆီဆုလစ်သည် လာအိုနိုင်ငံ၊ ပီဒါဂိုဂီ တက္ကသိုလ်မှ ဘာသာစကားနှင့် စာပေဆိုင်ရာ ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပါသည်။

**တာဝန်ထမ်းဆောင်ခဲ့**

မစ္စစ် နယ်လီ ဆီဆုလစ် သည် ၁၉၇၅ ခုနှစ် မတိုင်မီအထိ ပီဒါဂိုဂီကောလိပ်၌ ဆရာမအဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဗီယင်ကျန်းမြို့ ပီဒါဂိုဂီတက္ကသိုလ်၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဆရာအတတ်သင်ဌာနနှင့် လာအိုအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုတို့၌ အဆင့်မြင့်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မစ္စစ် နယ်လီ ဆီဆုလစ်သည် လာအိုနိုင်ငံအကြီးအကဲဇနီးများအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အဆင့်မြင့် အမျိုးသမီးအရာရှိအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

# တောင်ကုတ်မြို့နယ် ကျေးလက်အိမ်ရာ တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် ဇန်နဝါရီ ၁၄**

တောင်ကုတ်မြို့နယ် ဘူးရွှေမော်ကျေးရွာရှိ ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကိုင်းရှည်ကျေးရွာရှိ ကျေးလက်အိမ်ရာများကို သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှကြည်၊ တောင်ကုတ်မြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့်ဝန်ထမ်းများ ဇန်နဝါရီ ၉ ရက်က သွားရောက်စစ်ဆေးပြီး ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းအချိန်မီပြီးစီးနိုင်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးကောင်းမွန်အောင် သုံးစွဲနိုင်ရေးတို့အတွက် ပြောကြားသည်။

ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မြစိမ်းရောင်ကျေးရွာများဖြစ်သော ပေါက်ပြင်၊ တရဘ၊ ကျောက်မောင်နှမကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုတို့ကိုလည်း သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ချယ်ရီပန်းပင် စိုက်ပျိုးပေးစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ချယ်ရီပန်းပင် စိုက်ပျိုးပေးစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဂျပန်-မြန်မာ လွှတ်တော်များ ချစ်ကြည်ရေးအသင်းဥက္កဋ္ဌတို့ ချယ်ရီပန်းပင် စိုက်ပျိုးပေးစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး ချယ်ရီပန်းပင်စိုက်ပျိုး ပေးစဉ်။ သတင်းစဉ်

❖ ကျောဖုံးမှ

Horizon Lake View Resort Hotel ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဂျပန်နိုင်ငံမှ ဂျပန်-မြန်မာလွှတ်တော်များ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. ICHIRO AISAWA၊ အတွင်းရေးမှူး Mr. HIROMICHI WATANABE နှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ညစာစားပွဲသို့ တက်ရောက်လာသော ဧည့်သည်တော်များအား ဂျပန်ရိုးရာအနုပညာ Sho Dou ရေးဆွဲပြသခြင်း၊ ချယ်ရီသံတမန်ဖြစ်သူ Mr. Koori Kanta က ဂျပန်ကျေးလက်သီချင်းဖြင့် ဧည့်ခံ ဖျော်ဖြေခြင်းများ ဆောင်ရွက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာရိုးရာယဉ်ကျေးမှု အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**တက်ရောက်**

မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ် စိုက်ပျိုးသည့် ဒုတိယအကြိမ် ချယ်ရီပန်းပင်စိုက်ပျိုးရေးပွဲတော် (Second Sakura Festival Myanmar) ကို ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁)၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျပန်နိုင်ငံမှ ဂျပန်-မြန်မာလွှတ်တော်များ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. ICHIRO AISAWA ၊ အတွင်းရေးမှူး Mr.HIROMICHI WATANABE ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် မိမိလေ့လာသိရှိထားသမျှ ချယ်ရီပန်းသည် ဂျပန်နိုင်ငံ၏ သင်္ကေတဖြစ်ပြီး ဂျပန်နိုင်ငံအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သင်းပျံ့မွှေးကြိုင်နေသည့် ပန်းတစ်မျိုးဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် ချယ်ရီပန်းပွင့်သည့်လ ရာသီဆိုလျှင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားပြည်သူများ သန်းနှင့်ချီပြီး လာရောက်ကြသည်ကို ဆုတောင်းပါကြောင်း၊ ထို့အပြင် မြန်မာနှင့်ဂျပန် ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေဟုလည်း ဆန္ဒပြုပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေဟု အလေးအနက် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မြန်မာပြည်သူ ပြည်သားများသည်လည်း စီးပွားရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းလုပ်ဆောင်လာကြမည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များအတွက် (Emerging Destination) ပေါ်ထွန်းစ ခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန် အဘက်ဘက်က ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ ဒုတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင် စိုက်ပျိုးရေးပွဲတော်ကို ကျင်းပ၍ မြန်မာနိုင်ငံသည် အေးချမ်း





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဂျပန်-မြန်မာချစ်ကြည်ရေး ပါလီမန်ဥက္ကဋ္ဌ ဒုတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပန်းပင်စိုက်ပျိုးရေးပွဲတော်အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

လည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းအောင်မြင်ရေးအတွက် မြန်မာနိုင်ငံကို အထောက်အပံ့ပြုပေးသည့်အတွက် အလေးအနက် တန်ဖိုးထားပါကြောင်း၊ ချယ်ရီပန်းသည် ဂျပန်နိုင်ငံသူ နိုင်ငံသားများ၏ အသည်းနှလုံးဆိုသည့်အတွက် မိမိတို့ ဂုဏ်ယူလျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသူ နိုင်ငံသားများ၏ အသည်းနှလုံးဖြစ်သည့် ချယ်ရီပန်းကို မိမိတို့ နိုင်ငံ၏ မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ရှင်သန်ပေါက်ဖွားအောင် ကူညီထောက်ပံ့ပေးသည့်အတွက်လည်း များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း။

**ဆန္ဒပြု**

ယင်းမှာ မည့်သည့်အရာကို ပြသသည်ဆိုလျှင် ဂျပန်နိုင်ငံသူ နိုင်ငံသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ နှလုံးသားချင်း ထိစပ်မှုရှိသည်ကို ဖော်ညွှန်းခြင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ချယ်ရီပန်းများ ပွင့်ပြီး ပွင့်သောပန်းတိုင်းလှပါစေဟု ပန်းကို အင်မတန်ချစ်တတ်သည့် လူမျိုးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရာသီအလိုက်၊ နေရာဒေသအလိုက် ပွင့်ဖူးသည့် ပန်းမျိုးစုံ ရှိပါကြောင်း၊ ချယ်ရီပန်းပင်များလည်း ရှိပါကြောင်း၊ မြန်မာ့ချယ်ရီပင်များသည် အေးမြစွတ်စိုသော တောင်ပေါ်ဒေသကို ကြိုက်နှစ်သက်သည်ဟု သိရပါကြောင်း၊ ခေတ်မီသည့် နည်းပညာနှင့် တစ်နိုင်ငံလုံးအနှံ့ စိုက်ပျိုးနိုင်အောင် မလုပ်နိုင်သေးပါကြောင်း။

ဆာကူရာပန်းပင်များစိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကို လှပစေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း တစ်စိတ်တစ်ပိုင်း ထိန်းသိမ်းရာ ရောက်ပါကြောင်း၊ ဆာကူရာ ဟုခေါ်သည့် ချယ်ရီပင်များ ဖူးပွင့်လာပါက အင်မတန်လှပမည်ဟု ယုံကြည်ပါကြောင်း၊ တစ်ဖက်ကိုကြည့်လျှင်လည်း ဂျပန်လူမျိုးများသည် မြန်မာလူမျိုးများအပေါ် စိတ်ဝင်စားပြီး မြန်မာနိုင်ငံကို ပိုမိုလာရောက်လည်ပတ်ကြမည်၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ငြိမ်မှုရှိပြီး ချယ်ရီပန်းပင်လေးများကဲ့သို့ ဆွဲဆောင်မှုရှိပါသည်ဟု ကမ္ဘာ့အရပ်ရပ်တွင်ရှိသည့် ခရီးသွားဧည့်သည်များကို ကြိုဆိုလိုက်ပါကြောင်း၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုများ၊ အပြန်အလှန် နားလည်မှုနှင့် ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာမည်ဆိုသည်ကို ယခု ချယ်ရီပန်းပင်လေးများက အမြဲသက်သေပြနေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ဂျပန်-မြန်မာလွှတ်တော်များ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. ICHIRO AISAWA က ဂျပန်ဝန်ကြီးချုပ် SHINZO ABE ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆက်လက်စိုက်ပျိုး**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်နှင့် ဂျပန်-မြန်မာလွှတ်တော်များ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌတို့သည် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ချယ်ရီပန်းပင်များ စိုက်ပျိုးရန် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁) ရှိ သတ်မှတ်နေရာများသို့ အသီးသီးသွားရောက်၍ ချစ်ကြည်ရေး အထိမ်းအမှတ် ချယ်ရီပန်းပင်များ စိုက်ပျိုးပေးကြကာ Royal Myanmar Golf Club ၌လည်း ဆက်လက်စိုက်ပျိုးကြသည်။

**စိုက်ပျိုးပွဲတော်အထိမ်းအမှတ်**

နေ့လယ်ပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဂျပန်-မြန်မာ လွှတ်တော်များ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့သည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -( ၁) ၌ ကျင်းပသည့် ဒုတိယအကြိမ် ချယ်ရီပန်းပင် စိုက်ပျိုးရေးပွဲတော် အထိမ်းအမှတ် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲတွင် ဂျပန်-မြန်မာလွှတ်တော်များ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. ICHIRO AISAWA နှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ ဂျပန်-မြန်မာ လွှတ်တော်များ ချစ်ကြည်ရေးအသင်း အတွင်းရေးမှူး Mr. HIROMICHI WATANABE က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

နေပြည်တော်တွင် ချယ်ရီပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးမည်ဖြစ်ပြီး ချယ်ရီပင် ၁၀၀ ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က နေပြည်တော်၊ ဇဝနလမ်း၊ ဗိုလ်ရှုသဘင်အဆောက်အအုံအနီးတွင် ပထမအကြိမ်အဖြစ် စိုက်ပျိုးခဲ့သည်။

ယနေ့အခမ်းအနားတွင် ချယ်ရီပင် ၂၀၀ ကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - (၁) နှင့် Royal Myanmar Golf Club နှင့် ဇဝနလမ်းတို့၌ စိုက်ပျိုးခဲ့သည်။

ဆက်လက်၍လည်း ဇန်နဝါရီလအတွင်း ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် သီးခီရ်ကျေးရွာ၌ ဆာကူရာချယ်ရီပန်းပင် ၁၀၀ ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး အပင် ၁၀၀၀၀ ကိုလည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။ ချယ်ရီပန်းပင်များ ပွင့်ဖူးလာပါက ချယ်ရီပန်းပွင့်၏ အလှအပများကို မြင်တွေ့ခံစားလိုသော ဂျပန်ခရီးသွားများအပါအဝင် ပြည်ပခရီးသွားဧည့်သည်များအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး နွေးထွေးပျူငှာစွာ ဖိတ်ခေါ်ရန် စီစဉ်သွားမည်ဖြစ်၍ ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

**သင်္ကေတပင်ဖြစ်**

ဤချယ်ရီပင်များသည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ရင်းနှီးချစ်ကြည်ရေး၊ နွေးထွေးစွာ ဆက်ဆံရေးကို ခိုင်မာစွာ ဖွဲ့နှောင်ထားသည့် အမြဲတည်မြဲနေမည့် သင်္ကေတပင် ဖြစ်သည်။

**သတင်းစဉ်**

# (၄၆)ကြိမ်မြောက် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

● ဒေါက်တာအောင်စိုး(ခ) အောင်ကျော်မိုး ●

**ဆွဲဆောင်လျက်ရှိ**

နှစ်စဉ်နှစ်တိုင်း မင်္ဂလာရှိသော နှစ်သစ်ကူးအခါသမယ၌ ကျန်းမာရေးဆိုင်ရာ သုတေသီများ စုစည်းကာ ညီလာခံ ကျင်းပကြသည်မှာ မျက်မှောက်ကာလ ၂၀၁၈ ခုနှစ်တွင် (၄၆) ကြိမ်တိုင်ခဲ့လေပြီ။ မြန်မာများနှင့်အတူ ကမ္ဘာအရပ်ရပ်က ကျန်းမာရေးဆိုင်ရာ သုတေသီများသည်လည်း မိမိတို့၏ စူးစမ်းလေ့လာမှုများ ရှာဖွေတွေ့ရှိချက်များကို ဆွေးနွေးတင်ပြ၊ အမြင်ချင်းဖလှယ် နှီးနှောရင်း နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒ များချမှတ်ရာတွင် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရန် အကြံပြုနည်းလမ်းရှာဖွေ နှီးနှောလျက်ရှိကြသည်မှာ တန်ဖိုးအနဂ္ဃ ကြီးမားပေသည်။

သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနပိုစတာ ပြပွဲများ၊ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများနှင့် ဟောပြောပွဲများ၊ ဆေးနှင့်ဆေးပစ္စည်းပြခန်းများသည် ဆေးသိပ္ပံသုတေသီများသာမက စိတ်ပါဝင်စားသူ အများပြည်သူ အားလုံးကိုဆွဲဆောင်လျက်ရှိသည်။

**ကျန်းမာရေးဆိုင်ရာ သုတေသနများ**

၂၀၁၅ခုနှစ်တွင် ကုန်ဆုံးခဲ့သည့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များကို အခြေခံ၍ ၂၀၁၆ ခုနှစ် မှ ၂၀၃၀ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ Sustainable Development Goals (SDGs)အတွက် ၂၀၁၆ အလွန် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ် (Post 2015 Global D evelopment Agenda) တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကို လူတိုင်းလက်လှမ်းမီနိုင်ရေး၊ ငွေကုန်ကြေးကျ မများသော ကာကွယ်ကုသမှု (Financial Protection) ရရှိနိုင်ရေးတို့ အတွက် အကောင်အထည်ဖော်ရာ၌ အစကောင်းမှ အနှောင်း သေချာမည် ဖြစ်သည်။ ထို့အတွက် သာဓက အခြေပြုဆုံးဖြတ် ချက်များ (Evidence Based Decisions) များရရှိရန် လိုအပ်ပေသည်။ သို့ဖြစ်ပါ၍ သုတေသီများ၏ ကိန်းဂဏန်း အချက်အလက်အရည်အချင်း (Data Quality) နှင့် သုတေသနရလဒ်များသည် အလွန်အရေးပါ အရာရောက် ပေသည်။

ကျန်းမာရေးဆိုင်ရာ သုတေသနများ ဆောင်ရွက်ရာတွင် အဓိကဇာတ်ဆောင်ဖြစ်သော ဆေးသုတေသနဌာနသာမက၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ ဆေးတက္ကသိုလ်များ၊ နိုင်ငံပိုင်ဆေးရုံများ၊ ပုဂ္ဂလိက ဆေးရုံဆေးခန်းများ၊ ဆေးနှင့် ဆေးပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်း Pharmaceuticals များ၊ ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများနှင့် ဆေးပညာသင်ကြား ရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသူများနှင့် ဘွဲ့ကြိုဘွဲ့လွန်ဆေး ပညာရပ်ဆိုင်ရာ သင်တန်းတက်ရောက်နေသူများလည်း ပါဝင် ဆောင်ရွက်ကြရပေသည်။ သို့မှသာ သုတေသီပညာရှင်များ အကြား အချိန်နှင့်တစ်ပြေးညီ ပွင့်ပွင့်လင်းလင်း ခင်မင်စွာနှီးနှော ဖလှယ်နိုင်၍ ရလဒ်ကောင်းများ ရရှိပေလိမ့်မည်။ ယခုကျင်းပ သည့် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် အထက် ဖော်ပြပါ အနှစ်သာရကို ဖော်ဆောင်နေပေရာ ဝမ်းပန်းတသာ ကြိုဆိုရမည်သာဖြစ်သည်။

> “ မြန်မာနိုင်ငံသည် ကင်ဆာရောဂါဖြစ်ပွားမှုမြင့်မားသော နိုင်ငံများအုပ်စုတွင် ပါဝင်နေသည်၊ မိမိတို့နိုင်ငံတွင် ကျန်းမာရေးပြဿနာတစ်ခုအဖြစ် စိုးရိမ်ရသည့် ကင်ဆာရောဂါဆိုင်ရာ ဆေးလက်တွေ့သုတေသနဆောင်ရွက်ရာတွင် မှန်ကန်သော မှတ်ပုံတင်ခြင်းစနစ် Proper Registration System ထူထောင်ရန် ကင်ဆာ မှတ်ပုံတင်မှု (Cancer Registery) စတင်ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်ရာ မြင်တွေ့ရ ”

**အခြေခံလိုအပ်ချက်များ**

မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် အမျိုးသားကျန်းမာ ရေး စီမံချက် ၂၀၁၆-၂၀၂၁ (National Health Plan 2016-2021) ဆောင်ရွက်နေချိန်ဖြစ်သည်။ စီမံချက်ရေးဆွဲရာတွင် အခြေခံကိန်းဂဏန်းများ၊ သတင်းအချက်အလက်များသည် အလွန်အရေးပါအရာရောက်၍ နိုင်ငံတော်အတွင်း ရောဂါဖြစ်ပွား မှု၊ သေဆုံးမှုပြဿနာများ ဖြစ်ပွားရသည့် အခြေခံအကြောင်း အရာများ၊ ပြည်သူများ၏ နေထိုင်စားသောက်မှု စရိုက်များ၊ ကျေးလက်တောရွာမှ မြို့ပြသို့ ရွှေ့ပြောင်းမှုများ၊ ပတ်ဝန်းကျင် ပြောင်းလဲမှုများ၊ အန္တရာယ်ဖြစ်နိုင်ခြေ Risk Factor အချက် အလက်များ၊ ဖြစ်ပေါ်လာသည့် ရောဂါဝန်ထုပ်ဝန်ပိုးများစသည့် အကြောင်းအရာ အများအပြားအတွက် တိကျမှန်ကန်စုံလင် သော ကိန်းဂဏန်းများ ရရှိရေးအတွက်၊ သုတေသနလုပ်ငန်းများ သည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံကျန်းမာရေး သုတေသနများ၊ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနများ၊ ကျန်းမာရေးစနစ် သုတေသနများ ပါဝင်နေပေသည်။

**ကျန်းမာရေးပြဿနာများ**

မျက်မှောက်ကာလ မြန်မာနိုင်ငံတွင်သာမက အရှေ့တောင် အာရှဒေသ၊ အာဖရိကတိုက် အပါအဝင် ကမ္ဘာ့နိုင်ငံအများ အပြားတွင် ကြုံတွေ့နေရသော ကျန်းမာရေးပြဿနာများ၊ ငှက်ဖျား/တီဘီရောဂါဆိုင်ရာ ဆေးယဉ်ပါးမှုပြဿနာများ၊ အိပ်(ချ်)အိုင်ဗွီ/တီဘီ ယှဉ်တွဲဖြစ်ပွားမှုပြဿနာများ၊ အရည် အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကို လက်လှမ်းမီခြင်း အားနည်းမှုဖြစ်သည့် ပြဿနာများကို ဖြေရှင်းရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လူသားအားလုံးကျန်းမာရေး လွှမ်းခြုံမှုရရှိရေး၊ Universal Health Coverage နည်းဗျူ ဟာနှင့် ကျန်းမာရေးအကောင်အထည်ဖော်မှု ခိုင်မာရေး (Health system strenthening) ဆိုင်ရာ လုပ်ငန်းများကို အင်တိုက်အားတိုက် ဦးတည်ဆောင်ရွက်ရာတွင် သုတေသန ရလဒ်များသည် အခြေခံလိုအပ်ချက်များပင်ဖြစ်သည်။

**နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန်**

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန် ဦးတည်ပြီး ကျန်းမာရေးပြဿနာများကို အခြေခံကာ ဦးစားပေးဆောင်ရွက် ရာတွင် ပြန်လည်ဦးမော့လာသော ကူးစက်ရောဂါများ၊ ကူးစက် မဟုတ်သော နာတာရှည်ရောဂါများ လျော့ပါးစေရန်၊ ကာကွယ် ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ ရောဂါကုထုံးနည်းပညာအသစ် များ၊ နိုင်ငံတကာ အဆင့်မီရောဂါ ကာကွယ်ထိန်းချုပ်ခြင်း နည်းစနစ်များ၊ စတင်သုံးစွဲခြင်းမပြုသေးသော ကုထုံးများ၊ နည်းပညာများကို မိမိနိုင်ငံနှင့် လိုက်လျောညီထွေစမ်းသပ် ဆောင်ရွက်ခြင်းများကို ယခုထက်ပို၍ အားစိုက်ရာ၌ ဆေးသုတေသန၏ အခန်းကဏ္ဍသည် အရေးပါနေ ပေသည်။

**ကင်ဆာရောဂါဖြစ်ပွားမှုမြင့်မား**

အာဆီယံ ၁၀နိုင်ငံတွင် စင်ကာပူနှင့်ဘရူနိုင်းနိုင်ငံတို့ သည် ကင်ဆာရောဂါအနည်းဆုံးဖြစ်ပွားသော နိုင်ငံများ ဖြစ်ကာ မြန်မာနိုင်ငံသည် ကင်ဆာရောဂါဖြစ်ပွားမှုမြင့်မား သော နိုင်ငံများအုပ်စုတွင် ပါဝင်နေသည်။ မိမိတို့နိုင်ငံတွင် ကျန်းမာရေးပြဿနာတစ်ခုအဖြစ် စိုးရိမ်ရသည့် ကင်ဆာရောဂါ ဆိုင်ရာ ဆေးလက်တွေ့သုတေသနဆောင်ရွက်ရာတွင် မှန်ကန် သော မှတ်ပုံတင်ခြင်းစနစ် Proper Registration System ထူထောင်ရန် ကင်ဆာမှတ်ပုံတင်မှု (Cancer Registery) စတင်ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်ရာ မြင်တွေ့ရပေ သည်။

**ပိုမိုလက်ခံလျက်ရှိ**

မြန်မာတို့၏ ရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် တိုင်းရင်း ဆေးပညာရပ်များဆိုင်ရာ သုတေသနများကို ဆေးသုတေသီ များက ဆောင်ရွက်လျက်ရှိရာ အတွေ့အကြုံအခြေပြုဆေးပညာ (Experienced Based Traditional Medician) မှ သာဓကအခြေပြု တိုင်းရင်းဆေးပညာ (Evidence Based Traditional Medicine) သို့ အသွင်ကူးပြောင်းနေပြီ ဖြစ်သည်။ အနောက်တိုင်းဆေးပညာနှင့် ရင်ပေါင်တန်းလာ သော တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူများ ပိုမိုလက်ခံလျက်ရှိပေသည်။

မြန်မာနိုင်ငံ၏ ဆေးသုတေသန လုပ်ရပ်များတွင် ထူးခြားချက်အဖြစ် အမေရိကန်နိုင်ငံ Maryland, Baltimore တက္ကသိုလ်၏ အထောက်အပံ့ဖြင့် လူသား များအပေါ် ဆေးသုတေသနအရ စမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ် ကော်မတီ (Ethics Review Committee ၏ Website) ကို လွှင့်ထူနိုင်ခဲ့သလို၊ “ကျန်းမာရေးသတင်းအချက်အလက် စနစ်” (Health Research Information System) ဖွံ့ဖြိုးရန် e-Government website ကိုလည်းကောင်း၊ ဆေးသုတေသန၏ ဗဟိုဇီဝဆေး ပညာစာကြည့်တိုက်မှ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (KOICA) အထောက်အပံ့ဖြင့် library website ကို လည်းကောင်း အသီးသီးထူထောင်ခဲ့ခြင်းတို့အား တင်ပြ ရင်း ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သော (၄၆) ကြိမ်မြောက် မြန်မာကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကို ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

## ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို အသေးစားချေးငွေ ထုတ်ချေးမည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေများကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ချေးငွေများကို ယခုနှစ် မတ်လနှင့် ဧပြီလများတွင် စတင်ထုတ်ချေးနိုင်ရန် လုပ်ဆောင်နေပြီး လုပ်ငန်းအမျိုးအစားအလိုက် ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း အသင်းချုပ်၏ အတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။ “လုပ်ငန်းအခြေအနေပေါ် မူတည်ပြီး ကျပ်သိန်း ၂၀၀၊ ၃၀၀ ကနေ ကျပ်သိန်း ၂၀၀၀၊ ၃၀၀၀ အထိ ထုတ်ချေးပေးသွားမှာပါ။ အသေးစား၊ အလတ်စား (SME)လုပ်ငန်းတွေမှာ တစ်ဦးချင်းလုပ်ဖို့ခက်ခဲတဲ့ လုပ်ငန်းတွေကို SME လေး၊ ငါးခု ပူးပေါင်းပြီး စုပေါင်းလုပ်ဆောင်တဲ့ပုံစံနဲ့ ဆောင်ရွက်သွားမှာပါ”ဟု အတွင်းရေးမှူး က ပြောသည်။

ချေးငွေများကို ထုတ်ချေးရာတွင် ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်လျှော့ချနိုင်ရေး အတွက် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်မှုအပေါ် အခြေခံကာ ဦးစားပေးရွေးချယ် သွားမည်ဖြစ်ပြီး စနစ်တကျ အဆင်ဆင့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရ သည်။

“ပိုင်ဆိုင်မှု အာမခံရှိတဲ့သူရော၊ မရှိတဲ့သူရောကို ချေးငွေလျှောက်ထားဖို့ ဖိတ်ခေါ် သွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ လုပ်ငန်းအခြေအနေနဲ့ ဝင်ငွေအကျိုးအမြတ် ရရှိနိုင်မှု အလားအလာအပေါ်မှာ အဓိကမူတည်ပြီး ချေးပေးသွားမှာပါ”ဟု အတွင်း ရေးမှူးက ဆက်လက်ပြောကြားသည်။

အဆိုပါ အသေးစားချေးငွေများကို ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများဖြစ်သော မျိုးစေ့လုပ်ငန်း၊ အခြောက်ခံလုပ်ငန်းများ၊ သိုလှောင်ရုံ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဖွဲနုဆီစက်များနှင့် တိရစ္ဆာန်အစာစက်ရုံ တည်ထောင်လိုသူ များ၊ ဆန် ပြည်ပတင်ပို့သူများ၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ ဆန်မှုန့်စသည့် တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ၊ စပါးခွံမှ လောင်စာတောင့်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများစသည်တို့ကို လုပ်ကိုင်နေကြပြီး တိုးချဲ့ လုပ်ကိုင်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ဆက်သွယ်နိုင်ကြောင်း အသင်းချုပ်မှ ထုတ်ပြန်ထားသည်။

**ဖြိုးလွင်အောင်(AMIA)**

## ပြတိုက်ပညာရှင်များအတွက် ဗြိတိသျှကောင်စီက သင်တန်းပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဗြိတိသျှကောင်စီသည် မြန်မာနိုင်ငံအစိုးရ၏ ပြတိုက်နှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံ အမျိုးသားပြတိုက်များနှင့် ပူးပေါင်း၍ နှစ်ရှည်စီမံကိန်းတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိသည်။

အဆိုပါ စီမံကိန်းအစီအစဉ်အရ ဗြိတိသျှကောင်စီ၏ ဦးဆောင်မှုဖြင့် UK နိုင်ငံ Collections Trust အဖွဲ့အစည်းများက မြန်မာနိုင်ငံရှိ ပြတိုက်ဝန်ထမ်းများအား စုဆောင်းပစ္စည်း စီမံခန့်ခွဲခြင်းပညာရပ်သင်တန်းကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်) နှင့် မန္တလေးယဉ်ကျေးမှုပြတိုက်တို့တွင် လည်းကောင်း၊ ဇန်နဝါရီ ၂၀ မှ ၂၂ ရက်အထိ အမျိုးသားပြတိုက်(နေပြည်တော်) နှင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်တို့တွင်လည်းကောင်း အဖွဲ့နှစ်ဖွဲ့ခွဲ၍ စာတွေ့လက်တွေ့သွားရောက် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## မွန်ပြည်နယ် ငါးလုပ်ငန်းဥပဒေအား ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြည်သူ့အသံကြားနာပွဲ ကျင်းပ

**သထုံ ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် သထုံမြို့သုဝဏ္ဏခန်းမ၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက မွန်ပြည်နယ် ငါးလုပ်ငန်းဥပဒေအား ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ပြည်သူ့အသံကြားနာပွဲကျင်းပရာ “ရေလုပ်သားတွေရဲ့ဘဝကို မြှင့်တင်ဖို့ အကောင်းဆုံးဖြစ်အောင် ရေလုပ်သားတွေရဲ့လိုအပ်တဲ့အသံကိုကြားနာဖို့ ပထမဦးဆုံးအကြိမ် ကျင်းပရခြင်း ဖြစ်ပါတယ်”ဟု မွန်ပြည်နယ်လွှတ်တော် ဥပဒေရေးဆွဲရေးကော်မတီအဖွဲ့မှ ဦးစစ်ထွန်းက ပြောသည်။

ပြည်သူ့အသံ ကြားနာပွဲ၌ သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး လွှတ်တော်ဥပဒေရေးဆွဲရေးကော်မတီမှ ဒေါ်ကြင်စွမ်က ဦးဆောင်အဖွဲ့များနှင့် မိတ်ဆက်ပေးသည်။ ပြည်နယ်လွှတ်တော် ဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လဲ့က အသစ်ပြန်လည်ရေးဆွဲထားသည့် ငါးလုပ်ငန်းဥပဒေများကို ငါးလုပ်ငန်းများ လုပ်လိုင်နေကြသူများသာမက ငါး၊ ငါးခြောက် ရောင်းဝယ်ကြသူများ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများ ပါဝင်ဆွေးနွေးကြရန်နှင့် ငါးလုပ်ငန်းဥပဒေအပေါ် အမြင်များကို ဆွေးနွေးအကြံပြုချက်များ ရယူရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်သူ့အသံကြားနာပွဲသို့ ဒေသခံရေလုပ်သားများ၊ အစုအဖွဲ့များ၊ ရေလုပ်သားငယ်များ၊ ငါးဖမ်းကိရိယာရောင်းဝယ်သူများ၊ ငါးဒိုင်၊ ပြုပြင်မွမ်းမံသူများ၊ လုပ်ငန်းရှင်များ (အင်း တင်ဒါ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ)၊ လယ်သမားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားစိတ်ဝင်စားသူများနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့များစုပေါင်း၍ လိုအပ်ချက်များကို ဆွေးနွေးအကြံပြု တင်ပြပြောဆိုခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဆေးလက်တွေ့ဘာသာရပ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးတက်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ နှလုံးနှင့် သွေးကြောရောဂါဆေးပညာ (Cardiac-Medicine) ဘာသာရပ်၊ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကု (Cardiac-Surgery) ဘာသာရပ်၊ ဦးနှောက်နှင့် အာရုံကြောရောဂါ ဆေးပညာ(Neuro-Medicine) ဘာသာရပ်နှင့် ဦးနှောက်နှင့်အာရုံကြော ရောဂါ ခွဲစိတ်ကု(Neuro-Surgery) ဘာသာရပ်များမှ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လာရောက်တွေ့ဆုံသည်မှာ သက်ဆိုင်ရာ ဘာသာရပ် (Clinical Domain)အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလို၍ ဖြစ်ပါကြောင်း၊ ဆေးလက်တွေ့ဘာသာရပ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းအားဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် လုပ်ငန်းစွမ်းဆောင်ရည်များနှင့် အရည်အသွေး ပိုမိုတိုးတက်လာပြီး ပြည်သူများ၏ ကျန်းမာရေးကို ယခုထက် ပိုမိုထိရောက်စွာ စောင့်ရှောက်နိုင်ရန်ဖြစ်ပါကြောင်း၊ ယခုနှစ်ဦးပိုင်းတွင် ဆေးလက်တွေ့ဘာသာရပ်များကို ဘာသာရပ်အလိုက်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ စီမံခန့်ခွဲမှုဆိုင်ရာ၊ ဝန်ထမ်းရေးရာ၊ ဆေးနှင့်ဆေးပစ္စည်းလိုအပ်မှုဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ရေးဆိုင်ရာစသည့် ရှုထောင့်များမှ လိုအပ်သည်များကို တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပါမောက္ခ၊ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအလိုက် ချက်ချင်းဖြည့်ဆည်းပေးနိုင်သည့်ကိစ္စရပ်များကို ချက်ချင်း ဖြည့်ဆည်းပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ Office of Inspector General(OIG) မှ Lead Auditor, Mr. Augustine Agyeman-Duah အား တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်း လမ်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကမ္ဘာ့ရန်ပုံငွေ အထောက်အပံ့ဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သံဃာတော်များ၊ သက်ကြီးဘိုးဘွားများအား(၁၀)ကြိမ်မြောက်လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ နိမလအမှူးပြု၍ အလှူရှင်များက ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များအား (၁၀) ကြိမ်မြောက် သင်္ကန်းပရိက္ခရာရှစ်ပါးနှင့် ပိဋကတ်သုံးပုံဆက်ကပ်လှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းခြင်း၊ အလက၊ အမက ကျောင်း ၁၇ ကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပညာရေးအထောက်အပံ့ပစ္စည်းများလှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ထိုင်ကူမြစ်တန်းကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်တို့က ဝမ်းမြောက်စကားပြောကြားကြပြီး သံဃာတော်များ၊ သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ဆရာတော် ဘဒ္ဒန္တနိမလဦးစီး၍ ယုဇနကုမ္ပဏီလီမိတက်မိသားစုနှင့် အလှူရှင်များက စုပေါင်း လှူဒါန်းငွေကျပ် ၃၆ သိန်းနှင့် လှူဖွယ် ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၂၆၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၉၆ သိန်းကျော် ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပထမနှစ်သင်တန်းအတွက် ကျောင်းသား ကျောင်းသူ ၄၅၀ ခေါ်ယူခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ ပထမနှစ်သင်တန်းများအတွက် တက္ကသိုလ်ဝင်တန်းရမှတ် ၄၄၀ ဖြင့် ကျောင်းသားကျောင်းသူ ၄၅၀ ခေါ်ယူခဲ့သည်။

"အခုနှစ်ကတော့ တက္ကသိုလ်ဝင်တန်းရမှတ်နဲ့ ရွေးချယ်တာဖြစ်ပါတယ်၊ မြန်မာနိုင်ငံ အနှံ့အပြားက လျှောက်ထားကြတာ တွေ့ရပါတယ်" ဟု ရန်ကုန် ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က ပြောသည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မြန်မာနိုင်ငံအတွင်းရှိ ကွန်ပျူတာတက္ကသိုလ်များကို မွေးထုတ်လာသည့် မိခင်ကွန်ပျူတာဌာန (UCC) ကို ၁၉၇၀ ခုနှစ်ဝန်းကျင်က စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော သတင်းအချက်အလက်နှင့် နည်းပညာများကို ဆည်းပူးလေ့လာနိုင်မည့် ကွန်ပျူတာတက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်များ လှိုင်နယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့မှတစ်ဆင့် ၁၉၉၈ ခုနှစ်တွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် (University of Computer Studies, Yangon – UCSY) အဖြစ် အမည်ပြောင်းလဲခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ရွှေပြည်သာမြို့နယ်၊ ၂၀၀၄ ခုနှစ်တွင် ယခု ရန်ကုန် ကွန်ပျူတာတက္ကသိုလ် တည်ရှိရာ လှော်ကားစသဖြင့် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ယခုအချိန်အထိ အပတ်စဉ် ၂၃ အထိ သင်ကြားအောင်မြင်ပြီးဆုံးခဲ့သည်။

"အခုခေတ်ကလူတွေ၊ ပစ္စည်းတွေ အားလုံးကချိတ်ဆက်နေတဲ့ ခေတ်ဖြစ်တဲ့အတွက် အိုင်တီပညာကတော့ မရှိမဖြစ်လိုအပ်ပြီး အသုံးကျတဲ့ ဘာသာရပ်မျိုးဖြစ်ပါတယ်၊ ဒီပညာရပ်ကို သင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်၊ ဒီလိုင်းကို ယူပြီးပြီဆိုရင် ဘဝမှာ အောင်မြင်ဖို့လည်း သေချာနေပါပြီ၊ အဓိကကတော့ ကြိုးစားဖို့ပဲ လိုပါတယ်၊ အားလုံးကိုပြောချင်တာက ကြိုးစားပါ၊ အခွင့်အလမ်းတွေ အပြည့်ရှိနေပါတယ်" ဟု ၎င်းက ဆိုသည်။

ကွန်ပျူတာဘာသာရပ်ဘွဲ့များဖြစ်သည့် (B.C.Sc၊ B.C.Tech ) ဘွဲ့များအတွက် ငါးနှစ်သင်တန်းဖြစ်ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် မာစတာဘွဲ့များနှင့် ပါရဂူဘွဲ့များအထိ သင်ကြားပို့ချပေးလျက်ရှိသည်။ **တာရာ**

# ဆောင်းနှင့် နွေရာသီကာလများတွင် ဖြစ်ပေါ်လာနိုင်သည့် လာနီညာအခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ လာနီညာအခြေအနေ၌ ဆက်လက်တည်ရှိနေသည်။ လာနီညာဖြစ်ပေါ်မှုခန့်မှန်းသည့် သချာပုံစံမော်ဒယ်များအရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ လာနီညာဖြစ်ပေါ်မှု ရာခိုင်နှုန်းမှာ ၉၇ ရာခိုင်နှုန်းအထိရှိနေပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လတွင် ၈၅ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ၊ မတ်လနှင့် ဧပြီလတွင် ၆၃ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျနိုင်ကြောင်း နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန် လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလအရှေ့မြောက် မုတ်သုံလေအားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဉတုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



# ဝက်လက်မြို့နယ်၌ မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ

**ဝက်လက် ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်မြို့မစျေး အခြေခံပညာအထက်တန်းကျောင်းနှင့် စံတော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်းများ၌ မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၁၀ ရက်မှစ၍ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ပြခန်းယာဉ်တွင် မူခင်းကြိုတင်ကာကွယ်ရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရနိုင်သည်ကို အထူးဂရုပြုရန်အတွက် ရဲမှူး ထွန်းထွန်း၊ ဒုရဲမှူး သိန်းလွင်၊ နယ်ထိန်းခေါင်းဆောင် သိန်းလှိုင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါယာဉ်သည် ဝက်လက်မြို့နယ်ရှိ လှတော၊ ရွာသာကြီး ကျေးရွာများသို့ ဆက်လက်ပြသအသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် ညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် တောင်ဆေးလိတ်ကျေးရွာအုပ်စု ပန်မလွတ်ကျေးရွာသို့ တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက်က ကွင်းဆင်းကာ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခဲ့သည်။

မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် တာဝန်ရှိသူများက ကျေးရွာသို့ကွင်းဆင်း၍ ဒေသခံပြည်သူ ၁၀၀ ကျော်နှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Program) ဆောင်ရွက်ရန် မိတ်ဆက်ရှင်းလင်းခဲ့ပြီး ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခြင်း၊ ကျေးရွာအိမ်ထောင်စုစာရင်း ကောက်ယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ဦးတည်အုပ်စု၏ အကြံပြုဆွေးနွေးမှုများအပေါ် အခြေခံကာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းတို့ကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



သဲကုန်းမြို့နယ်အတွင်း မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပုတီးကုန်း (အထက)၊ သဲကုန်း(အထက)၊ ဆင်မြီးဆွဲ (အထက) တို့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကို၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ကျော်ဦး၊ ရဲအုပ် လှဝင်း၊ ရဲအုပ် ဇော်လွင်ဌေးတို့က မူခင်းအသိပညာပေးဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၄

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

**ဘာရာဇီးနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဘာရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုက်ကယ်လ်တီမာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသည့် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ဘာရာဇီးပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ အဆွေတော်နှင့် မြန်မာပြည်သူများ ပျော်ရွှင်မှု အပေါင်းခညောင်းပြီး ချမ်းသာကြွယ်ဝပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘာရာဇီးပြည်ထောင်စု သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလိုရီစီရိုနူးနပ်(စ်)ဖယ်ရိန်ရာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပျော်ရွှင်ဖွယ်ကောင်းသည့် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ဘာရာဇီးပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ ယခုလို အရေးကြီးသည့် အချိန်အခါသမယတွင် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်အခွန့်ရှည်စေရန် ဆန္ဒပြုလိုက်ပါကြောင်း ဖော်ပြပါရှိပါသည်။

**ပိုလန်နိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မာ့တယ်ဝုရှ် မောရာဗီယက်စကီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် အောင်မြင်မှုရပါစေကြောင်း ဆန္ဒမွန်ကောင်းလည်း တောင်းလိုက်ပါသည်။

ပိုလန်နိုင်ငံအတွက် အရှေ့တောင်အာရှ မိတ်ဖက်နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် အလွန်အရေးကြီးသော နိုင်ငံတစ်နိုင်ငံအဖြစ် ထိတွေ့ဆက်ဆံမှုများရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍများ အထူးသဖြင့် စီးပွားရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုကဏ္ဍများ စသည်တို့တွင် ကျယ်ပြန့်လာစေရန်နှင့် နှစ်နိုင်ငံ ဆက်ဆံရေး ဆက်လက်အခွန့်ရှည်စေရန် ပိုလန်နိုင်ငံအနေဖြင့် ဆန္ဒပြုပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဗီတိုလ်ထ် ဗက်ရှ်ထော့ကော့ဖ်စကီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ပိုလန်နိုင်ငံအနေဖြင့် လေ့လာဆန်းစစ်ပြီး အထောက်အပံ့များ အပြည့်အဝပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် ပြောသလောက် မလွယ်ဘဲ စိန်ခေါ်မှုများရှိသလို၊ အချိန်ယူဆောင်ရွက်ရသည်ကို ပိုလန်နိုင်ငံအနေဖြင့် နားလည်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာရှတိုက်တွင် ပိုလန်နိုင်ငံ၏ မိတ်ဖက်နိုင်ငံတစ်နိုင်ငံအနေဖြင့် အရေးပါပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အောင်မြင်မှုများရစေရန် ဆန္ဒပြုပါကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်သစ်အချိန်အခါသမယသည် အပြုသဘောဆောင် တိုးတက်မှုများနှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ယူလာမည့်နှစ်ဖြစ်ပါစေရန် ဆုတောင်းပါကြောင်း၊ အဆွေတော်အနေဖြင့် ကာယသုခ ဉာဏသုခများဖြင့် ပြည့်စုံပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၈ ခုနှစ် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၄**

၂၀၁၈ ခုနှစ် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ယှဉ်ပြိုင်ခဲ့ရာ ယနေ့ည ၇ နာရီက ရိုးရာယဉ်ကျေးမှုအကစင်မြင့်၌ ဆုချီးမြှင့်ပွဲကို ကျင်းပသည်။



အဆိုပါ ဆုချီးမြှင့်ပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်လက်ပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုရ နမ့်ကွတ်ရပ်ကွက်အဖွဲ့မှ လှမ်းလာခဲ့ပါ ကယားပြည်အကအား အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က လည်းကောင်း **(အပေါ်ပုံ)**၊ ပူးတွဲ ဒုတိယဆုရရှိကြသည့် ဒေါတငူးကျေးရွာမှ ဖားစည်အက၊ ဒေါခလိုက်လင်းကျေးရွာမှ လုပ်ငန်းခွင်အက၊ ဒီမော့ဆိုမြို့နယ် ကိုယ်စားပြုအဖွဲ့မှ နိုင်ငံသစ်ဆီသို့ လှမ်းချီအကအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လည်းကောင်း**(ယာပုံ)**၊ ပူးတွဲတတိယဆုရရှိသွားသော ဒေါဥခူရပ်ကွက်မှ ဂေဘားအလုဝါးညှပ်အက၊ လွိုင်ကော်မြို့နယ် ကိုယ်စားပြုအဖွဲ့မှ ကယန်းယဉ်ကျေးမှုအက၊ ဆောင်ကန်းကယားကျေးရွာမှ ရှေ့သို့လှမ်းချီအကတို့အား ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်တို့က လည်းကောင်း၊ နှစ်သိမ့်ဆု ရရှိကြသည့် ဝါရီကောခူကျေးရွာမှ ကယန်းမျိုးနွယ်စုအက၊ ဒေါဆော်ဘီးကျေးရွာမှ ဖလခဲအက၊ ဖရူဆိုမြို့နယ် ကိုယ်စားပြုအဖွဲ့မှ အမိုလို့မာကယားကေအက၊ နာနတ်တော်ရပ်ကွက်မှ ဘားကယောအက၊ ပီးကင်းကောခူကျေးရွာမှ ကယန်းဒယံပလီအကတို့အား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဒွေးနှင့် ဦးစိုးရယ်တို့က လည်းကောင်း၊ ဂုဏ်ပြုဆုရရှိကြသည့် အကပြိုင်ပွဲဝင်ရှစ်ဖွဲ့အား ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ဝန်ကြီးတို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ပြန်လည်ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ပြည်နယ် (ပြန်/ဆက်)**



# သာကေတ ၁၀၆ မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စမ်းသပ်မောင်းနှင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ပြည်သူများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာ သုံးစွဲနိုင်ရေးအတွက် ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်းရှိ ၆၆ ကေဗွီ MRTV-3 နှင့် ဆင်မလိုက်ခွဲရုံများသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် U Energy Thakata Power Company Limited မှ JVA စနစ်ဖြင့် အကောင်အထည် ဖော်လျက်ရှိသော ၁၀၆ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံ စမ်းသပ်မောင်းနှင်ခြင်း လုပ်ငန်းခွင်သို့ လည်းကောင်း ရောက်ရှိစစ်ဆေးသည်။

**ဓာတ်အားဖြန့်ဖြူးပေးပို့**

၆၆ ကေဗွီ MRTV-3 ခွဲရုံနှင့် ၆၆ ကေဗွီ ဆင်မလိုက်ခွဲရုံတို့မှာ ၂၃၀ ကေဗွီ အလုံပင်မ ဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံတို့မှ ဓာတ်အားရယူ၍ ရန်ကုန်မြို့အတွင်းရှိ မြို့နယ်ငါးခုသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ၆၆ ကေဗွီခွဲရုံများမှ ဓာတ်အား ဖြန့်ဖြူးထားရှိသည့် ၃၃ ကေဗွီ၊ ၁၁ ကေဗွီ၊ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ လှိုင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့တွင် လက်ရှိ ဗို့အားအခြေအနေ၊ ရပ်ကွက်နေပြည်သူလူထုများ ဓာတ်အားသုံးစွဲနေမှုများကို စစ်ဆေး၍ ဗို့အားအတက်အကျဖြစ်ပွားနေမှုများကို ထိန်းညှိဆောင်ရွက်ပေးခြင်း၊ ဗို့အားကျဆင်းမှုများအတွက် ဗို့အားမြှင့်တင်သည့် ကိရိယာတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ဓာတ်အား ပို့လွှတ်သွားမည်**

ဓာတ်အားပေးစက်ရုံ စီမံကိန်းမှာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သာကေတဓာတ်အားပေးစက်ရုံ ဝင်းအတွင်းတည်ရှိပြီး သဘာဝဓာတ်ငွေ့သုံးစက်(Gas Turbine) ၇၅ မဂ္ဂါဝပ် တစ်လုံး၊ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ (Steam Turbine Generation ၃၁ မဂ္ဂါဝပ်တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို (၂၀-၃-၂၀၁၆)မှ စတင်ဆောင်ရွက်ခဲ့ပြီး လိုအပ်သော သဘာဝဓာတ်ငွေ့ကို ဇောတိကကမ်းလွန်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ စက်ရုံမှထွက်ရှိလာသည့် ဓာတ်အားများကို ၆၆ ကေဗွီ ဓာတ်အားလိုင်းမှ သာကေတဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပြီး ဓာတ်အားစနစ်ကွန်ရက်အတွင်းသို့ ပို့လွှတ်သွားမည်ဖြစ်သည်။

ဇန်နဝါရီ ၁၃ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၁၀၆ မဂ္ဂါဝပ်ရှိသည့် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး တည်ဆောက်ခဲ့မှု၊ ဆောင်ရွက်ခဲ့မှု၊ စမ်းသပ်မောင်းနှင် လည်ပတ်မှုအခြေအနေအား စက်ရုံအတွင်းရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

လက်ရှိ ပထမအဆင့်အနေဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး (Gas Turbine) ၇၅ မဂ္ဂါဝပ် စက်တစ်လုံးကို စမ်းသပ်မောင်းနှင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (Steam Turbine Generation) ၃၁ မဂ္ဂါဝပ်တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းကိုလည်း ပြီးစီးနိုင်ရေးကို စီစဉ်လျက်ရှိပြီး အဆိုပါစက်ရုံမှ ဓာတ်အားများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျိုးသုဉ်းလုဆဲ ရှားပါးမျောက်မျိုးစိတ် မျောက်လေပွေ (မျောက်မောင်းမ) အထီးတစ်ကောင်အား ဘေးမဲ့တောအတွင်း နေရင်းဒေသသို့ ပြန်လည်လွှတ်ပေး

**ရှောင် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် ယင်းဒေသရှိ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မှီတင်းနေထိုင်နေကြသည့် သဘာဝသားငှက်တောရိုင်းတိရစ္ဆာန်များနှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် အထူးဆောင်ရွက်လျက်ရှိသည်။

ယင်းဒေသရှိ ပြည်သူတစ်ဦးက မျိုးသုဉ်းလုဆဲ ရှားပါးမျောက်မျိုးစိတ် မျောက်လေပွေ (မျောက်မောင်းမ) အထီးတစ်ကောင်ကို ဘေးမဲ့တောအနီးရှိ ဥယျာဉ်ခြံအတွင်းမှ ဖမ်းယူသယ်ဆောင်လာစဉ် ရွာငံမြို့နယ် ရဲစခန်းမှ ရဲအရာရှိတစ်ဦးက သိမ်းဆည်းကာ ရွာငံ သား/ငှက်ဌာနသို့ ပြန်လည်အပ်နှံခဲ့ပြီးနောက် ဇန်နဝါရီ ၈ ရက်က သက်ဆိုင်ရာတာဝန်ရှိသူများ၏ အစီအစဉ်ဖြင့် ယင်းရှားပါးမျောက်မျိုးစိတ် မျောက်လေပွေ(မျောက်မောင်းမ)အထီးကို ဘေးမဲ့တောအတွင်း နေရင်းဒေသသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။



"မျောက်လေပွေ(မျောက်မောင်းမ) မျိုးစိတ်တွေဟာ အခြားမျောက်များနှင့် မတူသလို အလွန်လျင်မြန်ဖျတ်လတ်ပါတယ်၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်များစာရင်းတွင် ပါဝင်ပါတယ်၊ ယခုလို မူရင်းဒေသဖြစ်တဲ့ ကျွန်တော်တို့ ဘေးမဲ့တောနယ်မြေထဲမှာရှိတဲ့ ကျောက်ဘယက်နေရင်းဒေသဆီကို ယခုလိုပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်"ဟု ရွာငံမြို့နယ် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန မအုပ်စခန်းတာဝန်ခံ (တောအုပ်) ဦးသန်းဇော်မင်းထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**



# လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးသူအတွက် ကျန်ရစ်သူမိသားစုအား လူမှုဖူလုံရေးမှ အကျိုးခံစားခွင့် ထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

လုပ်ငန်းခွင်တွင် ထိခိုက်နစ်နာသေဆုံးသူအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ Sinma Living Mall အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော် အာမခံဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူမှုဖူလုံရေးတွင် အာမခံထားရှိသော Sinma Living Mall Landscaping ဌာနမှ အာမခံလုပ်သား ဒေါ်ဇင်မာသည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီခွဲက အလုပ်ခွင်မှ စက်ဘီးဖြင့် အပြန်လမ်းတွင် မော်တော်ယာဉ်နှင့် တိုက်မိပြီး သေဆုံးသွားခြင်းအတွက် သေဆုံးသူ အာမခံအလုပ်သမား ဒေါ်ဇင်မာ၏ မိသားစုဝင်များအား လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် (၂၆၀၀၀၀၀/၁၀ပြား) ငွေကျပ်နှစ်ဆယ့်ခြောက်သိန်းဆယ်ပြားတိတိကို ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျန်ရစ်သူမိသားစုဝင်များကိုယ်စား Sinma Living Mallမှ မန်နေဂျာ ဦးမျိုးလင်းအောင်က အကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ရေကြောင်းသတိပေးချက်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CFG Energy Pte.Ltd သည် ကမ်းလွန်လုပ်ကွက်အမှတ် M-15 တွင် 3D Seismic Survey လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV HAI YANG SHI YOU 721 ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာဧရိယာဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၀ မိနစ် ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၁၆ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၀ မိနစ် ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၃ မိနစ် ၂၇ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၂၉ မိနစ် ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၁၆ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၂၉ မိနစ် ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၃ မိနစ် ၂၇ စက္ကန့် အတွင်းတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-15 တွင် 3D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV HAI YANG SHI YOU 721 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။ **မြန်မာ့အလင်း**




# My Anthology စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

စာရေးဆရာမ အေးဖြူ၏ My Anthology အမည်ရှိ စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေထားသည်။

အဆိုပါစာအုပ်တွင် ပုဒ်ရေ ၂၆ ပုဒ်ပါရှိပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။ **မြန်မာ့အလင်း**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် သုတိသြဘာ (ဆင်ပေါင်ဝဲ)၏ "ယောပုဆိုးနှင့်ကြွခဲ့ပါအပါအဝင် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြေလတ်ဒေသ၊ အောင်လံနယ်၊ ဆင်ပေါင်ဝဲမြို့နယ်မှ ကျောင်းထိုင်ဆရာတော်တစ်ပါး၏ အတွေ့အကြုံများကို အရေးအသားသွက်သွက်ဖြင့် စာဖတ်ပရိသတ်ကို ဆွဲဆောင်ထားသောဝတ္ထုတို ၁၀ ပုဒ် ပါဝင်သည်။ ဟာသနှင့် အဆွေးရေနှောကာ ရသပါပါရေးသားထားသည့်အပြင် ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးနှင့်ယဉ်ကျေးမှုအသိပညာများကို ဖြန့်ကြက်ပေးဝေထားပြီး ယခုခေတ်လူငယ်များ ထိန်းသိမ်းစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားထားသည့် ဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၇၀၀ ဖြင့် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၁၈၈၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီလ ၅ ရက်မှ ၁၁ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်နှင့် ကလေးဝတ္ထုတိုများ | ချမ်းဝဏ္ဏစိုးဝင်း | ၂၀၀၀ | ရွှေချိုးဖြူစာပေ |
| ၂ | တာဝန်ကိုယ်စီရှိကြသည်နှင့် ကလေးဝတ္ထုတိုများ | ချမ်းဝဏ္ဏစိုးဝင်း | ၂၀၀၀ | ရွှေချိုးဖြူစာပေ |
| ၃ | ပါရီကသူခိုးမလေး | ဝါဝါတင့်ဆွေ | ၄၅၀၀ | ကမ်းလက်စာပေ |
| ၄ | ခင်သန်းကြီးရဲ့မျက်လုံးတွေ | နေမျိုး | ၂၀၀၀ | နှစ်ကာလများ |
| ၅ | တိမ်ဦးလေချိုကလေးကဗျာများ | ဇာနည် | ၁၅၀၀ | ရှင်မတောင်စာပေ |
| ၆ | တကောင်းမြေမာတာ | မင်းဟန်(မန်းတက္ကသိုလ်) | ၃၀၀၀ | ပဥ္စင်္ဂစာအုပ်တိုက် |
| ၇ | မောင်သိန်းတင်၊မသိန်းရှင်နှင့် အခြားဝတ္ထုတိုများ | ရွှေဥဒေါင်း | ၁၅၀၀ | the key colection |
| ၈ | ရော်လ်(ဒ်) ဒါးလ် | the key colection | ၁၅၀၀ | the key colection |
| ၉ | ဟော့ဂ်စ်မှော်ကျောင်းတော်၏ စာကြည့်တိုက်မှတ်တမ်း | ကောင်းမြတ်လွန်းသော်(ဆေးတက္ကသိုလ်) | ၂၇၀၀ | ရွက်စိမ်းစာပေ |
| ၁၀ | သံမဏိနှင်းဆီဆောင်းပါးများ | ခင်နှင်းဦး | ၃၅၀၀ | စာပေခရီးသွားများ |
| ၁၁ | အလေးထားစရာ မြန်မာစာ (၃) | အေးကျော်မင်း | ၂၀၀၀ | Wistom House |
| ၁၂ | ခါးနာခြင်းအတွက် အိမ်တွင်းကုထုံးနှင့် သိမှတ်ဖွယ်ရာ ကျန်းမာရေးအဖြာဖြာ | ပေါက်ပေါက် | ၁၅၀၀ | ရန်အောင်စာပေ |
| ၁၃ | စီးပွားရေးသမားလမ်းညွှန် (အချက် ၄၀၀) | နေလင်းဝင်း | ၃၀၀၀ | မဇ္ဈိမစာပေ |
| ၁၄ | လူငယ်ဖတ်ရေးဖြတ်တွေးများနှင့် ဘဝအောင်မြင်ရေးဆိုင်ရာ ဝတ္ထုတိုရသစာစုများ | သန်းထိုက် (ရွှေရိပ်) | ၂၅၀၀ | မဇ္ဈိမစာပေ |
| ၁၅ | ဗြိတိသျှတို့၏ လေကြောင်းတိုက်ပွဲနှင့်ဆင်ဖြူရှင် လက်ထက် မြန်မာတို့၏ မျိုးချစ်စစ်ပွဲနှိုင်းယှဉ်ချက် | ဒေါက်တာသိန်းထွန်း | ၂၅၀၀ | အေဇက်စာပေအိမ် |
| ၁၆ | ထောင်ပြေးမင်းအောင်နှင့် ကိုးတံခါးလူရှင်သချိုင်း | စံ-ဇာဏီဘို | ၂၀၀၀ | အေဇက်စာပေအိမ် |
| ၁၇ | ဘာအရေးကြီးဆုံးလဲ | လေးကေ-အရှင်နန္ဒမာလာ | ၁၅၀၀ | သင်းစာစာပေ |
| ၁၈ | ဟောင်ကောင်၊ မကာအို ဒီနေ့ | ဆူးသစ်နီ | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၉ | လူ့အခွင့်အရေးအကြောင်း ပြောကြစတမ်းဆိုလျှင် | တက္ကသိုလ်မြတ်သူ | ၃၅၀၀ | ဘုရင့်စာအုပ်တိုက် |
| ၂၀ | ဘကြီးဘုန်းကြီးလိမိတက်တရား | ဓမ္မဂင်္ဂါ | ၃၅၀၀ | ဇွန်ပွင့်စာပေ |
| ၂၁ | ဝေဖန်ရေးနဲ့ ကျွန်တော် | မောင်သာနိုး | ၂၅၀၀ | စိတ်ကူးချိုချို |
| ၂၂ | လူငယ်တွေဖတ်ဖို့ | ကောင်းစံသာ(ရေကြည်) | ၂၅၀၀ | ယဉ်မျိုးစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် လက်ခံရေးစခန်းများနှင့် ကြားစခန်းတည်ဆောက်မှု အချိန်မီအသင့်ဖြစ်မည်

စစ်တွေ ဇန်နဝါရီ ၁၄

**ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော UEHRD ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားသော ကလေးအသက် နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ပေးသော အစီအစဉ် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**



### ဥပဒေနှင့်အညီ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှ မောင်တောမြို့သို့ ထွက်ခွာလာပြီး မောင်တောမြို့နယ် ကျီးကန်းပြင်တောင်ရွာအနီးတွင် ယာယီနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာကိုးကွယ်သူများကို တွေ့ဆုံ၍ အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် နေအိမ်များ မီးလောင်သွားသော်လည်း တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်မသွားဘဲ ဆက်လက်နေထိုင်နေကြသဖြင့် နေအိမ်များ ပြန်လည်တည်ဆောက်ပေးရန် လာရောက်ညှိနှိုင်းခြင်း ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်နေရာချထားပေးမည် ဖြစ်ကြောင်း၊ မိမိတို့လက်ရှိ လုပ်ကိုင်နေသော လယ်ယာအသက်မွေးဝမ်းကျောင်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် အနီးဆုံးနေရာတွင် နေအိမ်များ စနစ်တကျ ကျေးရွာပုံစံအတိုင်း အမြန်အကောင်အထည်ဖော် ပြန်လည် တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### ညှိနှိုင်းဆောင်ရွက်

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြန်လည်လက်ခံရေးစခန်းများမှ စနစ်တကျစိစစ် လက်ခံပြီးသူများအား ယာယီထားရှိမည့် ကြားစခန်းဖြစ်သော လှဖိုးခေါင်စခန်း ပြင်ဆင်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုသည်။

လှဖိုးခေါင်စခန်းသည် ၁၂၄ ဧကကျယ်ဝန်းပြီး အဆောက်အအုံ ၆၂၅ လုံး ဆောက်လုပ်မည်ဖြစ်ပြီး လူဦးရေ ၃၀၀၀၀ ခန့်အထိ ယာယီနေထိုင်နိုင်မည်ဖြစ်သည်။ ယခု ဇန်နဝါရီ ၂၅ ရက်တွင် အဆောက်အအုံအလုံး ၄၀ နှင့် ၃၁ ရက်တွင် အလုံး ၁၀၀ ပြီးစီးမည်ဖြစ်သည်။ အဆောက်အအုံတစ်ခုတွင် လူဦးရေ ၈၀ နေထိုင်နိုင်မည်ဖြစ်သည်။ ယင်းနောက် လှဖိုးခေါင်စခန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လိုအပ်ပါက နေထိုင်နိုင်ရန်အတွက် အသင့်ဆောက်လုပ်ထားသော ဘယ်လ်ဂျီယံနိုင်ငံထုတ် အဆင့်မီ ယာယီမိုးကာတဲများ ဆောက်လုပ်ပြီးစီးမှုကိုလည်း ကြည့်ရှုခဲ့သည်။

### အချိန်မီပြီးစီးနိုင်ရေး

ဆက်လက်၍ ငါးခူရ လက်ခံရေးစခန်းသို့ ရောက်ရှိပြီး တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ စနစ်တကျ စိစစ်လက်ခံရန်အတွက် ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုသည်။ စခန်းတွင် လာရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရန်နှင့် လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အဆောက်အအုံများ ပြင်ဆင်တည်ဆောက်နေမှုများတွင် အချိန်မီ ပြီးစီးနိုင်ရေး သက်ဆိုင်ရာ ဆောက်လုပ်ရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် ဆွေးနွေးခဲ့ပြီး လက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခုတို့အတွက် လိုအပ်သော မီးစက်များ၊ မီးလိုင်းများချထား တပ်ဆင်ပေးရေး ပြည်နယ်လျှပ်စစ်မှူးနှင့် ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဟိန္ဒူဘာသာဝင်များအား နေရာချထားမည့် အိုးထိန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာတည်ဆောက်ရန်အတွက် မြေညှိနေမှုများ၊ နေအိမ်များဆောက်လုပ်နေမှုများကို ကြည့်ရှုပြီး ပြန်လည်ဝင်ရောက်လာသူများကို အချိန်မရွေးလက်ခံနိုင်ရန် UEHRD ယာယီမိုးကာတဲများ ဆောက်လုပ်ထားရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

### စီစဉ်ဆောင်ရွက်ပြီးဖြစ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးရောက်ရှိနေသူများအား စနစ်တကျ စိစစ်လက်ခံမည့် လုပ်ငန်းများကို ယခု ဇန်နဝါရီ ၂၃ ရက်တွင် လုပ်ငန်းများ စတင်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့်အဆင်သင့်ဖြစ်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တောင်ကုတ်၊ ကျိန္တလီနှင့် ဂွမြို့တို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ




**တောင်ကုတ် ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက လွှတ်တော်ရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

### ဒေသဖွံ့ဖြိုးရေး

ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၁၁ ရက်က ကျိန္တလီမြို့သို့ ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လွှတ်တော်ရေးရာကိစ္စများ ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအတွက် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

### ဆွေးနွေးပြောကြား

ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၁၂ ရက်တွင် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော်ရေးရာကိစ္စများ ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပြီး မြို့နယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၅၀ နှင့် အခြားဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# UEHRD ၏ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်(စတုတ္ထအဖွဲ့)အတွက် လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း(Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD) ၏ စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ် (စတုတ္ထအဖွဲ့)တွင် ပါဝင်ကြမည့် စေတနာ့ဝန်ထမ်းလူငယ်များအတွက် လုပ်ငန်းခွင်အကြိုသင်တန်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။ **(ဝဲပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်စန်းစန်းအေးက အမှာစကားပြောကြားရာ UEHRD ပြည်ထောင်စုစီမံကိန်းတွင် အဓိကလုပ်ငန်းစဉ်(၃)ရပ်ရှိပါကြောင်း၊ ပထမအချက်သည် လူသားချင်းစာနာမှု အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး၊ ဒုတိယအချက်သည် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ တတိယအချက်မှာ တည်တံ့ခိုင်မြဲသည့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ယခုသင်တန်းနှင့် ကွင်းဆင်းခရီးစဉ်မှစ၍ အတွေ့အကြုံကောင်း၊ အလေ့အကျင့်ကောင်းများကို ရယူသွားပြီး နိုင်ငံတော်၏ အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြသော လူငယ်မောင်မယ်များ ဖြစ်ကြ၍ အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသွားသည်။

လုပ်ငန်းခွင် အကြိုသင်တန်းကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ အခြေခံဥပဒေသများနှင့် လက်တွေ့ဆောင်ရွက်မှုနယ်ပယ်တွင် ကြိုတင်ပြင်ဆင်ထားသင့်သည့် ကိစ္စရပ်များ၊ လူမှုသဟဇာတဖြစ်မှု၊ ပဋိပက္ခများ၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ရင်ကြားစေ့ရေး၊ စာရင်းဇယားကောက်ယူခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း၊ လုပ်ငန်းဆောင်ရွက်စဉ် အန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးနှင့် ပဋိပက္ခဖြစ်ပွားရာ နေရာများသို့ အထောက်အပံ့ပေးရာတွင် မိမိဆောင်ရွက်ချက်ကြောင့် ပဋိပက္ခ ပိုမိုမဆိုးသွားစေရေးစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းပြီးဆုံးချိန်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များ၌ အခြေပြုပြီး လူသားချင်း စာနာထောက်ပံ့မှု အကူအညီများ ပေးအပ်နိုင်ရေးအတွက် စာရင်းကောက်ယူခြင်းနှင့် စားနပ်ရိက္ခာများအား အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖြူးငလျင်လှုပ်ပြီး နောက်ဆက်တွဲငလျင်များ ဆက်တိုက်လှုပ်လျက်ရှိ ငလျင်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ပြည်သူများ အထူးသတိထားရန်လို

နေပြည်တော် ဇန်နဝါရီ ၁၄

**ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက်တွင် ဇန်နဝါရီ ၁၂ ရက်က လှုပ်ခဲ့သော အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်နှင့် ဆက်စပ်ပြီး နောက်ဆက်တွဲငလျင်များ ဆက်တိုက်လှုပ်လျက်ရှိရာ ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၁၄ ရက်အထိ စုစုပေါင်း လှုပ်ခဲ့သည့် ငလျင်အကြိမ်ပေါင်း ၁၉ ကြိမ်အထိ ရှိလာပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။**

ဖြူးငလျင်လှုပ်ပြီးနောက် ငလျင်ငယ် (Aftershock) များ နေ့စဉ်လှုပ်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက် နံနက် ၅ နာရီ ၅၉ မိနစ် ၄၉ စက္ကန့်ကလည်း ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြုပြီး အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

### အထူးအလေးထား နေသင့်

ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး တိုက်တာ အဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ပျက်စီး၊ ပြိုကျတတ်ခြင်း၊ အဆောက်အအုံများတွင် အုတ်ကျိုးအုတ်ပဲ့များ ပြိုကျခြင်း၊ လျှပ်စစ်ခတ်ကြိုးများ ပြုတ်ကျခြင်းနှင့် အခြားဘေးအန္တရာယ်များ ဖြစ်လာနိုင်ခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် အထူးသတိထားနေသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

“ အခုလတ်တလောလှုပ်တဲ့ ငလျင်ငယ်တွေက ဖြူးငလျင်နဲ့ ဆက်စပ်ပြီး လှုပ်နေတာ ဖြစ်ပါတယ်၊ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိတဲ့ ဖြူးငလျင်ဟာ ပဲခူးရိုးမပေါ်ရှိတဲ့ ပြတ်ရွေ့အသေးလေးတွေကြောင့် လှုပ်တာဖြစ်တယ်၊ စစ်ကိုင်းပြတ်ရွေ့နဲ့ မဆိုင်ပါဘူး၊ ငလျင်ကြီးတွေလှုပ်ပြီးရင် ငလျင်ငယ်တွေက ထပ်မံလှုပ်လေ့ရှိပါတယ်၊ ဆက်လက်ပြီးလည်း လှုပ်နိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ အသွားအလာ၊ အနေအထိုင်တွေကို သတိထားစေချင်ပါတယ်” ဟု မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ပြောသည်။

ဇန်နဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် ၀၀ နာရီ ၅၆ မိနစ် ၂၃ စက္ကန့်ကလှုပ်ခဲ့သော ဖြူးငလျင် ဗဟိုချက်ပြ မြေပုံ။




### အင်အားအသင့်အတင့် ငလျင်ဖြစ်

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံ ပြည်တွင်းကို ဗဟိုပြု၍ လှုပ်ခဲ့သည့် ငလျင်များအနက် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ ဖြူးမြေငလျင်သည် အင်အားအသင့်အတင့်ရှိသော ငလျင်ဖြစ်ကြောင်း ငလျင်မှတ်တမ်းအရ သိရသည်။

ဇန်နဝါရီ ၁၂ ရက်မှ ဇန်နဝါရီ ၁၄ ရက်အထိ လှုပ်ခဲ့သည့် ငလျင်များမှာ မြန်မာစံတော်ချိန် ၀၀ နာရီ ၅၆ မိနစ် ၂၃ စက္ကန့်အချိန်တွင် ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့် အင်အားအသင့်အတင့်ရှိ မြေငလျင်၊ ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၈ မိနစ် ၁၁ စက္ကန့်တွင် ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၂၄ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့် အင်အားအနည်းငယ်ရှိငလျင်၊ ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၂ မိနစ် ၅၉ စက္ကန့်က ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၆ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်၊ ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၄ မိနစ် ၀၀ စက္ကန့်က ဖြူးမြို့ အနောက်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်၊ ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၉ မိနစ် ၂၄ စက္ကန့်တွင် ဖြူးမြို့ အနောက်ဘက် ၂၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်၊ ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၄၆ မိနစ် ၁၄ စက္ကန့်တွင် ဖြူးမြို့၏ အနောက်တောင်ဘက် ၂၀ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်၊ ယင်းနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၅၃ မိနစ် ၅၆ စက္ကန့်တွင် ဖြူးမြို့၏ အနောက်တောင်ဘက် ၂၀ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်၊ ဇန်နဝါရီ ၁၃ ရက် မြန်မာစံတော်ချိန် ည ၈ နာရီ ၂၀ မိနစ် ၂၅ စက္ကန့်တွင် ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၆ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်၊ ဇန်နဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၅၉ မိနစ်၊ ၄၉ စက္ကန့်တွင် ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၂၅ မိုင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့် အင်အားအနည်းငယ်ရှိ ငလျင်တို့ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

### သတိပြုနေထိုင်ရန် လိုအပ်

အင်အားပြင်းငလျင်များ ဖြစ်ပေါ်လာပါကလည်း ပျက်စီးဆုံးရှုံးမှု ကြီးမားတတ်ပြီး နောက်ဆက်တွဲငလျင်ငယ်များ (Aftershocks) လှုပ်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်ခြင်း၊ ရုတ်တရက် လျှပ်စစ်ကြိုးများ ပူးသွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့ပိုက်များ ပျက်စီးရာမှတစ်ဆင့် မီးလောင်ကျွမ်းခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သဖြင့် ပြည်သူများအနေဖြင့် အထူးသတိပြုနေထိုင်ရန် လိုအပ်ကြောင်း ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးထားသည်။

ဇန်နဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၅၉ မိနစ် ၄၉ စက္ကန့်က လှုပ်ခဲ့သည့် ငလျင်ဗဟိုချက်ပြ မြေပုံ။




### ငလျင်ဘေး ကြိုတင်ကာကွယ်ရန်

ငလျင်ဘေးမှ ကြိုတင်ကာကွယ်ရန် မိမိတို့နေအိမ်တွင် ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားသင့်ပြီး မိသားစုသုံးအရေးပေါ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားကာ နေအိမ်ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေး၍ တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားရန် လိုအပ်ကြောင်း သိရသည်။

### ငလျင်လှုပ်ပါက ဆောင်ရန်၊ ရှောင်ရန်

ငလျင်လှုပ်ပြီဆိုပါကလည်း ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပြီး မပြေးထွက်နိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်အောက်တွင်ဖြစ်စေ၊ အခန်း၏ ထောင့်နေရာများတွင်ဖြစ်စေ အကာအကွယ်ယူ၍ နေသင့်ပြီး မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သော အရာများနှင့် ဝေးရာသို့ပြေးကာ ကွင်းပြင်များတွင် ခေတ္တခိုလှုံရမည်ဖြစ်ကြောင်း၊ ဆိုင်ကယ်၊ ကား စသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ငလျင်လှုပ်နေချိန်တွင် အဆောက်အအုံထဲသို့ ပြေးမဝင်ရန်နှင့် ဓာတ်လှေကားများ အသုံးမပြုပါရန်၊ အထပ်မြင့်တိုက်များမှ ခုန်ချခြင်း မပြုလုပ်ရန်၊ ငလျင်လှုပ်ပြီးနောက် အဆောက်အအုံအတွင်းသို့ ဝင်ရာတွင် ပြိုကျနိုင်သဖြင့် အဆောက်အအုံခိုင်ခံ့မှုကို စစ်ဆေးပြီးမှ ဝင်သင့်ကြောင်း၊ အလားတူ မြစ်ကမ်းပါး၊ တောင်စောင်းများတွင်လည်း မြေပြိုမှုများ ဖြစ်လာနိုင်သဖြင့် မသွားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေး ဆွေးနွေးဟောပြောပွဲများ တက်ခြင်း၊ နေ့စဉ် သတင်းထုတ်ပြန်ချက်များ၊ ပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် နားထောင်ခြင်း၊ စောင့်ကြည့်ရှုခြင်းနှင့် ပြန်လည်မျှဝေခြင်း ဆောင်ရွက်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက နှိုးဆော်ထားသည်။ **တင်မောင်လွင် (မြန်မာ့အလင်း)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၄ ရက် ည ၁၀ နာရီ ၁၈ မိနစ် ၁၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (Andaman Islands, India Region)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ် ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရှားတော ဇန်နဝါရီ ၁၄**

ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းအမှတ်စဉ်(၃) အခြေခံစက်ချုပ်ပညာ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီလပထမပတ်က ရှားတောမြို့ အောင်ချမ်းသာရပ်ကွက် ကတ်သလစ်ခရစ်ယာန်ဘုရားကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်ကာ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) နာယက က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားပြီး သင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ လုပ်သေနတ်များ ရှာဖွေသိမ်းဆည်းရမိ

**မောင်တော ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သက်ကယ်ပြင်(အရှေ့)ကျေးရွာအနီး၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီခွဲက လုပ်သေနတ်များ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက ၎င်း၏ကျေးရွာသားသုံးဦးတို့သည် သက်ကယ်ပြင်(အရှေ့)ကျေးရွာ ရေကန်အတွင်း၌ ငါးရှာစဉ်လုပ်သေနတ်များ တွေ့ရှိကြောင်း သတင်းပေးပို့ချက်အရ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့သည် အဆိုပါကျေးရွာအနီး ပတ်ဝန်းကျင်ကို သွားရောက်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ရေကန်အတွင်းမှ ဗုံးပစ်လောင်ချာပုံစံ လုပ်သေနတ် ၁၇ လက်၊ စိန်ပြောင်း (နှစ်ချောင်းထောက်ပုံစံ) လုပ်သေနတ်တစ်လက်၊ လက်နက်ငယ် လုပ်သေနတ် ၁၄ လက် စုစုပေါင်းလုပ်သေနတ် ၃၂ လက်ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ခရိုင်( ပြန်/ဆက် )**



# သာကေတမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော အဘွားအိုတစ်ဦးအား သတ်သည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၄/ မြောက်ရပ်ကွက်ရှိ တိုက် ၁၆၆ သုံးလွှာတွင် နေထိုင်သူ ဒေါ်သန်းသန်း (၇၇ နှစ်)အားသတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသည့် အမှုမှ ပြစ်မှုကျူးလွန်သူ သန်းထွန်းနိုင်အား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ငါးရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီခန့်က သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် တိုက် ၁၆၆ လေးလွှာနေ ဦးဖုန်းမြင့်နိုင် (ခ)ကိုဖုန်းသည် ပန်းရန်အလုပ်လုပ်ရန် နေအိမ်တိုက်ခန်းမှ ထွက်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ထမင်းစားရန် မိခင်နေထိုင်သည့် သုံးလွှာတိုက်ခန်းသို့ ရောက်ရှိစဉ် နေအိမ်ခန်းအတွင်းတွင် မိခင်ဖြစ်သူမှာ လည်ပင်းပြတ်ရှဒဏ်ရာ၊ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေပြီး မိခင်ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်နှစ်ကွင်းနှင့် ခြယ်နားကပ် တစ်ရန် စုစုပေါင်း ငွေကျပ် တန်ဖိုးရှစ်သိန်းခန့် ပျောက်ဆုံးနေသဖြင့် သာကေတမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော အထူးအမှုစစ်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အထူးအမှုစစ်အဖွဲ့က အခင်းဖြစ်အရပ်အား အသေးစိတ်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာတွင် သွေးစွန်းနေသော စတီးဓား တစ်ချောင်း၊ သွေးများစွန်းပေနေသည့်အဖြူရောင်ပေါ်တွင် အပြာစင်းပါရှိသည့် ရှပ်အင်္ကျီလက်တို တစ်ထည်၊ ရွှေရောင်မောင်းကွင်း လက်စွပ်တစ်ကွင်းနှင့် အခြားသဲလွန်စသက်သေခံအထောက်အထားများကို တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။ အပြာရောင်အစင်းပါ ရှပ်အင်္ကျီနှင့် စပ်လျဉ်း၍ စုံစမ်းခဲ့ရာ သာကေတမြို့နယ် အမှတ် ၃ ဈေးအနီးတွင် ဂိတ်ထိုးသည့် ဆိုက်ကားနင်းသူ သန်းထွန်းနိုင် (ခ) ကျောင်းသား၏ အင်္ကျီဖြစ်ကြောင်း၊ သေဆုံးသူအား ဈေးသွား၊ ဈေးပြန်တွင် ဆိုက်ကားဖြင့် လိုက်ပို့လေ့ရှိကြောင်း သိရှိရသည့်အပြင် အခင်းဖြစ်ရပ်ကွက် အောင်ဇေယျလမ်းရှိ CCTV မှတ်တမ်းတွင်လည်း အခင်းဖြစ်နေ့က သန်းထွန်းနိုင် (ခ) ကျောင်းသားမှာ အဆိုပါ အင်္ကျီကိုဝတ်ဆင်၍ ဆိုက်ကားနင်းနေသည့် မှတ်တမ်းရရှိခဲ့သည်။

အထူးအမှုစစ်အဖွဲ့မှ သန်းထွန်းနိုင် (ခ) ကျောင်းသားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် အမှတ် ၃ ဈေးအနီး၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းက ယင်းနေ့ နံနက် ၁၁ နာရီက ဒေါ်သန်းသန်းနေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ အိပ်ပျော်နေသည့် ဒေါ်သန်းသန်းကိုသတ်ပြီး ယူလာသည့် ရွှေဆွဲကြိုး တစ်ကုံးကို နဝလီအပေါင်ဆိုင်တွင် ရောင်းချခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

လုယက်ယူဆောင်သွားသည့် ရွှေဆွဲကြိုးကို ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး တိုင်တန်းစဉ်က လက်ကောက်နှင့် နားကပ်မှာ လုယက်ယူခဲ့ခြင်း မရှိဘဲ အခင်းဖြစ်နေအိမ်ရှိ သေတ္တာအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ပြစ်မှုကျူးလွန်သူ သန်းထွန်းနိုင်နှင့် သက်သေခံပစ္စည်းများ။**

# ဒဂုံမြို့သစ်(မြောက်ပိုင်း) ခြင်ရိုက်တံကို အားသွင်းထားရာမှ အပူလွန်ကဲပြီးမီးလောင်မှုဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၈)ရပ်ကွက် သခင်အုန်းဖေကြီးလမ်း အိမ်အမှတ်-၃၁၅ ဒေါ်မြအေး၏နှစ်ထပ်နေအိမ်တွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီ ၅ မိနစ်က ခြင်ရိုက်သည့် ဘက်တံအား မီးအားသွင်းထားရာမှ အပူလွန်ကဲ၍ အရည်ပျော်ကာ အောက်ရှိမွေ့ရာပေါ်သို့ ကျရာမှ မီးစတင်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ Level-1 အကူယာဉ်အုပ်စု ၁၄ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အထောက်အကူပြု ယာဉ်ခြောက်စီး စုစုပေါင်း ၂၂ စီးဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကိုကိုကြီး၊ မြို့နယ်မီးသတ်မှ ဦးအောင်ကျော်စိုးတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သနင်္ခမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့်မီးသတ်ငါးဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးပြီး ဒေါ်မြအေးကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားမဝင်ကုန်သတ်ကုန်ပစ္စည်း PSI စလောင်းဖန်းနှင့် ဆက်စပ်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၄ စီး ၊ သွင်းကုန် ၁၀၅၇ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ဝ၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၇၃၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၇၉၆ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၃ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖြတ်သန်းမည့်ယာဉ်အမှတ် 4F/---- ၁၂ ဘီး Hino ယာဉ်အားစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Sugar (1×50)kg 100 Bags ၊တရားမဝင်ကုန်သတ်ကုန်ပစ္စည်းများဖြစ်သော PSI စလောင်းဖန်း (100)U ၊ PSI ဒေါက်တိုင်(100)U ၊ PSI ထိပ်ဖုံး(100)U ၊ PSI အထိုင်စက် (100)Uနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက်က ယာဉ်ငယ်တစ်စီးနှင့် ခရီးသည်တင်မှန်လုံယာဉ်နှစ်စီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်ငါးမျိုးနှင့် Baby Diper (480)Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၂၈ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် ကုန်စစ်ဆေးရေးကွင်းထဲ၌ တွဲကားအောက်ပိုင်းတွင် ချိတ်ဆွဲထားသော ရီမုမိုင်းတစ်လုံးတွေ့ရှိ

**မူဆယ် ဇန်နဝါရီ ၁၄**



ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ကုန်စစ်ဆေးရေးကွင်းထဲ၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခန့်က တွဲကားယာဉ်အောက်ပိုင်း၌ ချိတ်ဆွဲထားသော ရီမုမိုင်းတစ်လုံးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးမိုးဝင်း အသက်(၃၂နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 7E/---- တွဲကားယာဉ်သည် ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မှ ရွှေပြည်သာဂိုဒေါင်တွင်ဆန်များတင်ပြီး ထွက်လာစဉ် ပိန်းဇလုပ်နှင့် မန္တလေး-ဇုတာကားဂိတ်တွင် ညအိပ်ခဲ့ပြီး ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီတွင် ယင်းဂိတ်မှ ဆက်ထွက်ခဲ့ကြောင်း၊ ဇန်နဝါရီ ၁၄ ရက် နံနက် ၂ နာရီတွင် ၁၀၅ မိုင် အေးရှားဝေါ်အနီး မူဆယ်ဆီဆိုင်ရှေ့ ပြည်ထောင်စုလမ်းမကြီးဘေး၌ ညအိပ်ရပ်နားခဲ့ကာ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ကုန်စစ်ဆေးရေးကွင်းသို့ ဝင်ရောက်ပြီး ကုန်များ စစ်ဆေးရန် ရပ်တန့်ထားစဉ် ယာဉ်နောက်လိုက် ကိုသန်းစိုးက ယာဉ်အောက်ပိုင်း ဂီယာဘောက်တွင်ဆီများ ယိုထွက်နေသည်ကို ကြည့်ရှုခဲ့ရာမှ တွဲထောင့်၌ အဝတ်စအိတ်အဖြူဖြင့် ချိတ်ဆွဲထားသောအိတ်ကို တွေ့ရှိခဲ့သောကြောင့် ယာဉ်မောင်း ဦးမိုးဝင်းအား ပြောခဲ့သည်။

ဦးမိုးဝင်းက နယ်မြေခံတပ်သို့ သတင်းပို့ခဲ့ပြီး တွဲကားအောက်ပိုင်းတွင် ချိတ်ဆွဲထားသော TNT အားမြင့်ယမ်းလေးတုံး၊ ခတ်ခဲငါးလုံး၊ ပါရီမုဆား ကစ်ပြားတစ်ခု၊ ဘောစေ့ဘူးတစ်ဘူး၊ လျှပ်စစ်စနက်တံတစ်ချောင်း၊ လျှပ်စစ်ဝိုင်ယာကြိုးရှစ် လက်မနှစ်ချောင်းတို့အား တွေ့ရှိခဲ့ကြောင်း၊ အဆိုပါမိုင်းအား အဖွဲ့စုံဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းမိုင်းအား သက်ဆိုင်ရာက သက်မဲ့ပြုလုပ်ခဲ့ကာ (ဓဝံ) အောင်မြင်စွာ ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**ကာမိုင်း ဇန်နဝါရီ ၁၄**

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ကပ်မော်ဇွပ်ကျေးရွာအုပ်စု နန့်တိမ်းအခြေပြုနယ်မြေခံတပ်စခန်းစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီခွဲက တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။ **(အောက်ပုံ)**

ကာမိုင်းမြို့ ကပ်မော်ဇွပ်ကျေးရွာအုပ်စု နန့်တိမ်းအခြေပြု နယ်မြေခံတပ်စခန်းစစ်ဆေးရေးဂိတ်တွင် ဖားကန့်ဘက်မှ မြစ်ကြီးနားဘက်သို့ မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်နေ ခင်မောင်သန်း(၅၂နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 9A/---- ဗင်အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက် ခန်းအံ့ဝှက်အတွင်းမှ ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၈၀ အလေးချိန် ၁၂၀ ကီလိုဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ခင်မောင်သန်းအား ကာမိုင်းနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**



# မိုးကုတ်မြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၅ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် အောင်ကိုကို (ခ) အောင်ကို၏ လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(ဘိန်းဖြူအလေးချိန် ၁၃၂ ဂရမ်)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ နံနက် ၆ နာရီခန့်၌ ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် သီဟဇော်၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ခုနစ်ခွက်(ဘိန်းဖြူအလေးချိန် ၈၄ ဂရမ်)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီခွဲ၌ မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့ ပိတ်စွယ်(၁)ရပ်ကွက်နေ မစောဖိန်း(ခ)မမိမိုးစံ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀ ကိုလည်းကောင်း။

အလားတူ ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် စယ်အူကျေးရွာအုပ်စု နမ့်စလီး(တရုတ်)ကျေးရွာနေ ဝမ်ချောက်ကွေး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၀၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ နှင့် ဘိန်းဆီခဲ ၃၀၀ ဂရမ်တို့ကိုလည်းကောင်း။

ယမန်နေ့ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် တောလမ်း ငါးကန်အနီးတွင် ယောလှမောင်းနှင်သည့်မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ ထိုင်းငွေ ၁၁၄၀၀ ဘတ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# ယမ်းချက်ရာမှ ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးမှုဖြစ်ပွား

**သပိတ်ကျင်း ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့မ ရဲစခန်းနယ်မြေတွင် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က ယမ်းချက်ရာမှ ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။ သပိတ်ကျင်းမြို့နယ် ရေထွက်ကျေးရွာအနီး ရွှေသတ္တုတူးဖော်ထုတ်လုပ်သော မွန်ကြည်ဖြူကုမ္ပဏီဝင်းအတွင်း ယမ်းပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယင်းကုမ္ပဏီ လုပ်ကွက်အမှတ်(TPK-203) ဝင်းအနီး၌ ရောင်စဉ်နှင့် မင်းမော်တို့ နှစ်ဦးကို လုပ်ကွက်တာဝန်ခံ ကိုတူးက ကျောက်မိုင်းခွဲရန် ချက်ယမ်းတစ်ပိဿာခန့်ကို ပြန်လည်ချက်လုပ်ခိုင်းသဖြင့် ယမ်းချက်စဉ် မီးလောင်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နှစ်ဦးစလုံး ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ယမ်းချက်ခိုင်းသူ ကိုတူး (ဖမ်းမမိ)အား သပိတ်ကျင်းမြို့မ ရဲစခန်းက အမှုဖွင့်ကာ စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# အီဂျစ်ရေတပ်မှ တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းငါးဖမ်းလုပ်သားတစ်ဦး သေဆုံး




**ဂါဇာ ဇန်နဝါရီ ၁၄**

ပါလက်စတိုင်း ငါးဖမ်းလုပ်သားတစ်ဦးသည် ဂါဇာကမ်းခြေတောင်ပိုင်း တွင် ပြီးခဲ့သည့် သောကြာနေ့က အီဂျစ်ရေတပ်မတော်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် စနေနေ့ နံနက်ခင်းက ရာဖာရှိ ဆေးရုံတစ်ရုံတွင် သေဆုံးသွားခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ငါးဖမ်းလုပ်သားတစ်ဦးဖြစ်သည့် အဗ္ဗဒူလာ ဇိတ်ဒင် (အသက် ၃၂ နှစ်) သည် အီဂျစ်နှင့် ဂါဇာကမ်းခြေဒေသအကြားရှိ ရာဖာတောင်ပိုင်း နယ်စပ်မြို့ အနီးတွင် ငါးဖမ်းနေစဉ် အီဂျစ်တပ်ဖွဲ့ဝင်များ၏ သေနတ်ပစ်ခတ်မှုကြောင့် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အီဂျစ်အာဏာပိုင်များထံမှ မှတ်ချက် ထွက်ပေါ် လာခြင်းမရှိသေးကြောင်း သိရသည်။ ကလေးငါးယောက်၏ ဖခင်ဖြစ်သည့် ဇိတ်ဒင် သေနတ်ပစ်ခံရမှုနှင့်ပတ်သက်၍ အဆိုပါဒေသအတွင်း ဆန္ဒပြရန်အတွက် ကမ်းခြေ ဒေသရှိ ငါးဖမ်းလုပ်သားသမဂ္ဂက ငါးဖမ်းလုပ်ငန်းလုပ်ကိုင်မှုကို ခေတ္တရပ်နားကြောင်း ကြေညာခဲ့သည်။ အစ္စရေးအစိုးရ၏ တင်းကျပ်သည့် စည်းမျဉ်း၊ စည်းကမ်းများ အောက်တွင် ငါးဖမ်းလုပ်သား ၃၀၀၀ ခန့်တို့သည် ဂါဇာကမ်းမြောင်ဒေသတွင် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း ငါးဖမ်းလုပ်သားသမဂ္ဂအဖွဲ့က ပြောကြား ခဲ့သည်။

ငါးဖမ်းရန်ကန့်သတ်ထားသည့် ဧရိယာသည် ကမ်းခြေဒေသရှိ ပြည်သူနှစ်သန်း တို့၏ လိုအပ်ချက်များအတွက် လုံလောက်ခြင်း မရှိရာ ဂါဇာငါးဖမ်းလုပ်သားများ သည် ငါးဖမ်းဇုန်ကန့်သတ်ထားမှုအပေါ် စောဒကတက်ခဲ့ကြသည်။

**ဆင်ဟွာ**

## ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် လစ်သူယေးနီးယားဝန်ကြီးချုပ်တို့ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုအရေး ဆွေးနွေး

**တိုကျို ဇန်နဝါရီ ၁၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဆွေးနွေးဖက် လစ်သူယေးနီးယားဝန်ကြီးချုပ် တို့သည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်နှင့် နျူကလီးယားဆိုင်ရာ ခြိမ်းခြောက် မှုများကို တုံ့ပြန်ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဘောလ်တစ်နိုင်ငံများသို့ ခရီးစဉ် သွားရောက်မှု၏ တတိယမြောက်ခြေလှမ်းအဖြစ် လစ်သူယေးနီးယားသို့ စနေနေ့တွင် ရောက်ရှိခဲ့သည်။ လစ်သူယေးနီးယားဝန်ကြီးချုပ် ဆော်လီယပ် စကဗာနီလစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် အာဘေးသည် မြောက်ကိုရီးယားနိုင်ငံက လစ်သူယေး နီးယားမြို့တော် ဗီလ်နီယပ်စ် အထိ ရောက်ရှိနိုင်သည့် တိုက်ချင်းပစ် ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သတိပေးခဲ့သည်။ ယင်းအခြေအနေကို ဥရောပနိုင်ငံများ အားလုံးအတွက် ခြိမ်းခြောက်မှု တစ်ခုအနေဖြင့် အာဘေးက ဖော်ပြခဲ့သည်။

စကဗာနီလစ်က လစ်သူယေးနီးယားနိုင်ငံသည် သမိုင်းကြောင်းဆိုင်ရာ နှစ်နိုင်ငံ ဆက်ဆံရေးအပေါ် တည်ဆောက်ထားခဲ့သည့် ဂျပန်နိုင်ငံနှင့် မဟာဗျူဟာကျသည့် ဆက်ဆံရေးအခြေအနေကို တိုးတက်စေလိုကြောင်း ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုဖိအားပေး သွားကြရန်အတွက် အတူတကွ လက်တွဲလုပ်ဆောင်သွားကြရန် သဘောတူညီ ခဲ့ကြောင်း သိရသည်။ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနှင့် ကျန်းမာရေးစောင့်ရှောက် မှုကဲ့သို့ ကဏ္ဍများတွင် ဂျပန်နိုင်ငံနှင့် လစ်သူယေးနီးယားတို့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် သဘောတူညီခဲ့ကြသည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အာဘေးက ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွား တိုးတက်မှုတို့သည် လွတ်လပ်ရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေးကဲ့သို့သော အခြေခံတန်ဖိုးများအပေါ်တွင် တည်ဆောက်သွားသင့်ကြောင်း အလေးအနက် ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံသားများကို မှောင်ခိုသွင်းမှုနှင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုဖိအားပေးရန် ကိစ္စရပ်များနှင့်ပတ်သက်၍ လစ်သူ ယေးနီးယားခေါင်းဆောင်နှင့် အဓိပ္ပာယ်ပြည့်ဝသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ခဲ့ ကြောင်း အာဘေးက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




## မီးလောင်ကျွမ်းသည့် အီရန်ရေနံတင်သင်္ဘော ရေအောက်သို့ နစ်မြုပ်


မီးစွဲလောင်နေသည့် အီရန်ရေနံတင်သင်္ဘော ဆန်ချီကို ကယ်ဆယ်ရေးသင်္ဘောတစ်စင်းက မီးငြိမ်းသတ်နေစဉ်။

**ပေကျင်း ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၆ ရက်က ဖြစ်ပွားခဲ့သည့် သင်္ဘောနှစ်စင်းတိုက်မိမှုတွင် မီးလောင် ကျွမ်းနေခဲ့သည့် အီရန်ရေနံတင်သင်္ဘော သည် ဂျပန်အထူးစီးပွားရေးဇုန်အတွင်း သို့ မျောပါသွားခဲ့ပြီးနောက်တွင် နစ်မြုပ် သွားခဲ့ကြောင်း တရုတ်နိုင်ငံပိုင်ရုပ်သံက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အရှေ့တရုတ်ပင်လယ်တွင် အခြား သင်္ဘောတစ်စင်းနှင့် မတော်တဆတိုက်မိ မှုဖြစ်ပွားခဲ့ပြီးနောက် ဆန်ချီရေနံတင် သင်္ဘောသည် ညနေ ၄ နာရီအချိန်တွင် ရုတ်တရက် မီးစွဲလောင်ခဲ့ပြီး ရက်သတ္တ ပတ် တစ်ပတ်ကျော်ကြာအောင် မီးလောင် ကျွမ်းနေခဲ့ကြောင်း တရုတ်ဗဟိုရုပ်မြင် သံကြားက ပြောကြားသည်။

**ရိုက်တာ**

## DACA အစီအစဉ်ရပ်ဆိုင်းရန် ကြိုးပမ်းမှုကို တရားသူကြီးက ခေတ္တပိတ်ပင်ခဲ့ပြီးနောက် လျှောက်ထားမှုအသစ်များကို လက်ခံရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

DACA အစီအစဉ်ကို အဆုံးသတ်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို တရားရုံးက ခေတ္တပိတ်ဆို့မှု ပြုလုပ်ခဲ့ပြီးနောက်တွင် အမေရိကန်လူဝင်မှုကြီးကြပ်ရေးအာဏာ ပိုင်များသည် ပြည်နှင်ခံရခြင်းမှ ကာကွယ် ရန် အမေရိကန်ပြည်ထောင်စုသို့ တရား မဝင် ခေါ်ဆောင်လာခြင်းခံရသည့် လူငယ် များကို အကာအကွယ်ပေးသည့် ယင်းအစီအစဉ်အောက်တွင် တောင်းဆိုမှု များကို ပြန်လည်စတင်လက်ခံပေးသွား မည်ဖြစ်ကြောင်း စနေနေ့တွင် ပြောကြား ခဲ့သည်။

အမေရိကန် နိုင်ငံသားအဖြစ် ခံယူ မှုနှင့် လူဝင်မှုကြီးကြပ်မှု ဝန်ဆောင်မှု အဖွဲ့က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြ ထားသည်မှာ DACA အစီအစဉ် အောက်တွင် ယခင်က အကာအကွယ် ရရှိခဲ့သည့် ပြည်သူများသည် အသစ် ပြန်လည် လျှောက်ထားမှု ပြုလုပ်ရလိမ့် မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယခုနှစ်နှောင်းပိုင်းတွင် DACA အစီ အစဉ်ကို အဆုံးသတ်ရန် ဆုံးဖြတ်ချက် ချခဲ့မှုကို အမေရိကန်တရားသူကြီးက ပြီးခဲ့သည့်ကြာသပတေးနေ့တွင် ခေတ္တ တားဆီးပိတ်ဆို့မှု ပြုလုပ်လိုက်ပြီးနောက် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ် ကြောင်း သိရသည်။ အမေရိကန်သို့ တရားမဝင်ခေါ်ဆောင်လာခြင်းခံရသည့် အဆိုပါရွှေ့ပြောင်းသွားလာသူများကို တရားဝင် သဘောတူခွင့်ပြုချက်ပေးမည့် ဥပဒေသစ်ရေးဆွဲရန် ရှိ မရှိနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်တွင် အငြင်းပွား နေကြဆဲဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**



# ကြွေးကြော်သံများ ညံမစဲ အလုပ်ရရှိရေး တူဆင်နွှဲ

**တင်လင်းအောင်**

ကြွေးကြော်သံများ ဟစ်ကြွေးလျက် လက်ကိုင်ကြော်ငြာဆိုင်းဘုတ်များ ကိုင်စွဲကာ ချွတ်ခြုံကျနေတဲ့ တူနီးရှား မြို့တော် ဆီဒီဘောက်ဇစ်ရဲ့ အစိုးရရုံး တစ်ရုံးအပြင်ဘက်မှာ ဆန္ဒပြနေသူ တွေကတော့ တက္ကသိုလ်ဘွဲ့ရတွေပဲ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ တက္ကသိုလ် ဘွဲ့ရတွေမှ ဘွဲ့ရတွေစစ်စစ်ပါ။ သူတို့ဟာ ဘာလို့ အခုလို ဆန္ဒပြနေကြတာလဲ။ အဖြေဟာ ရှင်းလှပါတယ်။ အလုပ် အကိုင်အတွက် ဖြစ်ပါတယ်။ အခုလို အလုပ်အကိုင်အတွက် ဆန္ဒပြတာ တွေက တူနီးရှားအာဏာပိုင်တွေကို သတင်းစကားတစ်ခု အမှာပါးလိုက် သလိုပါပဲ။ ဘယ်လို သတင်းစကားမျိုး လဲဆိုတော့ အကယ်၍ အလုပ်အကိုင် အတွက် မဖန်တီးပေးနိုင်ဘူးဆိုရင် အကျပ်အတည်း ဒုက္ခတွေနဲ့ ရင်ဆိုင်ရ တော့မယ်ဆိုတဲ့ သတင်းစကားပဲ ဖြစ်ပါ တယ်။




သူတို့ဟာဖျတ်ခနဲ ပေါ်ပေါက်လာ တဲ့ အစိုးရဆန့်ကျင် ဆန္ဒပြမှုတစ်ခု ဖြစ်ပြီး ယခုတစ်ပတ်ထဲမှာပဲ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် နိုင်ငံ အနှံ့ အရှိန်အဟုန်ကောင်းကောင်းနဲ့ ပျံ့နှံ့သွားခဲ့ပါတယ်။ အခုလို ဆန္ဒပြမှုဟာ နိုင်ငံကို ဝရုန်းသုန်းကားဖြစ်သွားစေ မယ့် အခြားနိုင်ငံရေး အကျပ်အတည်း တစ်ခုဖြစ်ပေါ်လာဖို့ လှုံ့ဆော်လိုက်သလို ပါပဲ။ ဘယ်လိုမျိုးနောက်ထပ်နိုင်ငံရေး အကျပ်အတည်းလဲဆိုတော့ နိုင်ငံခြား ငွေချေးသူများရဲ့ ဖိအားအောက်မှာ ပိုဆိုးလာတဲ့ ခြိုးခြံချွေတာတဲ့ အကျပ် အတည်းပဲ ဖြစ်ပါတယ်။

အခုလို အလုပ်အကိုင်အတွက် ဆန္ဒပြသူတွေထဲက တစ်ယောက်ဖြစ်တဲ့ ဘတ်ရှာဟူစိန်က “အလုပ်အကိုင်နဲ့ နေစရာသာရမယ်ဆိုရင် ကျွန်တော်တို့ ရဲ့ ဘဝဟာဒီထက်ပိုမိုကောင်းမွန်လာ ဖို့ မျှော်လင့်နိုင်တာပဲ” လို့ ပြောပါတယ်။ တကယ်ကို ဝမ်းနည်းစရာကောင်းပါ တယ်။ မှန်ပါတယ်၊ လူတိုင်းသာ အဆင် ပြေနေမယ်ဆိုရင် ဘယ်တော့မှ ဆန္ဒပြ မှုတွေဆိုတာ ရှိလာမှာမဟုတ်ပါဘူး။ သူဟာ လက်ရှိမှာ အသက် ၃၂ နှစ်ရှိပြီ ဖြစ်ပါတယ်။ ကိုယ်ပိုင်အလုပ်မရှိတဲ့ သူဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်က ဘွဲ့ရခဲ့တာ ဖြစ်ပေမယ့်လည်း အခုချိန်ထိ အလုပ်အကိုင်တစ်ခုတောင် မရသေးဘဲ အိမ်မှာပဲ ဆင်းဆင်းရဲရဲနဲ့ မပြည့်မစုံနေ နေရတာပါ။ အလုပ်ဟာ လူတစ်ယောက် ရဲ့ဘဝမှာ အရေးပါပါတယ်။ အလုပ်မရှိ ရင် ရည်ရွယ်ချက်မဲ့တတ်ပါတယ်။ ရည်ရွယ်ချက်မဲ့တဲ့သူဟာ ဦးတည်ရာကို သိမှာ မဟုတ်တော့ပါဘူး။ တက်မပါဘဲ သွားနေတဲ့ လှေနဲ့တူပါတယ်။ ဘယ် သောင်ပြင် ဘယ်ကမ်းနားဆီသို့ ကပ် မလဲ မသိပါ။ အင်မတန်မှ ရင်လေးစရာ ကောင်းပါတယ်။ သူတို့အတွက်သာမက နိုင်ငံအတွက်လည်း ရင်လေးစရာ ကောင်းလှပါတယ်။ ဒါကြောင့်အလုပ် အကိုင် ဖန်တီးပေးဖို့ လိုပါတယ်။

“လူငယ်လူရွယ်ကြားထဲမှာ အလုပ် လက်မဲ့နှုန်းဟာ ၃၀ ရာခိုင်နှုန်းလောက် ရှိပါတယ်၊ ကျွန်တော် လက်မထပ် နိုင်သေးပါဘူး၊ ကျွန်တော့်မှာ လက်ရှိ အခြေအနေပြောင်းလဲလာဖို့ နောက်ထပ် ရည်မှန်းချက်လည်းရှိလာမှာ မဟုတ်တော့ ပါဘူး” လို့ ဘတ်ရှာဟူစိန်က ပြောပါ တယ်။

၂၀၁၁ တော်လှန်ရေးဟာ ပြည်သူ့ ဝန်ထမ်းလုပ်ငန်းတွေမှာ အလုပ်သစ် အကိုင်သစ်တွေ ဖြစ်လာလိမ့်မယ်လို့ ဘတ်ရှာဟူစိန်နဲ့ သူ့သူငယ်ချင်း တစ် ယောက်က ထင်ပါတယ်။ ဒါပေမယ့် ထင် သလောက် မပေါက်ခဲ့ပါဘူး။ ပြည်သူ့ ဝန်ထမ်းစရိတ်ထောင်းနေတဲ့ တူနီးရှား နိုင်ငံရဲ့ အခြေအနေဟာ ကမ္ဘာမှာ အဆိုးရွားဆုံးအခြေအနေထဲက တစ်ခုပဲ ဖြစ်ပါတယ်။

အလုပ်လုပ်ချင်တဲ့ ဆန္ဒပြသူတွေရဲ့ ပိတ်ဆို့မှုတွေကြောင့် ဖော့စဖိတ်တင်ပို့မှု များဟာလည်း ကျဆင်းလာတဲ့အတွက် နိုင်ငံရဲ့အခြေအနေဟာလည်း ဆိုးရွားလာ ပါတယ်။ ထို့အတူပဲ ခရီးသွားလာရေးမှာ ဝင်ငွေတွေဟာလည်း လျော့နည်းလာပါ တယ်။ အဲလိုမျိုးအခြေအနေမဟန်မှုတွေ ကြောင့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့နဲ့ အနောက်နိုင်ငံတွေမှာ ကြွေးမြီတွေတင်ရှိစေဖို့ တွန်းအားပေး သကဲ့သို့ ဖြစ်လာပါတော့တယ်။

ကြွေးရှင်တွေကတော့ အစိုးရအနေ နဲ့ သုံးပုံနှစ်ပုံလောက်သုံးထားတဲ့ ပြည်သူ့ ဝန်ထမ်းလစာတွေကိုရပ်ဆိုင်းပြီး ရေရှည် မှာ ပညာရေးနဲ့ အလုပ်အကိုင်အခွင့် အလမ်းတွေ ဖန်တီးပေးမယ့်အခြေခံ အဆောက်အအုံတွေ တည်ဆောက်တဲ့ နေရာတွေမှာ ပိုမိုအာရုံစိုက်စေချင်ပါ တယ်။

လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်လောက် ကတော့ အာဏာပိုင်တွေက ဘွဲ့ရတွေကို အလုပ်ပေးမယ်လို့ ကတိပြုခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဖြစ်ခဲ့ပါ ဘူး။ အလုပ်အကိုင်တွေဟာ ဘယ်တော့မှ မပေါ်ပေါက်လာပါဘူး။ “ကျွန်တော်တို့က သူတို့လိုချင်တာကို ကတိပေးနိုင်တယ်၊ ဒါပေမယ့် အာဏာပိုင်တွေက နောက်ပြန် ဆွဲနေတယ်၊ ကျွန်တော်တို့အနေနဲ့ လိုချင် တာ မရမချင်း ဆက်လက်ဆန္ဒပြသွားမှာ ပဲ” လို့ ဟူစိန်က ပြောခဲ့ပါတယ်။

နိုင်ငံခြားကြွေးမြီတွေကို ဆပ်ဖို့ အစိုးရအနေနဲ့ လုပ်လေလေ အလုပ် လက်မဲ့တွေရဲ့ နေထိုင်စားသောက်မှု တွေက ပိုမိုခက်ခဲလေလေဖြစ်လာမှာ မလွဲ ပါဘူး။ ၂၀၁၁ နဲ့ နှိုင်းယှဉ်ရင် ဆန္ဒပြသူတွေ အရေအတွက်က နည်းသော်လည်း ရင်းနီးမြှုပ်နှံသူတွေနဲ့ သံအမတ်တွေက ဒီအပေါ်မှာ စိတ်မအေးနိုင်ကြပါဘူး။

သူတို့လိုပဲ စိတ်မအေးနိုင်တဲ့ အစိုးရ ညွန့်ပေါင်းအဖွဲ့မှာပါတဲ့ အစ္စလာမ့်စ်အန် ဟာနက်ပါတီဟာ ထောက်ပံ့ငွေဖြတ် တောက်မှုအပါအဝင် ပြုပြင်ပြောင်းလဲမှု အချို့ကို မလုပ်ဖို့ အလုပ်သမားသမဂ္ဂကို တိုက်တွန်းထားပါတယ်။ “ဆန္ဒပြမှုနဲ့ လုပ်ခအပေါ်သူတို့ တစ်ခုခုလုပ်ပေးလိမ့် မယ် ထင်တယ်၊ ပြီးတော့လည်း မိုးပျံနေတဲ့ ဈေးနှုန်းတွေကို ရပ်တန့်ဖို့လုပ်ဆောင်လိမ့် မယ်ထင်တယ်” လို့ ရီနေးဆင့်န် ကတ်ပီ တဲလ်မှ ကမ္ဘာ့စီးပွားရေးပညာရှင် ချာလီ ရောဘတ်ဆန်က ပြောပါတယ်။

ပြီးတော့လည်း ဆီဒီဘောက်ဇစ်မြို့ မှာ လာဘ်စားမှုတွေကလည်း ရှိပါတယ်။ သို့သော်လည်း ဒီလိုပြောဆိုမှုတွေအပေါ် အစိုးရအရာရှိများက ငြင်းဆိုခဲ့ပါတယ်။ သူတို့တွေက ဝန်ကြီးချုပ်အနေနဲ့ အခုလို အကျင့်ပျက် လာဘ်စားမှုတွေကို ကောင်း ကောင်းကိုင်တွယ်နေတယ်လို့လည်း ပြော ပါတယ်။ အကျင့်ပျက်ခြစားမှုနဲ့ ပတ်သက် လို့ ယခုအချိန်ထိ အရာရှိပေါင်း ရှစ်ဦးကို ထောင်သွင်းနိုင်ခဲ့ပြီး အသက်ကြီးအရာရှိ အဘိုးအို ဘန်အလီကိုတော့ လွတ်ငြိမ်း ချမ်းသာခွင့်ပေးခဲ့ပါတယ်။ အခုလို လာဘ်စားမှုတွေဟာ အခြေခံလူတန်းစား တွေအတွက် တကယ့်ကို နစ်နာမှုလည်း ဖြစ်သလို ဝမ်းနည်းဖွယ်ရာတွေပါ။

အလုပ်အကိုင်အခွင့်အလမ်းနည်းပါး တာကြောင့် တချို့ လူငယ်တွေဟာ လယ်ယာတွေမှာ လုပ်နိုင်ရဲ့သားနဲ့ အဲလို မလုပ်ကြတော့ဘဲ ကော်ဖီဆိုင်တွေမှာသာ အချိန်ကုန်နေကြပါတော့တယ်။ တချို့ အလုပ်လုပ်ချင်သူတွေဟာ အနီးအနားရှိ ရေနံနဲ့ ချမ်းသာတဲ့ လစ်ဗျားကို သွားကြ ပေမယ့် ဂိုဏ်းဂဏအရှုပ်တော်ပုံတွေ ကြောင့် စိုးတထိတ်ထိတ်နဲ့ ကျီးလန့်စာစား နေရ သလိုပါပဲ။ အလုပ်လုပ်ရတာ မအေး ချမ်းတော့ပါဘူး။

“လစ်ဗျားမှာ အန္တရာယ်များပြီး စွန့်စားရတယ်၊ ဒါပေမယ့် တူနီးရှားမှာ ဘယ်အလုပ်မှ မရတာနဲ့စာရင်တော့ အဲဒီမှာ သွားလုပ်တာပဲကောင်းပါတယ်၊ ပြီးတော့လည်း တူနီးရှားမှာက အကုန်လုံး ဈေးခေါင်ခိုက်နေတာ” လို့ လစ်ဗျားမှာ အလုပ်သွားလုပ်နေတဲ့ သူတစ်ဦးက ပြော ပါတယ်။

လွန်ခဲ့တဲ့ ခုနစ်နှစ်တုန်းကလည်း လူထုဆန္ဒပြမှုတွေ ဆီဒီဘောက်ဇစ်မြို့မှာ ဖြစ်ခဲ့ပါသေးတယ်။ အဲဒီ လူထုဆန္ဒပြမှု တွေဟာ တောမီးပမာကျန်ရှိနေတဲ့ မြောက်အာဖရိကတိုင်းပြည်တွေအထိ တောင် ကူးစက်ပျံ့နှံ့လို့ သွားခဲ့ပါတယ်။ အဲဒီ အာရပ်နွေဦးဆူပူမှုလို့ခေါ်တဲ့ လူထု ဆန္ဒပြမှုတွေမှတစ်ဆင့် သက်ဦးဆံပိုင်စနစ် ပုံစံနဲ့အုပ်ချုပ်တဲ့ ဗိုင်အယ်လ်အဘီဒင်းကို ဖြုတ်ချနိုင်ခဲ့ပါတယ်။

အခုအခါမှာတော့ ဆီဒီဘောက်ဇစ် မြို့ရှိဆူပူမှုကို ဦးဆောင်တဲ့ ပျိုပျိုအိုအို ရွယ်ရွယ် နှောင်းနှောင်း ကျားမ မရွေးဟာ ဖုန်ထူပြီး ပျက်စီးနေတဲ့ ပြည်နယ် မြို့တော်ရှိ လမ်းမများပေါ်သို့ ထွက်ပေါ် လို့လာခဲ့ပြန်ပါပြီ။ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။

သူတို့ဟာ ၂၀၁၁ တော် လှန်ရေးရဲ့ အသီးအပွင့်ကို ဘယ်တော့မှ မခံစား၊ မစံစားရဘူးလို့ မကျေမချမ်း ဖြစ်တင်မှု တွေ လုပ်ချင်လို့ပဲ ဖြစ်ပါတယ်။ လုပ် လည်း လုပ်ကြပါတယ်။ သူတို့ မှား သလား၊ မှားမယ်လို့တော့မထင်ပါဘူး။ သူတို့ကို အလုပ်အကိုင်အခွင့်အလမ်း တွေသာ ဖန်တီးပေးနိုင်ရင် အခုလို ဆူပူ မှုတွေ လုပ်မယ်မထင်ပါဘူး။ အရေးကြီး တာက အလုပ်အကိုင်အခွင့်အလမ်းပဲ ဖြစ်ပါတယ်။

ကိုယ့်နိုင်ငံမှာ အလုပ်မရှိလို့ လစ်ဗျားလို သူများနိုင်ငံမှာအလုပ်သွား လုပ်တာက အန္တရာယ်များမှန်းသိပါ တယ်။ သို့သော်လည်း စွန့်စားရတော့ တာပေါ့။ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်လောက် ကတည်းက လူငယ်ထောင်ပေါင်းများစွာ နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ ဆီဒီဘောက် ဇစ်မြို့က ထွက်ခွာသွားခဲ့ကြပါပြီ။ တစ်ခါ တစ်ရံ ဥရောပကို တရားမဝင်လှေစီး ဒုက္ခသည်အနေနဲ့ပါသွားကြတာ ဖြစ်ပါ တယ်။ တစ်ခါတစ်ရံမှာလည်း လစ်ဗျား၊ အီရတ်၊ ဆီးရီးယားရှိ အိုင်အက်စ်စစ် သွေးကြွလိုမျိုး အကြမ်းဖက်သမားတွေ နဲ့ ပူးပေါင်းတတ်ပြန်ပါသေးတယ်လို့ ဆန္ဒပြသူတစ်ဦးကပြောပါတယ်။

ဒီတော့ အစိုးရအနေနဲ့ ဒီလိုမျိုး တွေ မဖြစ်ရအောင် အကောင်းဆုံး အဖြေရှာပြီး လုပ်ကိုင်ဆောင်ရွက်သွား ရမှာပဲဖြစ်ပါတယ်။ လူငယ်တွေအတွက် အထူးသဖြင့် ဘွဲ့ရလူငယ်တွေအတွက် သူတို့နဲ့ သင့်တော်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးရမှာပဲ ဖြစ်ပါတယ်။ ဒါမှသာ သူတို့ရဲ့ရပ်တည် ချက်ခိုင်မာမှာဖြစ်သလို တိုင်းပြည် အတွက်လည်း ကောင်းမွန်လာမှာဖြစ်ပါ တယ်။ ထို့အတူ အလုပ်လက်မဲ့ကြောင့် ဆန္ဒပြမှုတွေလည်း ဆိတ်သုဉ်းသွားမှာ ဖြစ်ပါတယ်။ ။

**ကိုးကား -ရိုက်တာ**

> **“ကြွေးရှင်တွေကတော့ အစိုးရအနေနဲ့ သုံးပုံနှစ်ပုံလောက် သုံးထားတဲ့ ပြည်သူ့ဝန်ထမ်းလစာ တွေကိုရပ်ဆိုင်းပြီး ရေရှည်မှာ ပညာရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးမယ့် အခြေခံအဆောက်အအုံတွေ တည်ဆောက်တဲ့နေရာတွေမှာ ပိုမို အာရုံစိုက်စေချင်ပါတယ်”**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယအနောက်ပိုင်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မိသားစု ငါးဦး သေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၁၄**

အိန္ဒိယအနောက်ပိုင်းပြည်နယ် ရာဂျက် စတန်တွင် မီးလောင်ကျွမ်းခဲ့ရာ အနည်း ဆုံး မိသားစုဝင် ငါးဦး မီးလောင်သေဆုံးခဲ့ ကြောင်း ရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၃ ရက်က ပြောခဲ့သည်။

အဆိုပါမီးလောင်မှုသည် ရာဂျက် စတန်ပြည်နယ် မြို့တော်ဂျိုင်ပါးမြို့၌ ဖြစ် ပွားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၃ ရက် အစောပိုင်းမှာ စိတ်မကောင်းဖွယ် မီးလောင်မှုဖြစ်ခဲ့ပြီး မိသားစုဝင် ငါးဦး မီးလောင်သေဆုံးခဲ့ ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။ ဆလင်ဒါခတ်ငွေ့အိုးပေါက်ကွဲသံကို ကြားခဲ့ရကြောင်း အဆိုပါပေါက်ကွဲမှုမှ တစ်ဆင့် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်နိုင် ကြောင်း ဒေသခံများက ပြောသည်။

ဒေသခံများက သတင်းပေးလျှင် ပေးချင်း အခင်းဖြစ်ပွားရာနေရာသို့ မီး သတ်တာဝန်ရှိသူများနှင့် ရဲများက ချက်ချင်းရောက်လာခဲ့သည်။ ကနဦးစုံစမ်း စစ်ဆေးမှုများအရ မီးလောင်မှုသည် အိမ် တွင်းသုံး ဆလင်ဒါခတ်ငွေ့အိုး ပေါက်ကွဲ မှုကြောင့် ဖြစ်ပွားကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကို သုံးနာရီနီးပါး ကြိုး စားပမ်းစားငြိမ်းသတ်ခဲ့ရကြောင်း သိရ သည်။

အိန္ဒိယတစ်ဝန်း မီးဘေးဆိုင်ရာ လုံခြုံမှုအားနည်းခြင်းနှင့် မီးလောင်သည့် ပစ္စည်းများကို သိုလှောင်သိမ်းဆည်းထား သောကြောင့် ထိုကဲ့သို့ မီးလောင်ပေါက်ကွဲ မှုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရ သည်။ **ဆင်ဟွာ**

### ကဘူးလ်အရှေ့ဘက်၌ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများသယ်ဆောင်လာသည့် သံသယရှိသူများကို ဖမ်းဆီး

**ကဘူးလ် ဇန်နဝါရီ ၁၄**

အာဖဂန်ရဲတပ်ဖွဲ့ဝင်များက ကဘူးလ် အရှေ့ဘက်တွင် ပေါက်ကွဲစေသော ပစ္စည်း ၁၀၀ ဂရမ်ကို စစ်ဆေးတွေ့ရှိခဲ့ပြီး နောက် သံသယရှိသူနှစ်ဦးအား ဖမ်းဆီး ခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာက ဇန်နဝါရီ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါဖမ်းဆီးမှုကို ဖူအီချာကီ ဒေသတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်သမားများက အကြမ်းဖက် တိုက်ခိုက်မှုများတွင် အသုံးပြုရန် ဖောက် ခွဲရေးပစ္စည်းများကို သယ်ယူနိုင်ရေး ကြိုး စားနေစဉ် တာဝန်ရှိသူများက ဖမ်းဆီး နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူဦးရေ ငါးသန်းခန့် မှီတင်း နေထိုင် သော အဆိုပါမြို့သည် လွန်ခဲ့သည့်နှစ် များအတွင်း အကြမ်းဖက်တိုက်ခိုက်မှု အတော်များများဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ဇန်နဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သော အိုင်အက်စ်အကြမ်းဖက်သမားတို့၏ အသေ ခံဗုံးခွဲတိုက်ခိုက်မှုများတွင် ရဲတပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံးခဲ့ပြီး ၁၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ပစ္စည်းများကိုစွန့်လွှတ်ခြင်း**

၃၉၂။ (က) ဖျက်သိမ်းခံရသည့် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် တာဝန်များပါရှိသော သက်တမ်းတစ်ရပ်ရပ် သတ်မှတ်ပါရှိသည့် မြေများ၊ ကုမ္ပဏီ၏ စတော့ရှယ်ယာများ၊ အကျိုးအမြတ်မပါရှိသော ပဋိညာဉ်စာချုပ်များ၊ ရောင်းချခြင်းမပြုနိုင်သော အခြားပစ္စည်းများ၊ အလွယ်တကူ ရောင်းချနိုင်သည့်ပစ္စည်းများပါဝင်ခဲ့လျှင် တာဝန်ရှိသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန် သို့မဟုတ် ငွေကြေးတစ်ရပ်ရပ်ကို ပေးချေစေရန်အတွက် အဆိုပါပစ္စည်းများကို လက်ဝယ်ထားရှိသူအပေါ် တရားဝင်စည်းနှောင်မှုရှိသည်ဆိုသော အကြောင်းကြောင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ပစ္စည်းများကိုရောင်းချရန် သို့မဟုတ် ပိုင်ဆိုင်မှုအား ရယူရန် ကြိုးပမ်းအားထုတ်ခြင်း၊ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးနေစေကာမူ တရားရုံး၏ ခွင့်ပြုချက်အရလည်းကောင်း၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍လည်းကောင်း ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်အချိန်မှ ၁၂ လ အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလ အတွင်း မည်သည့်အချိန်တွင်မဆို ၎င်းက စာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ ပစ္စည်းများကိုစွန့်လွှတ်နိုင်သည်။ သို့ရာတွင်ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့် အချိန်မှ ၂၈ ရက်အတွင်း ပစ္စည်းတစ်ရပ်ရပ်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သိရှိထားခြင်းမရှိခဲ့လျှင် ပစ္စည်းများစွန့်လွှတ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မအရ အခွင့်အာဏာကို ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်းအနေဖြင့် စတင်သိရှိသည့်အချိန်မှ ၁၂ လအတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စွန့်လွှတ်ခြင်းသည် ထိုသို့စွန့်လွှတ်သည့်နေ့မှစ၍ စွန့်လွှတ်သည့်ပစ္စည်းများရှိ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များနှင့် ကုမ္ပဏီ၏တာဝန်ရှိမှုများ၊ ကုမ္ပဏီ၏ပစ္စည်းများကို ဆုံးဖြတ်ဆောင်ရွက်သည်ဟုဖြစ်သည်။ သို့သော် စွန့်လွှတ်ခြင်းသည် တာဝန်ရှိမှုမှ ကုမ္ပဏီကို သော်လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများကိုသော်လည်းကောင်း စွန့်လွှတ်ခွင့်ပြုရန်အတွက် လိုအပ်သည့်ကိစ္စရပ်မှအပ အခြားသူတစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို ထိခိုက်စေခြင်းမရှိစေရ။

(ဂ) တရားရုံးသည် စွန့်လွှတ်ခွင့်မပြုမီတွင်ဖြစ်စေ၊ စွန့်လွှတ်ရန်ခွင့်ပြုသည့်အခါတွင်ဖြစ်စေ အကျိုးသက်ဆိုင်သည့်ပုဂ္ဂိုလ်များသို့ အကြောင်းကြားစာများကို ပေးပို့စေနိုင်ပြီး ဆောင်ရွက်ခွင့်ပြုမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့်အပြင် တရားရုံးကသင့်သည်ထင်မြင်သည့်အတိုင်း တရားမျှတသော အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းက စွန့်လွှတ်ခြင်းပြုမည် မပြုမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်ဟု အကျိုးခံစားခွင့်ရှိသူတစ်ဦးဦးက ၎င်းထံစာဖြင့် ရေးသား၍ တင်ပြလျှောက်ထားလာလျှင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လျှောက်ထားမှုအား လက်ခံရရှိပြီးနောက် ၂၈ ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း ၎င်းအနေဖြင့်စွန့်လွှတ်ခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားရန် ကြံရွယ်ကြောင်းလျှောက်ထားသူသို့ အကြောင်းကြားစာမပေးပို့ခဲ့သည့်ကိစ္စတွင် ဤပုဒ်မအရ ပစ္စည်းတစ်ရပ်ရပ်ကို စွန့်လွှတ်ခွင့်မရှိစေရ။ ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ကို စွန့်လွှတ်သည့် ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အထက်ဖော်ပြပါ အတိုင်း လျှောက်ထားမှုအားပြုလုပ်ပြီးနောက် ဖော်ပြပါကာလသို့မဟုတ် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း ထိုပဋိညာဉ်စာချုပ်ကို စွန့်လွှတ်ခြင်း မပြုခဲ့လျှင် ကုမ္ပဏီသည်ယင်းစာချုပ်အား လက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ ကုမ္ပဏီနှင့် ပြုလုပ်ထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရတာဝန်ရှိသူ သို့မဟုတ် ယင်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ရခွင့်ရှိသူတစ်ဦးဦးက လျှောက်ထား တင်ပြလာလျှင် တရားရုံးသည် ပဋိညာဉ်စာချုပ်ကို ပယ်ဖျက်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် တစ်ဖက်ဖက်ထံသို့ သို့မဟုတ် ၎င်းတို့ထံမှ ငွေပေးချေရန် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့် သို့မဟုတ် တရားရုံးက သင့်သည်ထင်မြင်သည့် အတိုင်း အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။အဆိုပါအမိန့်အရ ဖော်ပြပါပုဂ္ဂိုလ်သို့ ပေးချေရမည့်နစ်နာကြေးတစ်ရပ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့်အခါ ကြွေးမြီတစ်ရပ်အဖြစ် ၎င်းကတင်ပြနိုင်သည်။

(စ) စွန့်လွှတ်မည့်ပစ္စည်းတစ်ရပ်တွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို တင်ပြတောင်းဆိုသူတစ်ဦးဦး သို့မဟုတ် စွန့်လွှတ်မည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ကင်းလွတ်ခြင်းမပြုရသေးသည့် တာဝန်ရှိမှုတစ်ရပ်အရ သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးက တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါပုဂ္ဂိုလ်ကို ကြားနာပြီးပစ္စည်းများတွင် အကျိုးခံစားခွင့်ရှိသူသို့ဖြစ်စေ၊ အထက်တွင်ဖော်ပြပါရှိသည့် တာဝန်ရှိမှုအတွက် လျော်ကြေးတစ်ရပ်အဖြစ်ပစ္စည်းများအား ပေးအပ်သင့်သည်ဟု ယူဆသူသို့ဖြစ်စေ၊ ထိုသူများ၏ ယုံကြည်အပ်နှံခြင်းခံရသူများသို့ဖြစ်စေ တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ပစ္စည်းများအား အပ်နှင်းရန် သို့မဟုတ် ပစ္စည်းများကိုပေးအပ်ရန်အတွက် အမိန့်တစ်ရပ်ကိုချမှတ်နိုင်သည်။ ထိုသို့ ပစ္စည်းအပ်နှင်းသည့် အမိန့်အားချမှတ်ပြီးသည့်အခါ ယင်းတွင်ပါဝင်သောပစ္စည်းများကို ပစ္စည်းလွှဲပြောင်းမှုစာချုပ်တစ်ရပ် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်မပါရှိဘဲ အမိန့်တွင် အမည်ဖော်ပြထားသည့် ပုဂ္ဂိုလ်သို့အပ်နှင်းရမည်။ သို့ရာတွင် စွန့်လွှတ်သည့် ပစ္စည်းသည် ငှားရမ်းထားခြင်းဖြစ်ပါက တရားရုံးသည် အောက်ပါ အချက်များနှင့် ညီညွတ်ခြင်းမှတစ်ပါး ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအဖြစ် ကုမ္ပဏီတွင်တင်ပြတောင်းဆိုသူ တစ်ဦးဦးအတွက် ပစ္စည်းအပ်နှင်းသည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ -

(၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်အချိန်၌ ပစ္စည်းနှင့်စပ်လျဉ်း၍ အငှားချထားမှုအရ ကုမ္ပဏီနှင့်သက်ဆိုင်သည့် တာဝန်ရှိမှုများကဲ့သို့ အလားတူတာဝန်ရှိမှုများနှင့်သက်ဆိုင်လျှင် သို့မဟုတ်

(၂) အဆိုပါနေ့ရက်တွင် ဖော်ပြပါပုဂ္ဂိုလ်သို့ အငှားချထားမှုအား လွှဲအပ်ထားသကဲ့သို့လည်းကောင်း၊ ငှားရမ်းသည့်ပစ္စည်းတွင် ပစ္စည်းအပ်နှံသည့် အမိန့်တွင်ပါရှိသော ပစ္စည်းများသာ ပါဝင်သကဲ့သို့လည်းကောင်း၊ ဖော်ပြပါ စည်းကမ်းချက်များဖြင့် ပစ္စည်းအပ်နှံသည့်အမိန့်ကို လက်ခံရန် ငြင်းပယ်သော အပေါင်ခံသူများ သို့မဟုတ် ထပ်ဆင့်အငှားချထား ခြင်းခံရသူများသည် ပစ္စည်းများရှိအကျိုးခံစားခွင့်နှင့်ပစ္စည်းများ အပေါ်ထားရှိသည့် အာမခံများအားလုံးမှ ဖယ်ရှားရမည်ဖြစ်ပြီး ဖော်ပြပါ စည်းကမ်းချက်များဖြင့် အမိန့်တစ်ရပ်ကိုလက်ခံရန်ဆန္ဒရှိပြီး ကုမ္ပဏီ တွင် တင်ပြတောင်းခံမှုပြုသူမရှိခဲ့လျှင် ကုမ္ပဏီမှ ပြုလုပ်ထားသည့် ပစ္စည်းများ၊ ကြွေးမြီ တာဝန်များနှင့် အကျိုးခံစားခွင့်များမှလွတ်ကင်းသည့် ငှားရမ်းမှုအရ အငှားချထားခြင်းခံရသူ၏ သဘောတူညီချက်အားဆောင်ရွက်ရန် တရားရုံးသည်ကုမ္ပဏီ၏ပစ္စည်းများနှင့် ပစ္စည်းတွင်ပါရှိသောအကျိုးခံစားခွင့်များကို တာဝန်ရှိသူတစ်ဦးဦးထံသို့ တစ်ဦးချင်းအရဖြစ်စေ၊ ကိုယ်စားလှယ်အရဖြစ်စေ၊ တစ်ဦးတည်း သော်လည်းကောင်း၊ ကုမ္ပဏီနှင့်တွဲဖက်၍သော်လည်းကောင်း အပ်နှင်းရန်အခွင့်အာဏာရှိသည်။

(ဆ) ဤပုဒ်မအရ စွန့်လွှတ်မှုတစ်ရပ်ကိုဆောင်ရွက်ခြင်းကြောင့် ထိခိုက်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထိခိုက်သည့်ပမာဏအတွက် ကုမ္ပဏီ၏ မြီရှင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းသည့်အခါတွင် ကြွေးမြီတစ်ရပ်အဖြစ် ထိုပမာဏအားတင်ပြနိုင်သည်။

**လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှု**

၃၉၃။ (က) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့ပြီး ၎င်း၏လွှမ်းမိုးခံယူမှုတွင် လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုဖြစ်သည်ဟု မှတ်ယူရမည့်ပစ္စည်းများကို လွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ ပစ္စည်းနှင့်စပ်လျဉ်း၍ ငွေပေးချေခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း သို့မဟုတ် အခြားဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခြင်းတို့ကို ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်၌ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီအပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့လျှင်၎င်း၏ မြီရှင်များသို့ လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်ချက်သည် တရားဝင်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကိုတင်ပြခြင်းနှင့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို တင်ပြခြင်းတို့ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် သက်ဆိုင်သည့်လွှမ်းမိုးခံယူဆောင်ရွက်မှုနှင့် တူညီသည်ဟုမှတ်ယူရမည်။

(ဂ) ကုမ္ပဏီ၏ ပစ္စည်းများအားလုံးကို ကုမ္ပဏီက ၎င်း၏မြီရှင်များအားလုံး၏ အကျိုးခံစားခွင့်များအတွက် ယုံကြည်အပ်နှံခြင်းခံရသူများသို့ လွှဲပြောင်းဆောင်ရွက်ခြင်းသည် ပျက်ပြယ်စေရမည်။

**ဝရမ်းကပ်ခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းများ စသည်တို့ကိုမပြုရခြင်း**

၃၉၄။ (က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းမှု စတင်ပြီးနောက် ပစ္စည်းများ သို့မဟုတ် ရရန်ပိုင်ခွင့်များအပေါ် တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ဝရမ်းကပ်ခြင်း၊ ပစ္စည်းများကို သိမ်းဆည်းခြင်း သို့မဟုတ် အခြားတရားဝင်အစီအစဉ် တစ်ရပ်ရပ်အရ အတည်ပြုဆောင်ရွက်ခြင်းများ သို့မဟုတ် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို တရားရုံး၏ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်းများသည် ပျက်ပြယ်စေရမည်။

(ခ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်မဆို အစိုးရကဆောင်ရွက်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) ၏ အကျိုးသက်ရောက်မှု**

၃၉၅။ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းသည့်နေ့မှစ၍ သုံးလအတွင်း ပြုလုပ်ခဲ့သောကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြုလုပ်သည့် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge)သည် အဆိုပါ အပြောင်းအလဲရှိသောကြွေးမြီတာဝန်တင်ရှိခြင်းကို ပြုလုပ်ပြီးနောက် ကုမ္ပဏီသည် ချက်ချင်းလူမွဲခံယူရခြင်းမရှိခဲ့လျှင် အဆိုပါပမာဏအပေါ် တစ်နှစ်လျှင် ငါးရာခိုင်နှုန်း အတိုးနှုန်းဖြင့် အဆိုပါကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်သည့်အချိန်တွင်သော်လည်းကောင်း၊ ထိုကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ပြီးနောက်တွင်သော်လည်းကောင်း ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် အဖိုးစားနားအဖြစ် ကုမ္ပဏီသို့ပေးချေခဲ့သည့် ငွေသားပမာဏမှအပ တရားဝင်ခြင်းမရှိစေရ။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် ယေဘုယျအစီအစဉ်များကို ခွင့်ပြုနိုင်ခြင်း**

၃၉၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ ဆန္ဒအလျောက်ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်ဖြစ်စေ အောက်ပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ဆောင်ရွက်နိုင်သည် -

(၁) မြီရှင်အမျိုးအစားတစ်ရပ်ရပ်သို့ အပြည့်အဝငွေပေးချေခြင်း၊

(၂) မြီရှင်များနှင့်ဖြစ်စေ၊ မြီရှင်များဖြစ်သည်ဟု တောင်းဆိုနေသူများနှင့်ဖြစ်စေ၊ ကုမ္ပဏီအနေဖြင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း တာဝန်ရှိနိုင်သည့်တောင်းဆိုမှုတစ်ရပ်ရပ် ပြုလုပ်သူများနှင့်ဖြစ်စေ သဘောတူညီမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ် ပြုလုပ်ခြင်း၊

(၃) ကုမ္ပဏီနှင့် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများဟု သတ်မှတ်ခံရသူများ သို့မဟုတ် အခြားမြီစားများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ်ကုမ္ပဏီသို့တာဝန်ရှိကြသူများအကြား ငွေကြေးထည့်ဝင်ရန် တောင်းဆိုမှုများနှင့် ထိုတောင်းဆိုမှုများအတွက် တာဝန်ရှိမှုများ၊ ကြွေးမြီများနှင့် ကြွေးမြီများကြောင့်ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုများ၊ ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်မည် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် တင်ပြတောင်းဆိုမှုများနှင့် ကုမ္ပဏီနှင့်လည်းကောင်း၊ ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များနှင့်လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်လည်းကောင်း သက်ဆိုင်သည့်ကိစ္စရပ်များကို သဘောတူညီထားသည့် စည်းကမ်းချက်များဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဆိုပါတောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများ သို့မဟုတ် တင်ပြတောင်းဆိုမှုများကို ဆောင်ရွက်ရန်အတွက် အာမခံတစ်ရပ်ရပ်ရယူခြင်းနှင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ပြီးစီးအောင်ဆောင်ရွက်ခြင်း။

(ခ) ဤပုဒ်မအရ အခွင့်အာဏာများကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ခြင်းသည် တရားရုံး၏ ကြီးကြပ်မှုနှင့်အညီ ဖြစ်စေရမည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် အဆိုပါ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများစသည်တို့အပေါ် နစ်နာကြေးရယူရန် တရားရုံး၏ အခွင့်အာဏာ**

၃၉၇။ (က) ကုမ္ပဏီကိုဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီကိုကမကထပြုလုပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဦး၊ သို့မဟုတ် ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ကုမ္ပဏီ၏အရာရှိတစ်ဦးဦးသည် ကုမ္ပဏီ၏ငွေကြေးများ သို့မဟုတ် ပစ္စည်းများအတွက် အလွဲသုံးခဲ့ကြောင်း၊ ရယူခဲ့ကြောင်း သို့မဟုတ် တာဝန်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင် သို့မဟုတ် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ်ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုတို့အတွက် အပြစ်ရှိကြောင်းပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိလျှင်တရားရုံးသည် စာရင်းရှင်းလင်းဖျက် သိမ်းရေးအရာရှိ၊ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက ကုမ္ပဏီဖျက်သိမ်းခြင်းတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ပထမဆုံး ခန့်အပ်ခဲ့သည့်နေ့ရက်မှဖြစ်စေ၊ အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့ကို ပြုလုပ်ခဲ့သည့်နေ့မှ သုံးနှစ်အတွင်းဖြစ်စေ၊ ယင်းတို့အနက် ပိုမိုရှည်ကြာသည့် ကာလအတွင်း ပြုလုပ်သည့် လျှောက်ထားသည့်အပေါ် ကမကထပြုသူများ၊ ဒါရိုက်တာများ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် အရာရှိများ၏ ပြုမူဆောင်ရွက်ချက်များကို စစ်ဆေးနိုင်ပြီး တရားရုံးက သင့်သည်ထင်မြင်သည့် အတိုးနှုန်းဖြင့် ငွေကြေး သို့မဟုတ် ပစ္စည်း သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် ကိစ္စတစ်ရပ်ရပ်ကို ပြန်လည်ပေးချေရန် သို့မဟုတ် ပြန်လည်ထားရှိရန် အဆိုပါ ပုဂ္ဂိုလ်များအား အတင်းအကျပ်ဆောင်ရွက်စေနိုင်သည် သို့မဟုတ် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါ အလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့နှင့်စပ်လျဉ်း၍ လျော်ကြေးအဖြစ် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များသို့ အဆိုပါငွေပမာဏများအား ထည့်ဝင်စေရန် အတင်းအကျပ်ဆောင်ရွက်စေနိုင်သည်။

(ခ) ပြစ်မှုကျူးလွန်သူမှာ ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိနိုင်မည့်ပြစ်မှုဖြစ်စေကာမူ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရမည်။

**စာရင်းစာအုပ်များကို လိမ်လည်အတုပြုခြင်း**

၃၉၈။ စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ လိမ်လည်အတုပြုခြင်း သို့မဟုတ်လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ဝှက်သိမ်းထားခြင်းတို့ကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် အခြားသူတစ်ဦးဦးအားလိမ်လည်လှည့်ဖြားရန် သို့မဟုတ် လှည့်ဖြားရန်အကြံဖြင့် မှတ်ပုံတင်စာရင်း၊ ငွေစာရင်းစာအုပ် သို့မဟုတ် ကုမ္ပဏီပိုင်သည့် စာရွက်စာတမ်းများကို မှားယွင်း၍ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေရေးသွင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ ပြုလုပ်သည်ကို ခွင့်ပြုခြင်းတို့ကို ပြုလုပ်ခဲ့လျှင် အဆိုပါ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူသည် ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်းကျခံရမည်။

**ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများကို တရားစွဲဆိုခြင်း**

၃၉၉။ (က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင်ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရအပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိလျှင် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့် ဖြစ်စေ၊တရားရုံးကိုယ်တိုင် အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ တရားရုံးသည် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုစေရန် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသို့ ညွှန်ကြားနိုင်သည် သို့မဟုတ် ထိုကိစ္စရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ခိုင်မာသော ဈေးကွက်ယှဉ်ပြိုင်မှု စွမ်းအားရှိလာစေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပိုးချည်လုပ်ငန်းသည် စိုက်ပျိုးရေးအခြေခံ စက်မှုလက်မှုလုပ်ငန်းဖြစ်ပြီး တစ်နိုင်တစ်ပိုင် အသေးစား၊ အလတ်စား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း အနေအထားများမှသည် နိုင်ငံတကာအဆင့်မီ အကြီးစားစက်မှုလုပ်ငန်းများသို့ ဆောင်ရွက်နိုင်ရန် အလားအလာရှိသော လုပ်ငန်းကဏ္ဍဖြစ်သည်။ မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ခိုင်မာသောဈေးကွက် ယှဉ်ပြိုင်မှုစွမ်းအားရှိလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သို့အတွက်ကြောင့် ပိုးချည်ပညာရှင်များ၊ ပိုးစာလုပ်ငန်းကျွမ်းကျင် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ပိုးချည်ပိုးထည်နှင့် ပတ်သက်သော စွန့်ဦးတီထွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပိုးချည်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သူများပါဝင်ကာ မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် မြန်မာ့ပိုးချည်ကဏ္ဍအတွက် ပထမဆုံးသော မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ဒုတိယပတ်က တော်ဝင်နေပြည်တော်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ပိုးချည်လုပ်ငန်းက နိုင်ငံတကာအဆင့်မီ အကြီးစားစက်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ အလားအလာရှိတဲ့ လုပ်ငန်းတစ်ခုပဲဖြစ်ပါတယ်၊ မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခွင့်အလမ်းနဲ့ လုပ်နိုင်စွမ်းတို့ ပေါင်းစပ်ကာ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လွှတ်တော်ရေးရာကော်မတီများမှ တာဝန်ရှိသူများ၊ ပိုးစာ ပိုးချည်ပညာရှင်များ၊ ပိုးစာလုပ်ငန်းကျွမ်းကျင် အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ပိုးချည်ပိုးထည်နှင့်ပတ်သက်သော စွန့်ဦးတီထွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

တောင်သူအဆင့် ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်အောင် လုပ်ဆောင်ရင်း အခြားတစ်ဖက်က နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့် ဈေးကွက်ဝင် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် တန်ဖိုးကွင်းဆက် တစ်လျှောက်လုံးရှိ အားသာချက်၊ အားနည်းချက်များကို တက်ရောက်လာကြသော ပညာရှင်များက ရှာဖွေဖော်ထုတ် ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း၊ မိမိတို့၏ တတ်သိကျွမ်းကျင်မှုများ၊ ကြွယ်ဝသော ဗဟုသုတများဖြင့် မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ခိုင်မာသော ဈေးကွက်ယှဉ်ပြိုင်မှု စွမ်းအားရှိလာစေရန် အခွင့်အရေးကောင်းတစ်ခုအဖြစ် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပိုးစာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ၊ အခမ်းအနားတက်ရောက် လာကြသူများသည် ပြခန်းများအတွင်း ခင်းကျင်းပြသထားသော ပိုးချည်ကဏ္ဍဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ပိုးချည်သမိုင်း စာတမ်း၊ မြန်မာနိုင်ငံပိုးစာပင် စိုက်ပျိုးရေး၊ ပိုးမွေးမြူရေးနှင့် ပိုးချည်ထုတ်လုပ်မှု လက်ရှိအခြေအနေစာတမ်း၊ ပြည်နယ်များ၏ ပိုးစာပင်စိုက်ပျိုးရေး ပိုးမွေးမြူရေးဆောင်ရွက်နိုင်မည့် အလားအလာစာတမ်း၊ ကချင်ဂျပ်ခုတ်ရက်လုပ်မှုဆိုင်ရာစာတမ်း၊ ပိုးချည်ပိုးထည်ထုတ်လုပ်မှု စာတမ်း၊ ကျောက်ဆည်ဆစ်ကုမ္ပဏီနှင့် မြန်မာနိုင်ငံတောင်သူများ ပိုးမွေးမြူရေး ပိုးအိမ်ထုတ်လုပ်ရေး ဆောင်ရွက်မှုနှင့် မြန်မာ့ပိုးချည်လုပ်ငန်း ရှေ့အလားအလာစာတမ်း၊ အင်းလေးပိုးထည်ရက်လုပ်မှု ရက်ကန်းအဖွဲ့ဆိုင်ရာ စာတမ်းများကို သက်ဆိုင်ရာ ပညာရှင်များက ဖတ်ကြားတင်ပြကြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် အုပ်စုများစုဖွဲ့ပြီး မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍအလိုက် ခေါင်းစဉ်များသတ်မှတ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး



ရက်လုပ်ပြီး ပိုးချည်များကို တွေ့ရစဉ်။

မြန်မာ့ပိုးချည်ကဏ္ဍအတွက် ပထမဆုံးသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ကာ ဆွေးနွေးပွဲတွင် ပညာရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ စုံညီစွာ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇူလိုင်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ- အောင်အောင်**

## မြေပဲခင်းများတွင် ခူကောင်များကျနေ၍ တောင်သူများ စိုးရိမ်

**ကသာ ဇန်နဝါရီ ၁၄**

ကသာမြို့ အရှေ့ဘက်ကမ်းရှိ ပုလွေရွှေကျေးရွာအုပ်စုအတွင်း စိုက်ပျိုးထားသည့် မြေပဲခင်းများတွင် အရွက်စားပိုးဖြစ်သော ခူကောင်များ အများအပြားကျနေသဖြင့် မြေပဲထွက်ရှိမှုအပေါ် မထိခိုက်နိုင်သော်လည်း ခိုင်းနွားများအတွက် အစာဖြစ်သည့် မြေပဲပင်များကို ထိခိုက်လာသဖြင့် နောက်ပိုင်းတွင် နွားစာအတွက် အခက်ကြုံလာနိုင်ကြောင်း သိရသည်။

ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် မိုးအနည်းငယ် ရွာသွန်းလာပြီးနောက် မြေပဲခင်းများတွင်လည်း အရွက်ဖျန်းဆေး လိုက်မဖျန်းနိုင်သဖြင့် အရွက်စားပိုးဖြစ်သည့် ခူကောင်များ အများအပြား ကျလာခြင်းဖြစ်ကြောင်း ကျေးရွာမှ မြေပဲစိုက်တောင်သူများက ပြောသည်။ ပုလွေရွှေကျေးရွာအုပ်စုအတွင်းမှ မြေပဲခင်းတိုင်းရှိ အရွက်များတွင် ခူကောင်များ ကျနေခြင်းဖြစ်ရာ အချိန်မီ မနှိမ်နင်းနိုင်ပါက လာမည့်မိုးတွင်းကာလတွင် နွားစာအတွက် အခက်အခဲများကြုံရနိုင်ကြောင်း မြေပဲစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးလှမောင်က ပြောသည်။

ကသာမြို့နယ် ရေဝတီအရှေ့ဘက်ကမ်းရှိ ပုလွေရွှေကျေးရွာအုပ်စုတွင် အင်းဒရန်း၊ ဒုံးအော့၊ ပိုးဇာကုန်းနှင့် ဆင်ကုန်ကျေးရွာများရှိပြီး တောင်သူအများစုမှာ ရေဝတီမြစ်ရေကျဆင်း၍ ပေါ်လာသည့် နုန်းတင်မြေများပေါ်တွင် မြေပဲကို အဓိကထားစိုက်ပျိုးကြရာ ယခုနှစ်တွင် မြေပဲစိုက်ဧက ၇၀၀ ကျော်ခန့်ရှိသည်။ ပုလွေရွှေကျေးရွာအုပ်စုတွင် အခြား ဆောင်းသီးနှံမျိုးစုံကိုလည်း စိုက်ပျိုးထားကြသော်လည်း မြေပဲမှာ ဒေသခံတောင်သူများ အဓိကထား စိုက်ပျိုးကြသည့် စီးပွားဖြစ်သီးနှံဖြစ်ကြောင်း သိရသည်။ **ငွေအိုး (ကသာ)**

## တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

### ဝတ်ရည်မွန် (AMIA)

ဒီတစ်ပတ်မှာတော့ မတ်ပဲနဲ့ ပဲစင်းငုံနီတို့က ရန်ကုန်ရော၊ နယ်တို့မှာပါ ဈေးကကျဆင်းသွားခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်က ဈေးတက်ခဲ့တဲ့ ကြက်သွန်နီကတော့ ဈေးပြန်ကျဆင်းသွားခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC)**

တောင်သူတွေရဲ့ ဈေးကွက်မျှော်လင့်ချက်ကို ၂၀၁၈ ပထမအပတ်မှာတင် ရိုက်ချိုးခံရတာကတော့ မတ်ပဲပဲဖြစ်ပါတယ်။ ၂၀၁၇ ဒီဇင်ဘာလမှာ ဈေးတက်လာခဲ့အတွက် ယခင်ဈေးမျိုးကို ပြန်ရဖို့ မျှော်လင့်ခဲ့တာလည်း ဖြစ်ပါတယ်။

ပြည်တွင်း ဝယ်လက်အနည်းငယ်များလာသလို အိန္ဒိယနိုင်ငံမှလည်း အဝယ်လိုက်လာတဲ့အတွက် မတ်ပဲဈေးက တက်လာတာဖြစ်ပေမယ့် လက်ရှိမှာ ပဲအသစ်တွေက အများအပြား ဝင်လာတာဖြစ်လို့ ဈေးက ပြန်ကျဆင်းသွားတာလည်း ဖြစ်ပါတယ်။ လက်ရှိမှာ အိန္ဒိယနိုင်ငံမှာလည်း ပဲအသစ်တွေ ဆက်တိုက်ဝင်နေပြီး ပြည်တွင်း ဖူလုံမှုရှိနေတဲ့အတွက် မတ်ပဲဈေးကွက်က ထပ်ကျနိုင်ဖွယ်ထက် ဈေးက တည်ငြိမ်နိုင်တယ်လို့ Agriwatch က သုံးသပ်ထားပါတယ်။

ရန်ကုန် ကုန်စည်ဒိုင်မှာ တစ်တန်ကို လက်ရှိပေါက်ဈေးက ငွေကျပ် ၅၆၀၀၀၀ ရှိပြီး တစ်ပတ်အတွင်း ငွေကျပ် ၅၀၀၀၀ နီးပါး ကျဆင်းသွားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ မတ်ပဲက တစ်တင်းကို ငွေကျပ် ၁၈၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ငွေကျပ် ၁၀၀၀ ကျဆင်းသွားပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာလည်း သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၅၈၀၀၀ ပေါက်ဈေးရှိပြီး ငွေကျပ် ၄၀၀၀ လောက်ကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ငွေကျပ် ၁၉၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ငွေကျပ် ၇၀၀ လောက် ကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း မတ်ပဲလို တောင်သူတွေကို မျှော်လင့်ချက်ပေးပြီး ထင်သလောက် မဖြစ်လာခဲ့ပါဘူး။ ကြားထဲမှာ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာလိုက်တာကလည်း ပဲဈေးကွက်မှာ ဈေးငြိမ် ဈေးအေးသွားတာလည်း နောက်ဆက်တွဲဖြစ်သွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း ဈေးကွက်အတွင်း ပဲစင်းငုံအသစ်တွေ ဝင်ရောက်လာတော့မှာဖြစ်တဲ့အတွက် ဈေးကျနိုင်ခြေကများနေပါတယ်။

လက်ရှိမှာလည်း မတ်ပဲက အတက်အကျ ပြောင်းနေသလောက် ပဲစင်းငုံကတော့ ဈေးငြိမ်နေတာ သုံးရက်နီးပါးရှိပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၃၀၀၀၀ လောက် ကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း ပဲစင်းငုံနီက တစ်တင်းကို ငွေကျပ် ၁၃၀၀၀ နဲ့ နှစ်ပတ်ဆက်တိုက် ဈေးငြိမ်နေပါတယ်။ မြင်းခြံနဲ့ ပခုက္ကူမှာတော့ တစ်တင်းကို ငွေကျပ် ၁၀၀၀ လောက်ဈေးကျဆင်းသွားပြီး တစ်တင်းကို ငွေကျပ် ၁၂၀၀၀ ကနေ ၁၃၀၀၀ ကြား ပေါက်ဈေးရှိပါတယ်။ ထူးထူးခြားခြား မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံက တစ်တင်းကို ငွေကျပ် ၁၀၀၀ ကျော် ဈေးတက်လာပြီး လက်ရှိပေါက်ဈေး ငွေကျပ် ၁၂၈၀၀ ရှိနေပါတယ်။

**ပဲတီစိမ်းဈေးဆက်ကျဆင်း**

ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်တက်ခဲ့တဲ့ ပဲတီစိမ်းက ဒီတစ်ပတ်မှာ ပြန်ပြီး ဈေးကျဆင်းလာပါတယ်။ နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်ပြီး၊ အဝင်နည်းလို့ ဈေးတက်ပေမယ့် လက်ရှိမှာ ပုံမှန်အရောင်းအဝယ်တွေ ဖြစ်လာပြီဖြစ်လို့ ဈေးက ပြန်ကျဆင်းသွားခဲ့ပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ပဲတီစိမ်းက တစ်ပိဿာကို ငွေကျပ် ၁၃၀၀ ကနေ ၁၃၅၀ ပေါက်ဈေးရှိပြီး မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၂၁၅၀၀ ကနေ ၂၃၂၅၀ အထိရှိကာ တစ်တင်းကို ငွေကျပ် ၁၀၀၀ ကျော် ကျဆင်းသွားခဲ့ပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ငွေကျပ် ၂၃၀၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၂၄၅၀၀၊ ပြည်ကုန်စည်ဒိုင်မှာတော့ ငွေကျပ် ၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ငွေကျပ် ၁၀၀၀ ကျော် ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။

**ကြက်သွန်နီ**

ပြီးခဲ့တဲ့အပတ်ကမန္တလေး၊ စစ်ကိုင်းနဲ့ မကွေးမြို့နယ်တို့မှာ မိုးသည်းထန်စွာ ရွာတဲ့အတွက် ကြက်သွန်နီခင်းတွေ နစ်မြုပ်ခဲ့ပြီး ဈေးက ထင်မထားလောက်အောင် မြင့်တက်သွားခဲ့ပါတယ်။ ပျက်စီးမှုတွေရှိတဲ့အတွက် ကြက်သွန်နီဈေးတွေက ထပ်ပြီး တက်နိုင်တယ်လို့ ကုန်သည်တွေက ထင်မြင်ချက်တွေ ပေးခဲ့ပေမယ့် ကုန်သည်ကြီးတွေက အချိန်မီထိန်းနိုင်လိုက်တယ်လို့ ဆိုရပါမယ်။

ပခုက္ကူ၊ မြင်းခြံတို့အပြင် ဆင်ဖြူကျွန်း၊ တောင်တွင်းတို့က ကြက်သွန်တွေကလည်း ဈေးအတက် အချိန်မီထွက်လာတဲ့အတွက် ဈေးက ဆက်ပြီးတက်မသွားဘဲ တဖြည်းဖြည်း ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ မြင်းခြံ၊ ပခုက္ကူ၊ နေပြည်တော်နဲ့ ပြည်ကုန်စည်ဒိုင်တို့မှာလည်း ကြက်သွန်နီက တစ်ပိဿာကို အမြင့်ဆုံးဈေး ငွေကျပ် ၂၆၀၀ ကနေ အနိမ့်ဆုံးဈေး ငွေကျပ် ၁၅၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ငွေကျပ် ၇၀၀ လောက်ထိ ဈေးကျဆင်းသွားခဲ့ပါတယ်။

**နှမ်းနက် ဈေးတက်**

နှမ်းနက်ကလည်း ပြီးခဲ့တဲ့ အပတ်က ဈေးကျဆင်းခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတက်ခဲ့ပါတယ်။ နှမ်းနက်ကလည်း ဈေးအတက်အကျ အပြောင်းအလဲ မတည်ငြိမ်ပါဘူး။

မန္တလေးကုန်စည်ဒိုင်မှာ တစ်အိတ်ငွေကျပ် ၁၀၈၀၀၀ ရှိပြီး တစ်အိတ်ကို ငွေကျပ် ၂၀၀၀ ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ငွေကျပ် ၉၉၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ငွေကျပ် ၃၇၅၀ ဈေးတက်လာပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၈၅၀၀ ရှိပြီး တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ ကျော် ဈေးတက်လာပါတယ်။



ဓာတ်ပုံ- မေမိုးသဲ

# နှမ်းတင်ပို့စိုက်ပျိုးမှုအဆင့်ကို ထိန်းသိမ်းထားနိုင်ရေး GAP လက်မှတ်ရရှိရန် လိုအပ်နေ

**မန္တလေး ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံသည် ကမ္ဘာ့ နှမ်းတင်ပို့မှုနှင့် စိုက်ပျိုးမှုတွင် တတိယနေရာ၌ရှိနေရာ ရရှိထားသောနေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)လက်မှတ် ရရှိရန် လိုအပ်နေကြောင်း မန္တလေးတိုင်းဒေသကြီး နှမ်းကုန်သည်များအစုအဖွဲ့မှ သိရသည်။

လက်ရှိတွင် ဆောင်းနှမ်းကို အဓိကစိုက်ပျိုးထားသော စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စတင်ရိတ်သိမ်းနေပြီး ပြည်ပဈေးကွက်များဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ကိုရီးယား၊ နယ်သာလန်၊ ဒိန်းမတ်နှင့် ဆွစ်ဇာလန်နိုင်ငံများသို့ နှမ်းသစ်များ စတင်တင်ပို့နေပြီဖြစ်ကြောင်း သိရသည်။



"နှမ်းစိုက်ပျိုးမှုဟာ ဆီထွက်သီးနှံ အားလုံးရဲ့ ၅၁ ရာခိုင်နှုန်းကျော်ရှိတယ်၊ စိုက်ပျိုးစရိတ် သက်သာသလို ဈေးနှုန်းမှာလည်း အမျိုးအစားအပေါ်မူတည်ပြီးတော့ ဈေးကွက်ရှိတယ်၊ တရုတ်ဆိုရင် နှမ်းဖြူကြိုက်တယ်၊ ဂျပန်နဲ့ကိုရီးယားဆိုရင် စမုံနှမ်းနက်ကြိုက်တယ်၊ GAP လက်မှတ်သာ ရှိမယ်ဆိုရင် စိတ်ချယုံကြည်မှုပိုရှိလာမှာဖြစ်လို့ ဒါက မရှိမဖြစ်လိုအပ်လာတယ်၊ ကိုရီးယားဆိုရင် အစားအစာဘေးကင်းရေး ဦးစားပေးတဲ့နိုင်ငံဖြစ်လို့ ပိုပြီးဝယ်ချင်တယ်၊ ဒါပေမယ့် ဓာတုဓာတ်ကြွင်းကို ဂရုစိုက်ရတယ်၊ ဒါကြောင့် စိုက်တဲ့တောင်သူတိုင်းဟာ ဓာတုဆေးတွေကို စံညွှန်းထက်ပိုမသုံးဖို့ ဂရုပြုဖို့လိုအပ်တယ်၊ လိုအပ်တာထက် ပိုသုံးစွဲတဲ့အခါ ဈေးကွက်မှာ ထိခိုက်လာနိုင်တယ်"ဟု မန္တလေးတိုင်းဒေသကြီး နှမ်းကုန်သည်များ အစုအဖွဲ့ဝင် ဦးဟံသာကပြောသည်။

တောင်သူများ စိုက်ပျိုးရေးဆေးဝါးများကို မှန်ကန်စွာ အသုံးပြုတတ်စေရန် အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားမှ ဇာတ်လမ်းတိုများ ထုတ်လွှင့်ခြင်း၊ ရေဒီယိုမှ တစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာအစီအစဉ်များကို ထည့်သွင်းပညာပေးခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်လာကြောင်းလည်း ၎င်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် စီးပွား/ကူသန်းက ဦးဆောင်ကာ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ထိုစီမံကိန်းတွင်ပါဝင်သည့် စက်ပိုင်ကုန်သည်များ၊ တောင်သူများအား ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိအမှတ်ပြုရေးလက်မှတ်များ ရရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမှုများသော နှမ်းအမျိုးအစားများမှာ စမုံနှမ်းနက်၊ နှမ်းဖြူ၊ သိပ္ပံ နှမ်းနက်၊ နှမ်းညို၊ နှမ်းနီတို့ဖြစ်ပြီး လက်ရှိကမ္ဘာတွင် နှမ်းအများဆုံးတင်ပို့နေသည့် နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ အီသီယိုးပီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# ကြက်သွန်စိုက်ချိန်တွင် ကုန်ကျစရိတ်များပြားနေ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ကြက်သွန် စိုက်ပျိုးသော ကျေးရွာများဖြစ်သည့် လဲဂွရွာ၊ မုန့်ကုန်းရွာနှင့် ညောင်ဖြူပင်ရွာတို့မှ ကြက်သွန်စိုက်တောင်သူများအနေဖြင့် ယခုနှစ် ကြက်သွန်စိုက်ချိန်တွင် စရိတ်များပြားသည့် အခက်အခဲနှင့် ကြုံတွေ့နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ မုန့်ကုန်းကျေးရွာမှာ ကြက်သွန်မျိုး စပြီးပျိုးထောင်ချိန်ကစပြီး စရိတ်စက အင်မတန် များပြားလွန်းပါတယ်၊ ကြက်သွန်မျိုးစေ့တစ်ပြည်ကို ကျပ်ခုနစ်သောင်း ပေးဝယ်ရတယ်၊ ဒီနှစ်က နောက်ပိုင်းမိုးကောင်းလို့ မျိုးစေ့လည်း စောစောမထောင်ရဲဘူး၊ အပင်စပေါက်ချိန် မိုးမိရင် အားလုံးပျက်စီးကုန်ရော၊ မိုးကုန်လောက်ပြီလို့ မှန်းရမှ ပျိုးထောင်ရတယ်"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကြက်သွန်စိုက်ပျိုးချိန်တွင် မျိုးစေ့များ ဈေးမြင့်နေသလို အခြားကုန်ကျစရိတ်များဖြစ်သည့် မြေဩဇာဖိုး၊ ကြက်သွန်စိုက်သမငှားခ၊ စက်ငှား၍ ထွန်ယက်ခများလည်း မြင့်တက်နေရာ ကုန်ကျစရိတ်အားလုံးပေါင်းပါက ကြက်သွန်တစ်ဧကစိုက်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ် ၂၂ သိန်းအထက်တွင်ရှိကြောင်း လဲဂွရွာမှ တောင်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါကျေးရွာများ၌ တောင်သူအများစုမှာ ကြက်သွန်များကို စိုက်ပျိုးထားကြပြီးဖြစ်သော်လည်း စိုက်ပြီးသည့်အပင်များမှာ သေနှုန်းများနေသောကြောင့် ကြက်သွန်ပေါ်ချိန်မှသာ အထွက်နှုန်းကို ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း ကြက်သွန်စိုက်တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။ **ကိုထိန်(မြန်/ဆက်)**



# ရှမ်းရိုးမ မွေးမြူရေးဇုန်တွင် ကြက်ကောင်ရေ ရှစ်သိန်းခန့် မွေးမြူကာ ကြက်ဥ၊ ကြက်သားများ ဖြန့်ဖြူးနေ

**ညောင်ရွှေ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ ရှမ်းရိုးမ မွေးမြူရေးဇုန်တွင် ကြက်ကောင်ရေ ရှစ်သိန်းခန့် မွေးမြူထားပြီး နေ့စဉ် ကြက်ဥလုံးရေ လေးသိန်းခွဲခန့်ကို အခြားဒေသများသို့ ဖြန့်ဖြူးပေးနေကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက "မွေးမြူရေးဇုန်အတွင်းမှာ မျိုးကြက်တွေ မွေးမြူထားသလို အသားစားကြက်တွေလည်း မွေးမြူထားလို့ ဒေသတွင်း စားသုံးမှု ဖူလုံစေတဲ့အပြင် တခြားဒေသအထိပါ ပို့လာနိုင်တယ်၊ မွေးမြူရေး ဖွံ့ဖြိုးဖို့ SME ချေးငွေ စီစဉ်ဆောင်ရွက်ပေးဖို့နဲ့ ဇုန်ရေရှည်ဖွံ့ဖြိုးဖို့ လိုအပ်သလို ပံ့ပိုးပေးဖို့ လိုပါတယ်"ဟု ပြောသည်။

အဆိုပါ မွေးမြူရေးခြံကို မြေဧက ၄၂၉ ဒသမ ၆၇ ဧက ပေါ်တွင် ကြက်ခြံပေါင်း ၂၀၈ ခြံ ဆောက်လုပ်ထားကာ ဥစားကြက်များကို အဓိက မွေးမြူထားပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကြက်ခြံများမှလည်း တစ်ရက်လျှင် ကြက်ဥအလုံးရေ ၁၅ သိန်းဝန်းကျင် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

"ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အများစုက စုပေါင်းခြံတွေနဲ့ ဇုန်အလိုက် တည်ထောင်ပြီးတော့ မွေးမြူချင်ကြတယ်၊ ဒီဇုန်မှာလည်း လုပ်ငန်းရှင်တော်တော်များများ ပါဝင်တော့ အစိုးရရဲ့ပံ့ပိုးမှုအားကလည်းကောင်းတော့ အဆင်ပြေတယ်၊ နောက်ထပ် လုပ်ငန်းရှင်အများစု စုပေါင်းပြီးတော့ တောင်ကြီးဘက်မှာ မွေးမြူရေးဇုန်တစ်ခုဖြစ်လာဖို့ စီစဉ်နေတာရှိတယ်၊ အခုတော့ မြေနေရာရယ် ပါဝင်မယ့်လုပ်ငန်းရှင်ရယ် ငွေကြေးကုန်ကျစရိတ်တွေကို တွက်ချက်စီစဉ်နေတယ်၊ ပြီးရင် ပြည်နယ်အစိုးရထံကို တင်ပြမယ်၊ သူတို့ဘက်က ပံ့ပိုးမှုကလည်း လိုအပ်တယ်လေ"ဟု တောင်ကြီးမြို့ရှိ အသားတိုးကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးစိုင်းဝဏ္ဏထွန်းက ပြောသည်။

ကြက်မွေးမြူရေးဇုန်တွင် ပြင်ပလုပ်သား ၁၈၀ ကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးထားပြီး မွေးမြူရေးခြံများအတွက် လိုအပ်သည့် လျှပ်စစ်မီး၊ အခြေခံအဆောက်အအုံ၊ နည်းပညာဖလှယ်စနစ် အပါအဝင် ရောဂါများကျရောက်လာပါက ကာကွယ်မှုများပြုလုပ်နိုင်ရန် ဆေးကုမ္ပဏီများနှင့် ပူးပေါင်း၍ မွေးမြူရေးဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများ၊ ဟောပြောပွဲများကို ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်နေကြောင်း သိရသည်။



**မြတ်သူ(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

# သုံးခွမြို့နယ်တွင် ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ကျေးရွာအုပ်စု ၆၅ စု၌ စိုက်ပျိုးထားသော ဆောင်းသီးနှံ ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးရာ၌ ရွှေဝါနှင့်ရေဆင်းမျိုးတို့ကို အဓိက စိုက်ပျိုးကြကြောင်း၊ ၂၀၁၇-၂၀၁၈ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံ ပဲတီစိမ်း ၁၃၀၁၀၁ ဧက စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ပဲတီစိမ်းကို မိုးစပါးရိတ်သိမ်းပြီးနောက် နိုဝင်ဘာလ ဒုတိယပတ်ခန့်မှ စတင်စိုက်ပျိုးကြပြီး နှစ်လခွဲအကြာ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရိတ်သိမ်းကြောင်း၊ ပဲစိုက်ချိန် ကွာခြားမှုအပေါ် မူတည်၍ ထွက်ချိန်လည်း အနည်းငယ်ကွာခြားမှုရှိကြောင်း သိရသည်။

လတ်တလောရက်ပိုင်းအတွင်း ရေမဝပ်သည့် ကုန်းမြင့် လယ်ကန်သင်ရိုး၊ တာစောင်း၊ ကန်ပေါင်စောင်းများပေါ်တွင် အချိန်စောစိုက်ပျိုးထားသော ဒေသအခေါ် (ကုန်းပဲ)ပဲတီစိမ်းအနည်းငယ် ဈေးကွက်အတွင်းသို့ စတင် ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီ ၁၂ ရက် ပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သီဟိုဠ်စေ့ ပြည်ပတင်ပို့မှုမှ ဒေါ်လာ ၁၄ သန်းခန့် နှစ်စဉ်ရရှိ

**ဇန်နဝါရီ ၁၄**

သီဟိုဠ်စေ့ ပြည်ပတင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၄ သန်းခန့် ရရှိနေကြောင်း၊ သီဟိုဠ်စေ့များကို ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ မလေးရှား၊ ဂျပန်နှင့် အိန္ဒိယသို့ တင်ပို့လျက်ရှိရာ လက်ရှိဘဏ္ဍာနှစ်တွင် ဒီဇင်ဘာ ၁၅ ရက်အထိ ၂၄၃၅ ဒသမ ၄၀၉ တန်ခန့် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၀၇ သန်း ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး သီဟိုဠ်စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့မှ ဈေးကွက်မန်နေဂျာ ကိုစိုးသော်က "နှစ်အလိုက် ပြည်ပတင်ပို့မှုထဲမှာ ဗီယက်နမ်ကို တန်ချိန် ၁၃၀၀ကျော် ပို့ထားနိုင်တယ်၊ ဒါပေမယ့် အရင်ဘဏ္ဍာနှစ်ကပို့ခဲ့တဲ့ နိုင်ငံတွေဖြစ်တဲ့ သီရိလင်္ကာ၊ နယူးဇီလန်၊ အင်ဒိုနီးရှားနဲ့ ဆလိုဗက်ကီးယားကိုတော့ ပို့တဲ့စာရင်းမရှိဘူး၊ ၂၀၁၆ ခုနှစ်ထက် ၂၀၁၇ ခုနှစ်မှာ ဈေးပိုရတယ်"ဟု ပြောသည်။ လက်ရှိ ဘဏ္ဍာနှစ်တွင် နယ်စပ်လမ်းကြောင်းများမှ တန်ချိန် ၁၆၀၀ ကျော် တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းဖြင့် ၈၁၉ ဒသမ ၆၇ တန် တင်ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သီဟိုဠ်ကို ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် စိုက်ပျိုးပြီး တစ်နိုင်ငံလုံးတွင် စိုက်ဧကပေါင်း နှစ်သိန်းကျော်နှင့် အသီးခူးဆွတ်နိုင်သောဧကပေါင်း တစ်သိန်းခွဲခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သီဟိုဠ်စေ့ တင်ပို့မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၃၀၀ ကျော်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၄၀၀ ကျော်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၉၀၀ ကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၀၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇၀၀ ကျော် တင်ပို့ထားကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် သီဟိုဠ်ကို အများဆုံးဝယ်ယူနေသည့် နိုင်ငံများမှာ အမေရိကန်၊ ယူအေအီး၊ နယ်သာလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်နေသည့် နိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်၊ ဂီနီအာဘစ်ဆော၊ ဘရာဇီး၊ ဘီနင်နှင့် ကမ္ဘောဒီးယားနိုင်ငံများဖြစ်ကြောင်း သိရသည်။

**မြတ်သူ(AMIA)**

# အော်ဂဲနစ်နှင့် လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့တည်ထောင်၍ ဈေးငွေရရှိရန် ဆောင်ရွက်မည်

**မြိုင် ဇန်နဝါရီ ၁၄**

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် အော်ဂဲနစ်နှင့် လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့တည်ထောင်၍ တောင်သူများ ဈေးငွေရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပခုက္ကူ စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မြိုင်မြို့နယ်တွင် လျှော်ဖြူစိုက်တောင်သူဦးရေ တိုးတက်လာပြီး ငွေကြေးအရင်းအနှီးရရှိရန် လိုအပ်လျက်ရှိရာ အစုအဖွဲ့ဖွဲ့စည်းခြင်းဖြင့် ဈေးကွက်လှုပ်ရှားမှုများကို မျက်ခြည်မပြတ် သိနိုင်မည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးဇော်ထွန်းဦးက ပြောသည်။ "လျှော်ဖြူကနေ တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် အလှကုန်၊ ဆေးဝါးနဲ့ စားသောက်ကုန်တွေ ထုတ်နိုင်အောင် စိုက်တောင်သူတွေကို ပံ့ပိုးပေးဖို့ပေါ့၊ နှစ်ရှည်ပင်ဖြစ်လို့ ဈေးကွက်ပျက်မှာကိုလည်း မစိုးရိမ်ရဘူး၊ အစုအဖွဲ့တွေရှိလာရင် အဖွဲ့အစည်းအသီးသီးနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်အောင်ပါ"ဟု ၎င်းက ပြောသည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားပြီး လက်ရှိ လျှော်ဖြူများစိုက်ပျိုးထားသည့် မြေလွတ်၊ မြေရိုင်းများကို လယ်ယာမြေပိုင်ဆိုင်ခွင့်လက်မှတ် ပုံစံ(၇) ထုတ်ပေးရန် လိုအပ်နေကြောင်း တောင်သူများက ဆိုသည်။

"အသင်းအဖွဲ့ဥပဒေအရ အစုအဖွဲ့ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နိုင်ဖို့ တောင်သူတွေ ပါဝင်လာဖို့လိုတယ်၊ အခု ဒီဘက်နယ်မှာ တရုတ်ဘက်က ကုန်သည်အချို့ယာခင်းအထိ လာလေ့လာတာရှိတယ်၊ သူတို့ဘက်က တရားဝင် ဝယ်မယ်ဆိုရင် အော်ဂဲနစ်ပစ္စည်း လိုချင်တာမျိုးပေါ့၊ ဒါကိုလုပ်နိုင်ဖို့တော့ ပြင်ဆင်ရဦးမယ်"ဟု ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ လျှော်ဖြူစိုက်တောင်သူ ဦးမင်းဆွေဦးက ပြောသည်။

လျှော်ဖြူစေးကို အမှုန့်ပြုလုပ်ပြီး ဝမ်းနုတ်ဆေး၊ ဝမ်းချုပ်ဆေး၊ အနာကျက်ဆေး၊ သွားဖာသွားကပ်ဆေးများအပြင် အရေပြားနှင့် အနာရောဂါ ဘတ်တီးရီးယားပိုးများစွာကို ကာကွယ်ပေးနိုင်သဖြင့် ဆေးဂျယ်လီ၊ဆေးပလာစတာ၊ ဆေးပတ်တီး၊ အရေပြားလိမ်းဆေးများအဖြစ် ထုတ်လုပ်သုံးစွဲကြကြောင်း သိရသည်။ လက်ရှိအချိန်တွင် လျှော်ဖြူကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့တွင် စိုက်ပျိုးနေကြပြီး ပစ္စည်းအရည်အသွေးပေါ်မူတည်၍ လျှော်ဖြူတစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှကျပ် ၁၂၀၀၀ အထိ ရရှိနေကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

# ကျွန်တော်နဲ့ခရစ္စမတ်

ပါမောက္ခဒေါက်တာအောင်ထွန်းသက်



၂၀၁၇ ခရစ္စမတ်ကတော့ ထူးခြားလှတယ်။ ရန်ကုန်မြို့မှာ တစ်ကြိမ်တစ်ခါမှ မကျင်းပဖူးတဲ့ပွဲတော်ကို မြို့လယ်ကောင်မှာ ခမ်းခမ်းနားနား၊ စည်စည်ကားကားကျင်းပနိုင်ခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ အစီအမံနဲ့ ရန်ကုန်မြို့ အလုံမြို့နယ်မှာရှိတဲ့ သခင်မြပန်းခြံမှ ဗိုလ်အောင်ကျော်လမ်းမှာရှိတဲ့ ဘုရားရှိခိုးကျောင်းကြီးအထိ ဗိုလ်ချုပ်လမ်းမတစ်လျှောက်မှာ ကျင်းပခဲ့တယ်။ မီးတွေက စုံစုံလင်လင်၊ ဆိုင်ခန်းတွေ၊ ဖျော်ဖြေပွဲတွေနဲ့ ရန်ကုန်လူထုအတွက် ထူးခြားတဲ့ပွဲတော်ဖြစ်တယ်။

### အတူတကွ အေးချမ်းစွာနေထိုင်

ဇနီးရဲ့အသင်းတော်ဖြစ်တဲ့ ဦးနော်အသင်းက သင်းအုပ်ဆရာကြီး ဦးတိုးတိုးက ဗိုလ်ချုပ်ဈေးအနားမှာရှိတဲ့ မဏ္ဍပ်ကို တာဝန်ယူရတယ်။ ဇနီးကလည်း သူတတ်နိုင်တဲ့ဘက်က ဝင်ရောက်ကူညီတာမို့ ကျွန်တော်လည်း အလိုလိုပါခဲ့တာ။ ဒီပွဲကြီးဟာ ကျွန်တော်တို့နိုင်ငံရဲ့ ချစ်စရာကောင်းတဲ့၊ မြတ်နိုးစရာဖြစ်တဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံကို ရောင်ပြန်ဟပ်ခြင်းဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ကြတဲ့ မြန်မာနိုင်ငံမှာ ခရစ်ယာန်ဘာသာဝင်တွေ၊ ဟိန္ဒူကိုးကွယ်သူတွေ၊ အစ္စလာမ်ဘာသာဝင်တွေဟာ အတူတကွ၊ အေးချမ်းစွာနေထိုင်ခဲ့တယ်၊ နေထိုင်ကြတယ်။ အများစုဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ လူနည်းစုတွေအပေါ် ကြင်နာနားလည်မှု အပြည့်ပေးနေတာဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ မေတ္တာ၊ ကရုဏာကို ရှေ့တန်းတင်ကြတဲ့သူတွေ ဖြစ်ကြတယ်။ ကိုယ့်ရဲ့ဘာသာကို လေးစားသလို အခြားဘာသာဝင်တွေကိုလည်း အသိအမှတ်ပြုတယ်။ နားလည်မှုပေးတယ်။ ဒါတွေဟာ အင်မတန်မှ ဂုဏ်ယူရမယ့် အယူအဆတွေ၊ အမြင်တွေ၊ အတွေးအခေါ်တွေဖြစ်တယ်။

ကျွန်တော် မကြာခဏတင်ပြခဲ့သလို ဆူးလေဘုရားလမ်း မီးသတ်ရုံးချုပ်အနီးက ရပ်ကြည့်ရင် ရှေ့တည့်တည့်မှာ ဆူးလေဘုရားကြီးက ထည်ထည်ဝါဝါ ရပ်တည်နေသလို ညာဘက်မှာက ဗလီကြီးရှိပြီး ဘယ်ဘက်မှာက မောင်နွေလ ဘုရားရှိခိုးကျောင်းကြီး။ ရန်ကုန်မြို့လယ်ကောင်မှာ ဟိန္ဒူဘုရားကျောင်းရှိသလို ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေ၊ ဗလီတွေ တည်ရှိနေတာ မြင်တွေ့ရတယ်။ ဒီမြင်ကွင်းကို နိုင်ငံခြားသားတွေက အသိအမှတ်ပြုကြတယ်။ တစ်ခါတလေ ကိုယ်တောင် အမှုမဲ့အမှတ်မဲ့ နေခဲ့တာ။

### ခရစ္စမတ်အချိန်

ခရစ္စမတ်အချိန်မှာ လူတိုင်းလိုလို ပျော်ရွှင်နေကြတယ်။ ဈေးဆိုင်တွေမှာ၊ ရှော့ပင်းမောလ်တွေမှာ ခရစ္စမတ်သီချင်းတွေ၊ ခရစ္စမတ်နဲ့ ပတ်သက်တဲ့ ရုပ်ပုံတွေ၊ အခင်းအကျင်းတွေက ဝေဝေဆာဆာ၊ စင်တာကလော့ဦးထုပ်တွေ ဆောင်းပြီး လျှောက်လည်နေကြတယ်။ မီးရောင်စုံတွေ ထွန်းညှိထားတာမို့ ညဘက်ဆိုရင် စိတ်က အလိုလိုကြည်နူးပြီး ပျော်ရတာပါပဲ။ ခရစ္စမတ်ဟာ ခရစ်ယာန်တွေအတွက် ထူးမြတ်တဲ့ ကာလဖြစ်ပါတယ်။ ဒါပေမယ့် တစ်ကမ္ဘာလုံးမှာ ဒီပွဲတော်ကြီးကို လူမျိုးမရွေး၊ ဘာသာမရွေး ဆင်ယင်ကျင်းပနေတာ တွေ့ရတယ်။

သတင်းစာတွေထဲမှာ နိုင်ငံ့ခေါင်းဆောင်တွေက ခရစ္စမတ်ပွဲတော်မှာ တတ်ကြွစွာ ပါဝင်နေတာမြင်ရတော့ လေးစားမိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခရစ်ယာန်ဘာသာကိုးကွယ်သူတွေ အများစုဟာ တိုင်းရင်းသားတွေဖြစ်ကြတယ်။ အခုလို လူကြီးတွေအနေနဲ့ ခရစ္စမတ်ပွဲတော်မှာ တက်ကြွစွာပါဝင်မှုဟာ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေကို အသိမှတ်ပြုခြင်း၊ လက်ခံခြင်းပဲဖြစ်တယ်။

### ရန်ကုန်ရဲ့ ခရစ္စမတ်ပွဲတော်

ရန်ကုန်ရဲ့ခရစ္စမတ်ပွဲတော်ကြီးကို သုံးရက်တိုင်တိုင် ဒီဇင်ဘာလ ၂၃ ရက်နေ့က စတင်ပြီးကျင်းပခဲ့တာ။ ပွဲတော်အခမ်းအနားမှာ ပြည်ထောင်စုဝန်ကြီးတွေ၊ ဝန်ကြီးချုပ်နဲ့မြို့တော်ဝန်၊ နိုင်ငံခြားသံတမန် အသိုင်းအဝိုင်းတွေနဲ့ ခရစ်ယာန်ဘာသာရဲ့ ထိပ်ပိုင်းတာဝန်ယူနေကြတဲ့ ဆရာတော်ကြီးတွေက ဖဲကြိုးတွေ ဖြတ်ပေးခဲ့တယ်။ ဗိုလ်ချုပ်ဈေးရှေ့မှာရှိတဲ့ Junction City ကလည်း မီးတွေထိန်လင်းနေတာ။ ဓမ္မသီချင်းတွေနဲ့ ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဆရာတော်ကြီးတွေက ဆုတောင်းမေတ္တာ ပို့ပေးခဲ့ကြတယ်။ ဖျော်ဖြေတဲ့မဏ္ဍပ်က တစ်ဆင့် တိုင်းပြည်အတွက်ဆုတောင်းပေးခဲ့ကြတယ်။ ဘုရားရှိခိုး ကျောင်းကြီးရဲ့မြက်ခင်းပြင်မှာ စတုဒိသာကျွေးမွေးညှေ့ခံခဲ့ပြီး မဏ္ဍပ်ပေါ်ကတစ်ဆင့် တေးသံရှင်တွေက ခေတ်ပေါ်သီချင်းတွေ၊ ဓမ္မသီချင်းတွေကို ဖျော်ဖြေပေးကြတာ။

ဗုဒ္ဓဘာသာရဲ့ထူးခြားတဲ့ လက္ခဏာတစ်ရပ်က သည်းခံခွင့်လွှတ်ခြင်းဖြစ်တယ်။ အရာရာကို အသိတရားနဲ့ ထိန်းချုပ်နိုင်ပြီး သည်းခံနိုင်တဲ့ စိတ်ထားတွေရှိတာ၊ အခုလို ခရစ္စမတ်ပွဲကြီးကို ရန်ကုန်မြို့သာမက တစ်နိုင်ငံလုံးမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကျင်းပခွင့်ပေးတာဟာလည်း မင်္ဂလာတစ်ပါးဖြစ်တယ်။ တစ်နေ့က စီးပွားရေးတက္ကသိုလ်ရဲ့ (၅၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲမှာ ကျွန်တော့်ဆရာ ဆရာကြီးဝီလျံပေါ်အကြောင်း မျှဝေခဲ့တာကို သွားသတိရမိတယ်။ ဆရာဟာ ဝါဏိဇ္ဇဗေဒဌာနမှာ ပါမောက္ခ ဌာနမှူး လုပ်ခဲ့တယ်။ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဦးအေးလှိုင်ကို ဗဟိုဘဏ်ဥက္ကဋ္ဌ တာဝန်ပေးပြီး ဆရာကြီးဝီလျံပေါ်ကို ယာယီပါမောက္ခချုပ်အဖြစ် ခန့်ထားခဲ့တယ်။ သုံးနှစ်တိတိ တာဝန်ယူခဲ့ပေမယ့် ဆရာကြီးကို ပါမောက္ခချုပ် မပေးဘဲ နောက်တစ်ဦးကို ခန့်ခဲ့တာ။ ဆရာကြီးက အေးအေးဆေးဆေးနဲ့ ပါမောက္ခရာထူးကို ဆက်လက်တာဝန်ယူခဲ့တယ်။ အငြိမ်းစားယူတဲ့အထိ။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ ဆရာကြီးဟာ ရှမ်းကရင်လူမျိုးဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်တစ်ဦး။ ရသင့်ရထိုက်တဲ့ ရာထူးတစ်ခုကို ဘာသာရေးအကြောင်းပြပြီး ပယ်ချခဲ့တာ။ ဆရာကြီးရဲ့ရင့်ကျက်မှုကို လေးစားရမှာသာဖြစ်တယ်။ EQ အပြည့်နဲ့ သည်းခံခွင့်လွှတ်နားလည်နိုင်ခဲ့တာ။ သူ့နေရာမှာသာ ကျွန်တော်ဖြစ်ခဲ့ရင် မခံချင်စိတ်နဲ့ အလုပ်ကထွက်မှာ သေချာတယ်။ ကျွန်တော်က ဆရာကြီးလောက် မရင့်ကျက်ဘူး။ အခုခေတ်မှာတော့ ဒီလိုကိစ္စမျိုးတွေမရှိတော့ပါဘူး။ မရှိတာကိုမြင်ရလို့လည်း ဝမ်းသာမိတယ်။ ကျေနပ်မိပါတယ်။

### မေတ္တာတရား

အခုလိုပြောင်းလဲလာတာကို လက်မခံချင်တဲ့၊ မနှစ်သက်တဲ့ သူတွေရှိမှာ သေချာပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ လုပ်စရာမလိုပါဘူးလို့ မြင်ကြလိမ့်မယ်။ ကျွန်တော့်အနေနဲ့ကတော့ မိမိတို့ရဲ့စိတ်ထားတွေ မြင့်မြတ်အောင် ကြိုးစားကြပါ။ သည်းခံခွင့်လွှတ်စိတ်တွေ မွေးကြပါ။ နားလည်မှုတွေ ပေးကြပါ။ အမုန်းတရားတွေကို မေတ္တာတရားတွေနဲ့ အစားထိုးကြပါလို့ တောင်းပန်ချင်ပါတယ်။ အမုန်းတရားတွေပွားလို့ အကျိုးအမြတ်ရတယ်လို့ ဘယ်တော့မှ မပြောနိုင်ပါဘူး။ အမုန်းတရားကတစ်ဆင့် ပဋိပက္ခတွေဖြစ်မှာ။ အမုန်းတရားတွေကို ကရုဏာ၊ မေတ္တာတရားတွေနဲ့ အစားထိုးလိုက်ရင် အရာရာကို ကျော်လွှားနိုင်မှာသာ ဖြစ်တယ်။

တစ်ခုတော့ရှိတယ်။ ငယ်ငယ်က ကျွန်တော်ဟာ အင်္ဂလိပ်မက်သဒစ်အထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့သူ။ တစ်ချိန်က မြန်မာပြည်အနှံ့မှာ ခရစ်ယာန်သာသနာပြုကျောင်းတွေ တည်ထောင်ခဲ့တယ်။ ရန်ကုန်မြို့မှာ နာမည်ကြီးကျောင်းတွေကတော့ အင်္ဂလိပ်မက်သဒစ်၊ စိန့်ပေါလ်၊ စိန့်မေရီ။ ဒီကျောင်းတွေကို ခရစ်ယာန်အဖွဲ့အစည်းတွေက ဖွင့်လှစ်ခဲ့တာ။ တစ်ပတ်တစ်ခါ ကျောင်းနံဘေးမှာရှိတဲ့ ဘုရားရှိခိုးကျောင်းမှာသွားပြီး ဝတ်ပြုကိုးကွယ်မှုအခမ်းအနား တက်ရတယ်။ ဘုရားရှိခိုးကို ယနေ့အထိ အလွတ်ရတယ်။ ဓမ္မသီချင်းတွေကိုလည်း ဆိုနိုင်တယ်။ ခရစ္စမတ်အချိန်ကာလဆို ခရစ်တော်နဲ့ ပတ်သက်တဲ့ ဇာတ်ပွဲတွေမှာ ပါဝင်ခဲ့ကြတယ်။ ထူးဆန်းတာက တစ်ချိန်တစ်ခါမှ ခရစ်ယာန်ဘာသာဝင်ပါလို့ ဆွဲဆောင်တာ မရှိခဲ့ဘူး။ ကျွန်တော့်မိဘတွေကလည်း စိတ်မပူကြဘူး။ ဒီကျောင်းမှာထားတာက အရည်သွေးမြင့်တဲ့ပညာကို ရယူလိုတဲ့ ဆန္ဒတစ်ခုကြောင့် ထားတာ။ ဘာသာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုမှ စိတ်သောက မရှိဘူး။ ကျောင်းသား အများစုက ဗုဒ္ဓဘာသာတွေ။ သူငယ်ချင်းတွေထဲမှာ ခရစ်ယာန်တွေရှိသလို အစ္စလာမ်ဘာသာတွေလည်း ရှိတယ်။ တစ်ဦးက ဦးနုလက်ထက်က ဝန်ကြီးဦးခင်မောင်လတ်ရဲ့သား။ သိပ်ရင်းနှီးတာ။ အခုတော့ ကိုခင်မောင်ကြီးက ဆုံးသွားပြီ။ သူ့ရဲ့ညီ ကိုခင်မောင်လေးက မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်။ ကျွန်တော့်ညီနဲ့တစ်တန်းတည်း ဘာသာမတူတဲ့သူငယ်ချင်းတွေ။ ချစ်ချစ်ခင်ခင် ပညာတွေသင်ခဲ့ကြတာ။ ကြီးလာတော့လည်း အခင်အမင်မပျက်။ တစ်ဦးနဲ့တစ်ဦး ဆက်ဆံရာမှာ ဘာသာရေးကို လုံးဝမစဉ်းစားကြဘူး။

ကျွန်တော်က ခရစ်ယာန်သင်းအုပ်ဆရာတွေနဲ့ ခင်တယ်၊ ရင်းနှီးတယ်။ အပြန်အလှန်လေးစားကြတယ်။ ကျွန်တော်က ဇနီးနဲ့အတူ ဘုရားကျောင်းမှာ ဝတ်ပြုကိုးကွယ်မှုအခမ်းအနားကို တက်တယ်။ သင်းအုပ်ဆရာတွေရဲ့ဓမ္မဒေသနာတရားတွေကို နာခဲ့တယ်။ သမ္မာကျမ်းစာကို ကိုးကားပြီး ဟောတဲ့ သခင်ယေရှုရဲ့ဘဝအကြောင်းကို နားထောင်တဲ့အခါ မေတ္တာတရား၊ ကရုဏာတရားကို ရှေ့တန်းတင်ခဲ့တာတွေ့ရတယ်။ မိမိဘာသာဝင်တွေရဲ့ ယုံကြည်မှုတိုးလာအောင် ဟောပြောနေပေမယ့် အမုန်းတရားပွားမှုတွေ မပါတာတော့ သေချာတယ်။

### စည်းလုံးမှုကို သရုပ်ဖော်နိုင်

သုံးရက်တိုင်တိုင် ကျင်းပခဲ့တဲ့ ရန်ကုန်မြို့ခရစ္စမတ်ပွဲတော်ကြီးဟာ အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးစီးခဲ့တယ်။ ချောချောမွေ့မွေ့ပဲ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ပါဝင်ကြတာမို့ စည်းလုံးမှုကို သရုပ်ဖော်နိုင်ခဲ့တယ်။ ဆုတောင်းပွဲတွေမှာ အခုလို တစ်ကြိမ်တစ်ခါမှ မကျင်းပခဲ့တဲ့ ပွဲကြီးကို ခွင့်ပြုပေးတဲ့ တာဝန်ရှိသူတွေ၊ အထူးသဖြင့် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ မြို့တော်ဝန် ဦးမောင်မောင်စိုးကို ကျေးဇူးတင်ခဲ့ကြတယ်။ သူရဲ့ ပြောင်မြောက်တဲ့ ခေါင်းဆောင်မှုကြောင့် အခုလို ကျင်းပနိုင်ခဲ့တာ။ ရခဲ့တဲ့အခွင့်အရေးကို ခရစ်ယာန် အဖွဲ့အစည်းတွေကလည်း တက်တက်ကြွကြွနဲ့ တာဝန်ကျေကြတယ်။ တာဝန်ခံကြတယ်။ ဒီပွဲမျိုး နှစ်စဉ်ကျင်းပနိုင်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုပြီး စည်ကားနိုင်ပါစေလို့ ဆုတောင်းမိတယ်။

ခရစ္စမတ်ရဲ့ အနှစ်သာရက ငြိမ်းချမ်းခြင်းပဲ ဖြစ်တယ်။ ဒါကြောင့်လည်း ဒီပွဲတော်ကြီးကတစ်ဆင့် ကျွန်တော်တို့အားလုံး လိုလားတဲ့၊ မျှော်လင့်တဲ့ ငြိမ်းချမ်းရေး အမြန်ဆုံးရပါစေလို့လည်း ဆန္ဒပြုမိပါတယ်။ ။

> “ဆူးလေဘုရားလမ်း မီးသတ်ရုံးချုပ်အနီးက ရပ်ကြည့်ရင် ရှေ့တည့်တည့်မှာ ဆူးလေဘုရားကြီးက ထည်ထည်ဝါဝါ ရပ်တည်နေသလို ညာဘက်မှာက ဗလီကြီးရှိပြီး ဘယ်ဘက်မှာက မောင်နွေလဘုရားရှိခိုးကျောင်းကြီး။ ရန်ကုန်မြို့လယ်ကောင်မှာ ဟိန္ဒူဘုရားကျောင်းရှိသလို ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေ၊ ဗလီတွေ တည်ရှိနေတာ မြင်တွေ့ရတယ်။ ဒီမြင်ကွင်းကို နိုင်ငံခြားသားတွေက အသိအမှတ်ပြုကြတယ်။ တစ်ခါတလေ ကိုယ်တောင် အမှုမဲ့အမှတ်မဲ့ နေခဲ့တာ”

## မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး(တောင်ပိုင်းခရိုင်) ဒလမြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား ရဲတပ်ဖွဲ့၏ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးမှုများကို ဇန်နဝါရီ ပထမပတ်အတွင်းက ဗိုလ်ရန်ပြေရပ်ကွက် ဒလသင်္ဘောဆိပ်အပိုင်းတွင် ဆောင်ရွက်ခဲ့သည်။ အသိပညာပေး ဟောပြောရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်၊ ခေတ္တ စခန်းမှူး ဒုရဲမှူးနိုင်ဝင်း၊ အမှတ် (၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၄၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းဟောပြောခဲ့ကြပြီး ဟောပြောရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်တင်တင်ထွေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၅၀၀ ခန့် လာရောက်ခဲ့ကြောင်းသိရသည်။

**ကိုကိုရှပ**



## ဖွားသေ မှတ်ပုံတင်စနစ် တိုးတက်လာအောင် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**နတ်တလင်း ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်း မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်စနစ် တိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ နတ်တလင်းမြို့ဘိုးဘွားရိပ်သာခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု စီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေစာရင်းများ (သို့မဟုတ်) မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများသည် ကျန်းမာရေးစီမံကိန်းများ အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံကျသောစာရင်းများဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရီရီခင်က မွေးဖွားမှုနှင့် သေဆုံးမှုများအား မှတ်တမ်းတင်ခြင်းစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ထမ်းများက မွေးဖွားမှု၊ သေဆုံးမှုကို မှတ်ပုံတင်ပေးပြီး စာရင်းများပြုစု၍ ဗဟိုစာရင်းအင်းအဖွဲ့သို့ နှစ်စဉ် လူဦးရေစာရင်းများ တွက်ချက်ပေးပို့ရကြောင်း၊ စာရင်းများ မှန်ကန်တိကျမှုရှိစေရန် ကျန်းမာရေးဦးစီးဌာနနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘလွန်းဘတ်အဖွဲ့မှ Technical Coordinator ဒေါက်တာနန်းဆုဝါက မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းများ ရာနှုန်းပြည့်လွှမ်းခြုံမှုရရှိရန် အရေးကြီးပုံနှင့် မြန်မာနိုင်ငံ၏ ဖွားသေစာရင်းမှန်ကန်ရေးနှင့် စနစ်တကျတိုးတက်အောင် ရှေ့ဆက်လက်ပြီး ဆောင်ရွက်သွားမည့်အစီအစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အခြေခံကျန်းမာရေး ဝန်ထမ်းများက အုပ်စုများခွဲ၍ ဖွားသေစာရင်းများ ကောက်ခံခြင်းအခြေအနေနှင့် မိမိတို့ ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။



**တင်မြင့် (နတ်တလင်း)**


New Fortuner. More Powerful and More Fuel-Efficient!
Look forward to the next generation of superior SUV.
Enhanced engine performance, quieter and more comfortable driving by the world's leading Toyota GD engine
New You. New Success.
FORTUNER
More Powerful!
KD engine 163ps → GD engine 177ps
Up to 15% more fuel efficient
Enhanced Torque!
Up to 25% more maximum torque
Luxuriously appointed interior
Spacious and elegant comfort
6-speed Automatic Transmission
ECO/PWR Switch
Downhill Assist Control (DAC)
Drive down slopes without the tires locking while keeping the vehicle stable.
For More Information Visit Our Website!
Visit ▸▸▸ www.toyota-myanmar.com/imv
Scan QR code
TOYOTA Aye and Sons
(Yangon)
Open: Mon - Sat 9 AM - 5 PM
Closed: Sunday and Public Holidays
No. 87 (A), Kaba Aye Pagoda Road, Bahan Township, Shwegondine P.O 11201, Yangon
E-mail: ayensons@ttasmyanmar.com.mm
Tel: (09) 954 502 206, (09) 954 400 950
TOYOTA MINGALAR
(Yangon)
Open: Mon - Sun 9 AM - 5:30 PM
No. 6 Bayintnaung Road, Ward (2), Hlaing Township Yangon
E-mail: info@mgmtoyota.com
Tel: (01) 514 940, (01) 514 941
TOYOTA GW Lion
(Mandalay)
Open: Mon - Sun 9 AM - 5:30 PM
Block (542), Upine – 10/339, Mandalay-Pyin Oo Lwin Road,
Between 37th & 39th streets, Aung Pin lae Quarter,
Pathein Gyi Township, Mandalay Division, Myanmar
Tel: (09) 969 700 001 ~ 3
Specifications may vary from model(s) shown.
www.toyota-myanmar.com
Together, Tomorrow, Toyota
TOYOTA

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အမှတ်၄၀၅၊ အခန်း D1၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေညီထပ်တိုက်ခန်းတစ်ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၁၈ ရက်

(ခ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ရုံးအမှတ်၃၇၊ နေပြည်တော်

၂။ တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၂၀တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**နပတ-၄/၂၀၁၇-၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား**

## အိတ်ဖွင့်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသားများကို အောက်ပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၅-၁-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး/တိုင် ၁၀၅ တန်ခန့်
- သစ်မာခွဲသား (၇၉၅)တန်ခန့်၊
ကျွန်းခွဲသား ၁၀ တန်ခန့်

(ဂ) **ရောင်းချမည့်နေရာ** - အမှတ်၃၄၊ သစ်စက်၊ ပြုတွင်းပျဉ်းမနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်၍ အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန နေပြည်တော် ဖုန်း-၀၆၇-၂၂၀၄၀၊ ၀၆၇-၂၂၂၅၉ တို့သို့စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်း ရောင်း/စက်၊ နေပြည်တော်**

---

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**အင်ဂျင်နီယာချုပ်ရုံး၊**
**နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၅-၁-၂၀၁၈ရက် နံနက်၁၀ နာရီ

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၉-၁-၂၀၁၈ရက် မွန်းလွဲ ၁၄း၀၀နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၁၅-၂-၂၀၁၈ရက် မွန်းလွဲ၁၄း၀၀နာရီ

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁၅-၁-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၂၀၆၆၆**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်(၁/၂၀၁၈)**
**၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်**
**၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ရက်**

၁။ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကျဉ်းထောင်တပ်သား (လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်ရန် အောက်ပါသတ်မှတ်ချက်ကိုက်ညီသူ (အမျိုးသား)များ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဂ) ကျန်းမာသန်စွမ်း၍ ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်ရမည်၊

(ဃ) အရပ် ၅ပေ ၃ လက်မ ရှိရမည်။

(င) အသက် ၁၈ နှစ်မှ ၃၀ အတွင်း ဖြစ်ရမည်။

၂။ လျှောက်ထားလိုသူများသည် နီးစပ်ရာ အကျဉ်းထောင်/စခန်းများသို့ သွားရောက်၍ သတ်မှတ်ထားသောလျှောက်လွှာဖြင့် လျှောက်ထားနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) အသက်အထောက်အထားအတွက် ကျောင်းထောက်ခံချက်၊

(ခ) အဋ္ဌမတန်း အောင်မြင်ပြီးကြောင်း ကျောင်းထောက်ခံချက်၊

(ဂ) နှစ်လအတွင်း ရိုက်ကူးထားသော ကိုယ်လုံးပေါ်ဓာတ်ပုံ ၄ ပုံ (ရှေ့၊ နောက်၊ ဝဲ၊ ယာ)

(ဃ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးထောက်ခံချက်၊

(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်၊

(ဆ) မှတ်ပုံတင်မိတ္တူ

၃။ အသေးစိတ်သိရှိလိုပါက အကျဉ်းဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးဌာနစု၊ ရုံးအမှတ် (၄၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၄၁၂ တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အကျဉ်းဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁-၂၀၁၈ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၈၅-၄၀၂၈၄၊ ၀၈၅-၄၀၂၈၅၊ ၀၉-၈၆၂၀၅၈၄၄၃**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်းအောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်အတွင်း ၃၃ကေဗွီ ဓာတ်အားလိုင်း (၁ဒသမ၅)မိုင်အတွက် လိုအပ်သောဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ခ) တိုင်းဒေသကြီး/ပြည်နယ်များအတွင်း နွေရာသီကာလအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် လိုအပ်သောထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများအားဝယ်ယူရန်

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ကွန်ကရစ်တိုင်၊ဓာတ်အားလိုင်း၊ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများနှင့် ၆၆/၁၁ကေဗွီ ၁၀အမ်ဗွီအေ ထရန်စဖော်မာ ဝယ်ယူရန်

(ဃ) ၆၆ကေဗွီ မန်စံ-လားရှိုးဓာတ်အားလိုင်း(၂၃ဒသမ၉)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအရ ထပ်မံလိုအပ်လျက်ရှိသော ၁၈မီတာ၊ ၁၅မီတာနှင့် ၁၂မီတာ ကွန်ကရစ်တိုင်များဝယ်ယူရန်

**တင်ဒါစတင်ရောင်းမည့်ရက်** - ၁၅-၁-၂၀၁၈ရက်

**တင်ဒါပိတ်မည့်ရက်** - ၉-၂-၂၀၁၈ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(မော်လမြိုင်)**
**(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်**

## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ် (မော်လမြိုင်)၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၁၇-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၉း၀၀နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

နှစ်ဟောင်းများမှ B.E/B.Tech သင်တန်းအောင်မြင်၍ ဘွဲ့လျှောက်လွှာလျှောက်ထားခြင်းမရှိသေးသူများ အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - B.Tech ဘွဲ့အတွက် ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Tech ဘွဲ့အတွက် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်း ဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ (၅)ပုံ (ဓာတ်ပုံ၏အောက်ခြေတွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်း မပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့) မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(မော်လမြိုင်)ရှိ ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂-၂-၂၀၁၈ရက် (သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကိုတစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(မော်လမြိုင်)ရှိ ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၄၅၆၅၅၅၀၃တွင် စုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**နည်းပညာတက္ကသိုလ်(မော်လမြိုင်)**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဧရာဝတီတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍**

## အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

၁။ ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြခန်းများ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းပြခန်းများ၊ ပန်း(၁၀)မျိုးအပါအဝင် ရိုးရာလက်မှုထည်ပစ္စည်းပြခန်းများ၊ ရက်ကန်းထည်ပစ္စည်းပြခန်းများ၊ ဒေသထွက်ပစ္စည်းပြခန်းများ၊ ပညာပေးပြခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ထုတ်ကုန်ပစ္စည်းပြခန်းများ စသည့် ပြခန်းပေါင်း(၁၀၀)ဖြင့် ခင်းကျင်းပြသမည့် 'အသေးစား စက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့်ဈေးရောင်းပွဲတော်' အား ၂-၂-၂၀၁၈ရက်မှ ၄-၂-၂၀၁၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ လာရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြခန်းခင်းကျင်းပြသရန် စိတ်ပါဝင်စားသူများနှင့်ကြော်ငြာလိုသူများ အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဧရာဝတီတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**ခတ္တာ(၃)လမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ပုသိမ်မြို့**
**ဖုန်း-၀၄၂-၂၉၂၃၁၊ ၀၉-၄၀၂၅၈၄၇၁၈၊ ၀၉-၉၆၉၇၇၃၆၀၆**

---

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်နှင့် ရန်ကုန်ရှိ အသုံးပြုပြီး ရုံးသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ တာယာအဟောင်းနှင့် ဘက်ထရီအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်းများကို ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ တစ်စောင်လျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၈ ရက်မှ ၂၉-၁-၂၀၁၈ ရက်အထိ

(ခ) **တင်ဒါတင်သွင်းမည့်နေရာ** - ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၁-၂၀၁၈ရက် ၁၃း၀၀နာရီ

(ဃ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၂၆၅၊ ၀၁-၆၅၁၀၃၉

**ရောင်းချရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

---

**ဖခင်အမည်မှန်**

ဝန်းသိုမြို့၊ အထက နဝမတန်း (C)မှ မောင်ဇော်ဇော်အောင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးနွယ် ၅/ဝသန(နိုင်)၀၀၄၃၄၅ ဖြစ်ပါကြောင်း။

**ဦးဖိုးနွယ်**

---

**ဖခင်အမည်မှန်**

ရွှေဘိုတက္ကသိုလ်၊ စတုတ္ထနှစ် မြန်မာစာအထူးပြု (၄မ-၁၇) မောင်ထက်ထက်အောင်၏ ဖခင် ဦးအောင်ကျော်ဝင်း၏ အမည်မှန်မှာ ဦးအောင်ကျော်မိုးဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မိုး**

---

**အမည်ပြောင်း**

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်နေ(ဘ)ဦးအောင်မြင့်၏သမီး မအိမ ၉/လဝန(နိုင်)၁၆၁၄၂၆အား မအိမြတ်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမြတ်မွန်**

---

## INVITATION FOR PRICE QUOTATIONS

The Republic of the Union of Myanmar has received financing from the International Development Association (IDA) towards the cost of the National Community Driven Development Project (NCDDP). The IDA N° of the financing agreement is N° H814MM. The Department of Rural Development (DRD) of the Ministry of Agriculture, Livestock and Irrigation, in its role as implementing agency of the NCDDP, intends to apply a portion of the proceeds of this financing towards eligible payments under the Purchase Order/Contract for the supply of G-110: Printed Rain Coats with Project Logo for Union and Sixteen (16) NCDD Project Townships. DRD now invites eligible suppliers to express their interest in supplying the following items:

**Reference Number: G 110: Rain Coats with NCDD Project Logo**

| Reference No. | Lot N° | Item N° | Description | Quantity |
|---|---|---|---|---|
| G 110 | 1 | 1 | Rain Coats with NCDD Project Logo | 2436 |
| Supply to (Project Sites) | | | Department of Rural Development, Office No.(14),Nay Pyi Taw and Sixteen (16) Township Offices through the country. | |

Expressions of Interest must be submitted in a written form to the email address below and clearly indicate the reference number above. Please indicate your e-mail address as only electronic copies of the ITQ will be send. Eligible suppliers having expressed interest will receive an INVITATION TO QUOTE (ITQ). Sealed Quotations will be submitted to the address below at the latest at the dead line of **Tuesday 30 January 2018 at 10:30am Myanmar time for G-110**, after which no Quotations will be accepted.

The goods will be contracted in contracts for G110. Suppliers will be selected following the Shopping Method as per the "Guidelines for Procurement of Goods, Works and non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers" dated January 2011.

Please submit your Expression of Interest for receiving the Invitation to Quote (ITQ) to: U Kyaw Soe, Deputy Director General, Department of Rural Development, Office No.(14), Nay Pyi Taw. ITQ will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below on Tuesday 30th January 2018.

For detailed information please contact:

U Kyaw Swa Aung, Director, Procurement and Logistic Section,
Mobile phone 0943434333 or office phone 067409071
Email: unionccddprocurement@gmail.com.
Website: www.cdd.drdmyanmar.org.

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ရုံးသုံး Mini Bus ၂၃ဦးနှင့်အထက်စီး မော်တော်ယာဉ်တစ်စီးနှင့် Saloon မော်တော်ယာဉ်လေးစီးအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူလိုပါ၍ ပြည်တွင်းအခြေစိုက်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၈ရက် ၁၀း၀၀နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၆-၂-၂၀၁၈ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး (စီမံဌာန)အလုံလမ်းနှင့် ပြည်လမ်းထောင့်
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၉-၂-၂၀၁၈ရက် ၁၄း၀၀နာရီ

၂။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို အလုံလမ်းနှင့် ပြည်လမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး(စီမံဌာန)တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး မီဒီယာခန်းမ၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၃၀၁၈၈၂၊ ၀၁-၂၁၁၃၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး**
**အလုံလမ်း၊ ရန်ကုန်မြို့**

## မော်လမြိုင်တက္ကသိုလ်
## (၂၆)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

မော်လမြိုင်တက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့)၊ ဥပဒေဘွဲ့(ဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဘွဲ့)၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ စာမေးပွဲအောင်မြင်ပြီး (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူရန် လျှောက်ထားကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**(၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်**

(၁) **၁၃-၂-၂၀၁၈ ရက် (အင်္ဂါနေ့)၊ ပထမနေ့**
**နံနက်ပိုင်း ၉း၀၀နာရီအစီအစဉ်**
ပါရဂူဘွဲ့(အဏ္ဏဝါသိပ္ပံအထူးပြု)၊ မဟာသုတေသနဘွဲ့ (အထူးပြုအားလုံး)၊ မဟာဥပဒေဘွဲ့ (ဥပဒေပညာအထူးပြု)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(အထူးပြုအားလုံး)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့) (အထူးပြုအားလုံး)၊ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ) အထူးပြုများ၊ သိပ္ပံဘွဲ့ (ရုက္ခဗေဒအထူးပြု)

(၂) **၁၃-၂-၂၀၁၈ ရက်(အင်္ဂါနေ့) ပထမနေ့**
**မွန်းလွဲပိုင်း ၃း၀၀နာရီအစီအစဉ်**
ဝိဇ္ဇာဘွဲ့(သမိုင်းအထူးပြု)၊သိပ္ပံဘွဲ့(ရူပဗေဒ၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံ)အထူးပြုများ
၁၃-၂-၂၀၁၈ ရက် ဘွဲ့နှင်းသဘင် ပထမနေ့ (နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း) ဘွဲ့တက်ရောက်ယူမည့်သူများအတွက် အစမ်းလေ့ကျင့်ခြင်းအစီအစဉ်ကို ၁၀-၂-၂၀၁၈ ရက် နံနက် ၉း၀၀ နာရီတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်တွင် ကျင်းပမည်။

(၃) **၁၄-၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ဒုတိယနေ့**
**နံနက်ပိုင်း ၉း၀၀နာရီအစီအစဉ်**
ဥပဒေဘွဲ့(ဥပဒေပညာအထူးပြု)၊ ဝိဇ္ဇာဘွဲ့(မြန်မာစာအထူးပြု)၊ သိပ္ပံဘွဲ့ (သင်္ချာ၊ သတ္တဗေဒ) အထူးပြုများ

(၄) **၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ဒုတိယနေ့**
**မွန်းလွဲပိုင်း ၃း၀၀နာရီအစီအစဉ်**
ဝိဇ္ဇာဘွဲ့(ပထဝီဝင်အထူးပြု)၊ သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ) အထူးပြုများ
၁၄-၂-၂၀၁၈ ရက် ဘွဲ့နှင်းသဘင် ဒုတိယနေ့ (နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း) ဘွဲ့တက်ရောက်ယူမည့်သူများအတွက် အစမ်းလေ့ကျင့်ခြင်းအစီအစဉ်ကို ၁၀-၂-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀နာရီတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်တွင်ကျင်းပမည်။

* ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားကို မပျက်မကွက် တက်ရောက်ကြရမည်။
* အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ (မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ)
* ဘွဲ့ဝတ်စုံ ငှားရမ်းခွင့် ထောက်ခံစာများကို ၈-၂-၂၀၁၈ ရက်မှစ၍ မော်လမြိုင်တက္ကသိုလ်တွင် ထုတ်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**(သန်းသန်းအေး)**
**ဌာနမှူး(သင်တန်းရေးရာ)**
**မော်လမြိုင်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စု (ဖြည့်စွက်) ငွေလုံးငွေရင်းနှင့် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းလုံး၊ သစ်ခွဲသား၊ ခွဲကျောက်ရွယ်စုံများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
တင်ဒါအမှတ်စဉ်(၂/၂၀၁၈)
(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၂၂-၁-၂၀၁၈
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၃၀-၁-၂၀၁၈
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ရေကျင်ဓာတ်အားပေးစက်ရုံအတွက် အောက်ဖော်ပြပါစက်ပစ္စည်းများဝယ်ယူခြင်းအား (DDP Paung Laung) အရောက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

Tender No.32/EPGE/2017-2018

ပြည်ဖြိုးမြစ်စွမ်းအင်နှင့်ရေအားစက်ရုံများဌာန၊ ရေကျင်စက်ရုံအတွက်
(1) DGT 801C Generator-Transformer Protection Device ၏ CPU(A)ကတ် - 1 NO
(2) DGT 801C Generator-Transformer Protection Device ၏ CPU(B)ကတ် - 1 NO

၂။ တင်ဒါပုံစံအားတစ်စောင်လျှင် ကျပ်(၁၀,၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov. mm နှင့် ရုံးရှိကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၆-၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထွက်ရှိသည့် (ဓာတ်ဆီ)၁၀၀၀၀၀၀ဂါလန် (ဂါလန်တစ်သန်းတိတိ)အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁-၂၀၁၈ရက်မှ ၅-၂-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရန်ကုန်ရုံး) ရုံးအမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်နှင့် နေရာ** - ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) ၁၃း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် (၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) ၁၄း၀၀နာရီ

၆။အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်**

## မြန်မာနိုင်ငံ၏ FLEGT VPA လုပ်ငန်းစဉ်အတွက် ရန်ပုံငွေထောက်ပံ့ခြင်း
## တာဝန်ခံမှုရှိသော ထောက်ပံ့ငွေ (Accountable Grants)ပေးအပ်ရန်အတွက်
## စိတ်ဝင်စားသူများလျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်ခြင်း

၁။ ဤသတင်းစာ၌ ၁၉-၁၂-၂၀၁၇ ရက်တွင် ထည့်သွင်းခဲ့သည့် တာဝန်ခံမှုရှိသော ထောက်ပံ့ငွေ (Accountable Grants)ပေးအပ်ရန်အတွက် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ရာတွင် အဆိုပြုလွှာနောက်ဆုံးထားပေးပို့ရမည့်ရက်အား ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ ရက် ညနေ ၅ နာရီအထိ တိုးမြှင့်လိုက်ကြောင်း အသိပေးအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါ Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

http://www.forestdepartment.gov.mm/?q=news/23910
http://www.forestdepartment.gov.mm/?q=news/23909
http://www.myanmatimber.com.mm/index.php/en/annoucements/1101-13-12-2017-03
http://themimu.info/jobs-for-myanmar-nationals

**FLEGT အတွင်းရေးမှူးရုံး**
**အမှတ် ၅၃-၅၄၊ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**Email:flegt.secretariat@gmail.com**
**Telephone:09963541351**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ကျသင့်ငွေ(ကျပ်သန်း) |
|---|---|---|---|
| (က) | ကျားလုံချည်(အကျယ်၇၉"× နံ၄၂") | ၆၀၀၀၀ ထည် | ၂၁၀.၀၀၀ |
| (ခ) | မလုံချည်(အကျယ်၇၂"× နံ၄၂") | ၇၀၀၀၀ ထည် | ၂၄၅.၀၀၀ |
| (ဂ) | စောင် (လ ၈၀"×နံ၆၆") | ၅၀၀၀၀ ထည် | ၁၂၅.၀၀၀ |
| (ဃ) | တဘက်(လ၅၄"×နံ၂၇") | ၅၀၀၀၀ ထည် | ၁၂၅.၀၀၀ |
| (င) | စတီးလ်ဇလုံ(အချင်း ၉.၅") | ၅၀၀၀၀ လုံး | ၃၅.၀၀၀ |
| (စ) | လေးထောင့်ပလတ်စတစ်ပုံး (အဖုံး+လက်ကိုင်ပါလ ၁' ၁၁"၊ န ၁' ၅"၊ မ ၁' ၃") (ဘေးနှစ်ဖက်တွင် ဌာန logo နှင့် စာတန်းများ ဖော်ပြပေးရမည်ဖြစ်ပါသည်) | ၅၀၀၀၀ ပုံး | ၄၅၀.၀၀၀ |
| (ဆ) | ဂေါ်ဇီလာဆပ်ပြာ | ၅၀၀၀၀ တောင့် | ၂၀.၀၀၀ |
| (ဇ) | စတီးလ်ပန်းကန်ပြား(အချင်း ၉") | ၅၅၀၀၀ ချပ် | ၃၈.၅၀၀ |
| (ဈ) | ပလတ်စတစ်ရေချိုးခွက်(အချင်း ၈") | ၅၀၀၀၀ ခွက် | ၂၅.၀၀၀ |
| (ည) | ပီနံအိတ်(အထူ) (လ ၂၆"၊ န ၄၈") | ၄၅၀၀၀ လုံး | ၃၁.၅၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့် ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၉-၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ
(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ်(၂၃)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၀၇၅၊ ၀၆၇-၃၄၀၄၀၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၅/၂၀၁၇-၂၀၁၈ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသားအရွယ်စုံ (တတိယတန်းနှင့်အထက်) (၄၀၅.၃၀၁၃) တန်အား အမေရိကန်ဒေါ်လာ (US $) ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-
(က) ရောင်းချမည့်ရက်နှင့်အချိန် - ၃၀-၁-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ
(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(လားရှိုး)
## 'နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း'

၁။ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် (D.C.Sc)ဘွဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် (B.C.Sc/B.C.Tech) ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ဘွဲ့နှင်းသဘင်ခန်းမ၌၁၇-၂-၂၀၁၈ရက်(စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်းရိုက်ကူးထားသော (၁.၅"×၂") အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့အတွက် ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(လားရှိုး)ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲ အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၉-၇၈၅၂၆၂၆၃၃၊ ၀၉-၇၆၀၉၅၂၆၃၂သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ သဲကောကျေးရွာ မူလွန်(သဲကော) ဒုတိယတန်းမှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကိုမင်း ၁၄/အဂပ(နိုင်)၁၉၁၇၈၈ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးလျှန်ကိုလ်၏သမီး ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်နယ်ပညာရေးမှူးရုံးတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ခွန်ပါရ်လျန်နှင့် နူခွန်ပါရ်လျန် ၄/ထတလ(နိုင်)၀၀၅၄၅၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်ခွန်ပါရ်လျန်(ခ) နူခွန်ပါရ်လျန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် တိုက် ၃၃၅၂ အခန်း ၁၆နေ ဦးတင်အေး၏သား ဦးငွေလွင် ၅/တဆန(နိုင်)၀၉၇၁၇၅ နှင့် ဦးနေမျိုးသူရမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက(ခွဲ) ကွမ်လှာ၊ နဝမတန်းမှ မောင်ဝင်းကိုဦး၏ မိခင်အမည်မှန် မှာဒေါ်စန္ဒာ ၁၀/မဒန (နိုင်)၁၄၅၇၃၈ ဖြစ်ပါကြောင်း။
**ဒေါ်စန္ဒာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေပြည်သာမြို့နယ်နေ မောင်မျိုးမင်းတိုက် (၁၂/ရပသ(နိုင်)၀၉၀၁၁၃) ၏ ဖခင် ဦးတင် ဦး(ခ)ဦးတင် (၁၂/မဘန(နိုင်)၀၆၃ ၃၃၃) အမည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်ဦး(ခ)ဦးတင်**

## တစ်ဦးတည်းဖြစ်ကြောင်း

မသက်မွန်အေး ၅/ရဘန(နိုင်) ၂၁၉၃၈၀၏ဖခင် ရွှေဘိုမြို့နယ်၊ မင်းကုန်းအုပ်စု၊ အိုးဘိုကျေးရွာနေ ဦးဝင်းဇော်ဦး နှင့် ဦးဝင်းဇော် ၇/ပမန(နိုင်)၁၃၇၂၇၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဝင်းဇော်ဦး(ခ)ဦးဝင်းဇော်**

## အမည်ပြောင်း

မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရာကျော်(၂)လမ်းနေ ဦးမောင်မောင်၏ သား မောင်မျိုးမြင့်ဟန် ၁၂/အစန (နိုင်)၁၈၃၇၁၈အား ယနေ့မှစ၍ မောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြင့်မြတ်**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့်

## “အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့”

## တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော

# “ဦးရှိန်ဝင်း”

## ဥက္ကဋ္ဌ၊ တက်လမ်းကုမ္ပဏီများအုပ်စု
## ဥက္ကဋ္ဌ၊ ရွှေပါရမီ ကျန်းမာရေးနှင့်ပညာရေးဖောင်ဒေးရှင်း
## ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်

အတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEA)မှ အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- **နာယကကြီးများနှင့် အကြံပေးများဖြစ်ကြသော**

၁။ ဒေါက်တာဦးလှမောင်၊ သံအမတ်ကြီး(ငြိမ်း)၊ စီးပွားရေးပညာရှင်
၂။ ဦးစိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၃။ ဦးအောင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
၄။ ဦးဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗိသုကာပညာရှင်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
၅။ ဦးအောင်ကြီးမြင့်၊ အင်ဂျင်နီယာချုပ်(ဗိသုကာ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့်တကွ

- **ဗဟိုကော်မတီဝင်အဖွဲ့**

| | | | |
|---|---|---|---|
| ဦးသာဋ္ဌေး | Original Group Co.,Ltd. | ဦးစိုင်းတစ်အောင် | နောင်တုံကုမ္ပဏီလီမိတက် |
| ဦးကျော်ပိုင် | Aung Myanmar Technology Co.,Ltd. | ဦးကြည်လင်း | Linn Construction Co.,Ltd. |
| ဦးအိုက်ထွန်း | Shwe Taung Co.,Ltd. | ဦးမောင်မောင်ကြီး | M.M.G Co.,Ltd. |
| ဦးကိုကိုထွေး | Taw Win Co.,Ltd. | ဦးကျော်စိုး | အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက် |
| ဦးမောင်မောင် | Asia Express Co.,Ltd. | ဦးဇာနည်စိုး | Original Asia Co.,Ltd. |
| ဦးတင်မောင်နိုင် | KOL Global Co.,Ltd. | ဦးနိုင်ထူးလှိုင် | ရွှေရိပ်မွန်ကုမ္ပဏီလီမိတက် |
| ဦးအေးလင်း | မြနန္ဒာဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | ဦးရဲလင်း | ဓနစံရာကုမ္ပဏီလီမိတက် |
| ဦးဉာဏ်သစ်လှိုင် | ZEC Co.,Ltd | ဦးမျိုးသီဟ | M.T.H Const; Co.,Ltd. |
| ဦးတင်အောင်မြင့် | Myo & Myint Brother Co.,Ltd. | ဦးလင်းထိန် | Panwa Development Co.,Ltd. |
| ဦးကျော်ကျော်စိုး | System Engineering Co.,Ltd. | ဒေါ်ချိုသာခင် | Square Power Cement Co.,Ltd. |
| ဦးဝင်းစိန် | National Land Co.,Ltd. | ဦးဝဏ္ဏထွန်း | မြန်မာမဟာထွန်းကုမ္ပဏီလီမိတက် |
| ဦးသက်လင်း | T.Z.T.M Co.,Ltd. | ဦးမျိုးကိုကို | Shine Group Co.,Ltd. |
| ဦးကျော်နိုင်ဦး | Naing Group Co.,Ltd. | ဦးငြိမ်းအောင် | Dynamic Engineering & General Trade Co.,Ltd. |
| ဦးစိန်သစ် | TOSTA Group Co.,Ltd. | | |
| ဦးသာအေး | Nile Industries Co.,Ltd. | ဦးမျိုးမြင့် | M.K.T Co.,Ltd. |
| ဦးသိန်းဟန် | Excel Co.,Ltd. | ဦးစိုးလှိုင် | Shwe Eain Taw Co.,Ltd. |
| ဦးရန်ဝင်း | A-1 Construction Co.,Ltd. | ဦးအောင်မိုး | Shae Tho Engineering Co.,Ltd. |
| ဦးသန်းမြင့် | TOSTA Group Co.,Ltd. | ဦးစိုးမြင့် | Soe Engineering Service Co.,Ltd. |
| ဦးကျော်ကျော်ဦး | Steel King Co.,Ltd. | ဦးသိန်းထိုက်ဦး | Zin U Cho Co.,Ltd. |
| ဦးရွှေကြိုင် | Wah Wah Win Co.,Ltd. | ဒေါ်နန့်စုဒေဝီ | New Step Service Co.,Ltd. |
| ဦးမောင်မောင် | ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | ဦးအောင်ပိုင် | ဖွံ့ဖြိုးအောင်ကုမ္ပဏီလီမိတက် |
| ဦးမြဟန် | Fortune Int'l Co.,Ltd. | ဦးအာကာကြိုင် | တော်ဝင်ကြာဖူးကုမ္ပဏီလီမိတက် |
| | | ဦးဟန်ကြည် | Constructive Engineering Co.,Ltd. |

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**

# ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

AYA Financial Group ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့် အမှတ်(၄၁၆) တွင် ကုမ္ပဏီရုံးခန်းဖွင့်၍ ဘဏ်လုပ်ငန်းလုပ်ဆောင်လျက်ရှိသော ဧရာဝတီဘဏ်လီမိတက်သည် အောက်ဖော်ပြပါ ဘဏ်လုပ်ငန်းအမှတ်တံဆိပ် အမည်-အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၁-၁၂-၂၀၁၇)ရက်စွဲပါ မှတ်ပုံတင်စာချုပ် အမှတ်-(၁၃၉၇၀/၂၀၁၇)၊ (၁၃၉၇၁/၂၀၁၇)၊ (၁၃၉၇၂/၂၀၁၇)၊ (၁၃၉၇၃/၂၀၁၇)၊ (၁၃၉၇၄/၂၀၁၇)၊ (၁၃၉၇၅/၂၀၁၇)၊ (၁၃၉၇၆/၂၀၁၇)၊ (၁၃၉၇၇/၂၀၁၇)ဖြင့် ကုမ္ပဏီ၏မူပိုင် အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

simple ရိုးရှင်း Life is simple

(၁၃၉၇၀/၂၀၁၇)

simple ရိုးရှင်း

(၁၃၉၇၁/၂၀၁၇)

ရိုးရှင်း simple ဘဝက ရိုးရှင်းတယ်

(၁၃၉၇၂/၂၀၁၇)

simple ရိုးရှင်း

(၁၃၉၇၃/၂၀၁၇)

simple ရိုးရှင်း

(၁၃၉၇၄/၂၀၁၇)

ရိုးရှင်း simple

(၁၃၉၇၅/၂၀၁၇)

simple ရိုးရှင်း Life is simple

(၁၃၉၇၆/၂၀၁၇)

ရိုးရှင်း simple ဘဝက ရိုးရှင်းတယ်

(၁၃၉၇၇/၂၀၁၇)

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများသည် ဧရာဝတီဘဏ်လီမိတက်၏ မူပိုင်အမှတ်တံဆိပ်ဖြစ်ပြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ချမှတ်လုပ်ကိုင်ခွင့်ပြုထားသော ဘဏ်ဝန်ဆောင်မှုများနှင့်တကွ ဖုန်းနှင့်ကွန်ပျူတာတို့တွင်အသုံးပြုမည့် Application အမျိုးမျိုး၊ Software အမျိုးမျိုးတို့ကို လုပ်ကိုင်ဆောင်ရွက်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသနှင့် အစိတ်အပိုင်းကိုသော်လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားတုပ ပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မိုးနိုင်**
B.A.(Law).,LL.B.
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၁)

**ဒေါ်နီဝမ်းလှိုင်အောင်**
LL.B.,DA(UK).,Dip in Thai(YUFL).,DBL.,DIPL.
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)

အမှတ် ၄၁၆၊ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၅၉၆၆၃၊ ၀၉ ၄၂၀၂၂၃၈၈၈

ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂. ၁၁)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏
ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့ကဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။


မြန်မာစာစိန်ဝင်လုံး(Top-3)ဆုရမောင်မင်းခန့်မွန် | ၅-ဘာသာဂုဏ်ထူးရှင်(မောင်နေမျိုးအောင်) | ၄-ဘာသာဂုဏ်ထူးရှင်(မောင်ပိုင်ဖြိုးထွန်း) | ၃-ဘာသာဂုဏ်ထူးရှင်(မောင်ပြေဦးမောင်) | ၃-ဘာသာဂုဏ်ထူးရှင်(မထားထားဦး)
၂-ဘာသာဂုဏ်ထူးရှင်(မောင်အောင်ကျော်ကျော်စိုး) | ၂-ဘာသာဂုဏ်ထူးရှင်(မောင်စစ်သွေး) | ဘောဂဗေဒဂုဏ်ထူးရှင်(မမေသီတာရှိ) | နဝမတန်းပထမဆုရ(မောင်ဟိန်းထက်အောင်) | အဌမတန်းတိုင်းစစ်(A)အဆင့်ရ(မစောထူးစန္ဒာ)

၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၈-၁၉
ပညာသင်နှစ် အတွက်
ကျောင်းအပ်လက်ခံပြီ

အင်္ဂလိပ်ဘာသာပြဆရာ အလိုရှိသည်။
(၉/၁၀ တန်းသင်ကြားရေး စာစစ်အတွေ့အကြုံရှိသူ၊ Green Card ရှိသူ ဖြစ်ရမည်။)

တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။
Ferry ရှိသည်

အမှတ် ၁၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁။ ၀၉ ၄၄၅၃၄၀၀၇၇။ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၁ ၈၅၆၂၈၃၀

ရွှေဘုန်းပြည့် Travel & Tour 2018
အမှတ်(၇၄၈)ပထမထပ်၊ဇဋ္ဌိလလမ်း(၁၆/၁)ရပ်ကွက်၊သဃ်န်းကျွန်း
01.8566101 ,09 73060048 , 09 443060048

*ပန်ကောက်-စင်ကာပူ-မလေးရှား(၁၀ရက်) *ပန်ကောက်(၆ရက်)
*ဗီယက်နမ်(၄ရက်)(၅ရက်)(၆ရက်) *ကချနဘူရီ(၃ရက်)
*စင်ကာပူ-မလေးရှား(၇ရက်) *ဂျပန်(၈ရက်) *ခေါင်ရှိုင်(၃ရက်)
*ကမ္ဘောဒီးယား(၅ရက်) *စင်ကာပူ(၈ရက်) *ဟွာဟင်(၃ရက်)
*နီပေါ-ဘူတန်(၈ရက်) *ပီကင်း(၈ရက်) *ချင်းမိုင်(၄ရက်)
*ကိုရီးယား(၈ရက်) *ဟောင်ကောင်(၈ရက်) *ဘာလီ(၅ရက်)
*စစ်တွေ-ကျောက်တော်-မြောက်ဦး(၃ရက်) *ထိန်ချုန်း-ပန်ဝါ(၄ရက်)

ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း၊ 09-5401011, 09-73095677,09-5002931

ပုသိမ်ပေါ် ဆန်းမွှေး
ရှယ်ကြီး
52000Ks အရောက်ပို့
:01512443, 0973017656, 095055574

Air Con အဟောင်း / အပျက်များ
ဈေးကောင်းပေးဝယ်သည်။
Ph: 09 73095950
09 765085850

ကွန်တရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ။

ခရသင်း၊ သမင်ဖြူ
အရေပြားရောဂါအထူးကုဆေးခန်း
တိုက်အမှတ် (၁)၊ ၄-လွှာ၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၁ ၂၀၀၄၉၁၊ ၀၉ ၅၀၄၁၂၃၈။

အသည်းရောဂါအမျိုးမျိုးအတွက် အစွမ်းထက် သဘာဝသမြားနီဥဖြင့် ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်ထားတဲ့




ဆရာမြင့်ဆွေ
စကြာမင်း သမြားနီ အသည်းဆေး
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 013845(1020)
သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်းပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။
ပင်ရင်း -စကြာမင်း တိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၄၅၁၁၉။
စကြာမင်း ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ် (၈/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၉၇၅၂၄။

VICTORIA UNIVERSITY COLLEGE
ကျောင်းသားရေးရာဌာန
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄

## တက္ကသိုလ်ဝင် စာမေးပွဲ မအောင်မြင်သူများအတွက် မဟာအခွင့်အရေး

" If you shed tears when you miss the sun, you will also miss the stars."
- *Rabindranth Tagore*

"နေမင်းကြီးနဲ့ လွဲသွားလို့ သင်မျက်ရည်တွေ စီးကျပြီး ကြေကွဲနေမယ်ဆိုရင် ကြယ်တာရာတွေနဲ့ ပါလွဲချော်သွားလိမ့်မယ်" ဆိုတဲ့ စကားကို တစိမ့်စိမ့်တွေးကြည့်ပါ။

တက္ကသိုလ်ဝင်စာမေးပွဲ မအောင်လို့ စိတ်ဓာတ်ကျစရာမလိုပါ။ ဗြိတိန်နိုင်ငံက ချီးမြှင့်တဲ့ International High School Graduation Certificate ကို အရယူပေးမယ့် Victoria University College က ဖွင့်လှစ်တဲ့ University Preparation Programme (UNIPREP) တက္ကသိုလ် အကြိုပြင်ဆင်မှု သင်တန်းကို တက်ရန်ဆုံးဖြတ်ပါ။ Uniprep သင်ယူပြီးပါက Victoria University College တွင် သာမက၊ နိုင်ငံတကာ တက္ကသိုလ်များတွင်ပါ ဆက်လက် ပညာဆည်းပူးခွင့်ရပါမည်။

• တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအား ယင်း Uniprep သင်တန်းကို January, 2018 တွင် စတင်သင်ကြားမည်။

တက္ကသိုလ်ဝင်စာမေးပွဲ လုံးဝမဖြေဘူးသူများ Uniprep တက်ခွင့်မပြုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသော်လည်း မအောင်မြင်သူများသာ သင်ယူခွင့်ရပါမည်။




နျူထရီဗိုက်တာမှာ ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ် ၁၅ မျိုး ပါဝင်တဲ့အတွက် ကိုယ်ခံစွမ်းအားကို အမြင့်ဆုံးအထိ မြှင့်တင်ပေးပြီး ကိုယ်ခန္ဓာကို တစ်နေ့တာလုံး ကျန်းမာအားပြည့်စေပါတယ်။ ဒါကြောင့် နျူထရီဗိုက်တာကို တစ်နေ့တစ်လုံး သောက်သုံးပြီး ကိုယ်ခန္ဓာကို ၁၀၀% အားဖြည့်လို့ တစ်နေ့တာ လှုပ်ရှားမှုအားလုံးအတွက် လုံလောက်တဲ့အားအင်ကို ရယူလိုက်ပါ။



အစာစားပြီးတိုင်း တစ်နေ့တစ်လုံး

# မြန်မာ-ဂျပန် ချစ်ကြည်ရေး အထိမ်းအမှတ် ဒုတိယအကြိမ် ချယ်ရီပန်းပင်စိုက်ပျိုးရေးပွဲတော်အခမ်းအနား ကျင်းပ

## ချယ်ရီပင်များသည် မြန်မာနှင့် ဂျပန်နိုင်ငံအကြား ရင်းနှီးချစ်ကြည်ရေး၊ နွေးထွေးစွာ ဆက်ဆံရေးကို ခိုင်မာစွာဖွဲ့နှောင်ထားသည့် အမြဲတည်မြဲနေမည့် သင်္ကေတဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုဖြင့် အနာဂတ်လူငယ်များ ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးစဉ် ဒေသတစ်ခုအဖြစ် ပေါ်ထွက်ရေးဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာ-ဂျပန် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ဒုတိယအကြိမ် ချယ်ရီပန်းပင်စိုက်ပျိုးရေးပွဲတော် (Second Sakura Festival Myanmar)အကြို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲကို ဇန်နဝါရီ ၁၃ ရက် ညပိုင်းတွင် နေပြည်တော်ရှိ

*စာမျက်နှာ ၅ ကော်လံ ၁* ❖



မြန်မာ-ဂျပန် ချစ်ကြည်ရေး အထိမ်းအမှတ် ဒုတိယအကြိမ် ချယ်ရီပန်းပင်စိုက်ပျိုးရေးပွဲတော် အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# အာရှ ချန်ပီယံလိဂ် ပထမအဆင့် ခြေစစ်ပွဲအဖြစ် ရှမ်းယူနိုက်တက်နှင့် ဆီရက်စ်အသင်း ယှဉ်ပြိုင်မည်





အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကစားရမည့် ရှမ်းယူနိုက်တက်အသင်းသားများ။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဇန်နဝါရီ ၁၄**

၂၀၁၈ ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ပထမအဆင့်ကို ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်လိဂ် ချန်ပီယံ ဆီရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲကို ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းလက်ခံကစားခွင့်ရမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည် ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် ပထမအဆင့်၌ လေးသင်းပါဝင်နေကာ ရှမ်းယူနိုက်တက်-ဆီရက်စ်ပွဲအပြင် အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းနှင့် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းတို့၏ပွဲလည်း ပါဝင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ရာသီတွင်

*စာမျက်နှာ ၁၃ ကော်လံ ၅* ❍

## ဇန်နဝါရီ ၁ ရက်မှ ၁၄ ရက်အထိ (၁၉)ကြိမ်မြောက် ငလျင်လှုပ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁ရက်မှ ၁၄ ရက်အထိ (၁၉)ကြိမ်မြောက်ငလျင် ယနေ့နံနက်ပိုင်းက လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရှိရသည်။

**အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၅၉ မိနစ် ၄၉ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် (၁၀၅) မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံအတွင်း ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း သိရှိရသည်။

**သတင်းစဉ်**


နွေ ဂုဏ်ထူး မြန်မာစာ
မြန်မာစာ အတတ်သင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
◆ တစ်စီစာကုံး အထူးတန်းများ ◆ သဒ္ဒါ ◆ (၈၊၉၊၁၀)သင်ရိုးကုန်
တစ်ခွဲစီသာ ပြီးလဲပြီးစေ ပိုင်လဲပိုင်စေသည်။
ကျန်းမာရေး၊ အသိ၊ သတိ အရ
နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်။
◆ မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၀၀(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၁၉၊ ၀၉ ၅၅၀၀၅၅၀၅၂၊ ၀၉၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
◆ နေ့တက် ဘော်ဒါ လက်ခံသည်၊ ကိုယ်တိုင်လာရောက် စုံစမ်းကြည့်ပါ။ ထူးခြား၍ ထူးချွန်ရမည်။
ပညာရေးအဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
● မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ရွှေစီတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၁၀၁၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာ နေအုပ်(စိန်ပေါ်လ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်


